သိုင်းစာစဉ်များpage
Alien-ချစ်စုလိုင်
တက္ကသိုလ်
နေလင်းအောင်
မြစိမ်းရောင်ရှင်၏ လျို့ဝှက်ဏာလမ်း
၄-အုပ်တွဲသိုင်းစာစဉ်
ကျင်းထုံ၏ စန်းရှကျင်းထွေး
စာစဉ် (၁)
2007

ဘဏ္ဍာသိန်
ဗန္ဓုလမင်းဝေဒင်
မြစိမ်းရောင်ရှင်၏
သို့ဝတ်ဆာတိုလေမိုး
ကဏ္ဍ (၁)

ပြစ်ကပ္ပ ဘာသာပေါ (2)
စာကြည့်တိုက်မှ ထုတ်ယူသွားသည်

တက္ကသိုလ်

နေလင်းအောင်

မြစိမ်းရောင်ရှင်၏လျှို့ဝှက်ဘေဒါလမ်း

(စာစဉ်-၁)

ပြစ်ကပ္ပ ဘာသာပေါ (2)
စာကြည့်တိုက်မှ ထုတ်ယူသွားသည်

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၄၃၀၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၇၆၀၀၀၇

၂၀၀၇ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာခုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H) ၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဇိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံ့ဧကာ်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ နိုင်ငံမာသည့် မှဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်မှဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဧတော်မီဖွဲ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးဆွစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြွရွင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ပျစ်ကပ်ဘာသာစေတ(2)
•••ဆရာ•••စစ်ဆေးပြီး

အခန်း(၁)

မြင်းတစ်စီးနှင့် လူတစ်ယောက်

လမင်းကြီးသည် ပြည့်ပြည့်ဝဝသာနေသည်။

ဝူးဟော်မြို့ကလေးသည် လရောင်အောက်၌ ဒဏ္ဍာရီဆန်ဆန် လှပနေ၏။

ပထမဦးဆုံးအကြိမ် မြင်တွေ့ရသူအဖို့ အိပ်မက်နိုင်ငံဖြစ်နေပေ လိမ့်မည်။

မြို့ကလေး၏ အနောက်ဘက်တွင် ဘော်ဒွေရောင် နှင်းဖုံးတောင်တန်းကြီးများကို နီးစပ်စွာတည်ရှိနေသည်ဟု ထင်မှတ်ရ၏။

သေချာစွာကြည့်လိုက်ပါက လရောင်ကြောင့် အထင်အမြင်မှား ခြင်းသာဖြစ်ကြောင်း တွေ့ရှိရသည်။

အမှန်မှာ ဤမြို့.ကလေးသည် နှင်းဖုံးတောင်တန်းကြီးများ မြစိမ်းရောင်နက်မှောင်နေသော သစ်တောအုပ်ကြီးတစ်ခု ခြားနေပေသေးသည်။ ထိုသစ်တောသည် တောအလွန်နက်သည်။

သစ်တောအုပ်ကြီးသည် လျှိုမြောင်ချောက်ကမ်းပါး ပေါများသည်။ သားရဲတိရစ္ဆာန်များလည်း ပေါများသည်။

ထို့ကြောင့် ....

ဤကဲ့သို့ လထိန်ထိန်သာသာ ညမျိုးဌ် မည်သည့်လူသားမျှ တောစပ်သို့ မကပ်ရဲကြချေ။

လပြည့်ညများဌ် ဤတောထဲရှိ သားရဲတိရစ္ဆာန်ဆိုးများသည် အရိုင်းစိတ်မြူးကြွကာ တွေ့မြင်သော လူသားမှန်သမျှကို သတ်ဖြတ်ကုတ်ဝါးချ စားသောက်တတ်ကြသောကြောင့်ပင်တည်း။

ဝါရင့်မုဆိုးကြီးများပင် လပြည့်ရက်ပိုင်းဌ် မိမိတို့အိမ်တွင် နေထိုင်ကာ ဝက်ပေါင်ခြောက်နှင့် အရက်သောက်ရင်း အနားယူကြသည်။

မည်သည့်မုဆိုးမျှ အမဲမလိုက်ရဲကြ။ တောမဝင်ရဲကြပေ။

အန္တရာယ်သည် အလှအပကို အရေခြုံလျက် သားကောင်ကို မြူဆွယ်တတ်သည်။

လပြည့်ည သစ်တောစိမ်းကြီးသည်လည်း အစွမ်းကုန်လှပနေလေသည်။

အလှအပ၏ နောက်ကွယ်တွင် အန္တရာယ်သည် ပုန်းကွယ်ဝပ်လျှိုးလျက်ရှိသည်ကို ဝူးဟော်မြို့.သားတိုင်း သိကြ၏။

အကယ်၍ ....

တစ်စုံတစ်ယောက်သည် ငွေလရောင်ဆမ်းသော သစ်တောစိမ်းကြီး၏ အလှအပကို ယစ်မူးပြီး သစ်တောစပ်သို့ ယောင်မှားချဉ်းကပ်သွားမိလျှင် ကြီးမားသောအန္တရာယ်သည် အသင့်စောင့်ဆိုင်းလျက်ထိုသူကို မရဏာနိုင်ငံသို့ ခေါ်ဆောင်သွားပေလိမ့်မည်။

လပြည့်ည။

သစ်တောစိမ်း .... ။

လရောင် ....

အရိုင်းစိတ်ဝင်နေသော သားရဲတိရစ္ဆာန်များ။

မသိဝိုးတဝါး လမ်းမှားရောက်လာသည့် လူသားအတွက် ပြန်လမ်းမဲ့သော မရဏာအန္တရာယ် သစ်တောစိမ်း .... ။

ဤထိတ်လှဲ့ကြောက်မက်ဖွယ်များအကြောင်းကို ဝူးဟော်မြို့.တွင် နေထိုင်ကြသူတိုင်း သိကြသည်။

ထို့ကြောင့် ယခုလို လပြည့်ညများတွင် မည်သူမျှ သစ်တောစိမ်းကြီးအနီးသို့ မချဉ်းကပ်ကြ။ ရွှေတစ်ပိသာပေးမည်ဆိုလျှင်လည်း မသွားရဲကြ။

စိန်တစ်ပြည်တောင်းပေးမည်ဆိုလျှင်လည်း ငြင်းကြပါလိမ့်မည်။

လူအသက်က ဥစ္စာပစ္စည်းထက် ပို၍တန်ဖိုးရှိသည် မဟုတ်ပါလော။

သို့သော် လောကသည် အံ့ဖွယ်သရဲ မယုံကြည်နိုင်စရာများ ရှိနေတတ်၏။

ထိုမရဏအန္တရာယ် လွှမ်းခြုံနေသော သစ်တောစိမ်းကြီးထဲမှ မြင်းတစ်ကောင်ကို ဒုန်းစိုင်းစီးလျက် လူတစ်ယောက် ထွက်ပေါ်လာခဲ့ပြီ။

လင်းထိန်နေသော လရောင်အောက်၌ ထိုလူ၏သဏ္ဌာန်သည် ထင်ရှားပီပြင်နေ၏။ မြင်း၏ ကျောပေါ်တွင် ဝပ်လျက် တရိပ်ရိပ်ပြေး ထွက်လာနေ၏။

သူလက်ယာဘက် လက်အတွင်းမှ မားရောင်သည် လရောင်ဖြင့် တလက်လက် တောက်ပနေသည်။

ဤအချိန် သစ်တောစိမ်းကြီးထဲက ထွက်ပေါ်လာသော ထိုသူကိုသာ ဝူးဟော်မြို့သူမြို့သား များ မြင်ရလျှင် 'မိုက်ကန်းလေ့' ဟု အပြစ်တင်ကြမည်မှာ သေချာ၏။

အမှန်ပင် .... ။

ထိုသူ မိုက်ကန်းလေသလား။

အဖြစ်မှန်မှာ သူသည် မမိုက်ကန်းပေ။ သူရသတ္တိရှိလွန်း၍ စွန့်စားခန်းကို တမင်ရှာဖွေသည်လည်းမဟုတ်။

မလွဲမရှောင်သာ အရေးကြီးသည့် ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကြောင့် ဤသစ်တောစိမ်းထဲက သူ ဖြတ်သန်းခဲ့ရခြင်း ဖြစ်ပါသည်။

အန္တရာယ်ကြီးမားကြောင်းကို သူ သိပါ၏။

သိသည်ဆိုသည်မှာ ပြောသံကြားဖြင့်မဟုတ်။ လေသံကြားမဟုတ် .... ။

ကောလဟလမဟုတ် .... ။ သူ့ကိုယ်တွေ့ .... ။ မကြာခင် လက်တလောကပင် အန္တရာယ်များ သူ ရင်ဆိုင်ခဲ့ရသည်။

သားရဲတိရစ္ဆာန်များသည် သစ်တောစိမ်းကြီးထဲတွင် ပြေးလွှားနေခဲ့သော သူမြင်းနောက်သို့ အော်ဟစ်ဆူညံလျက် သားရဲမင်းရဲစီးကာ ပြေးလွှားလိုက်လာခဲ့ကြသည်။

ခုန်၍ ထိုးဟပ်လာသော တောခွေးများကို သူ့မြားနှင့် ပိုင်းခဲ့ရသည်။ မြေခွေးနှင့် ဝံပုလွေများကလည်း သူမြင်းကို ကိုက်ခဲရန် ကြိုးစားသည်။ သူ၏ မြင်းလိမ္မာကြီးသည် အဟုန်ပြင်းစွာ ပြေးလွှားကပင် အန္တရာယ်သားကောင်များကို ကန်ကြောက်ပစ်နိုင်ခဲ့၏။

တစ်ကြိမ်၌ တောခွေးများနှင့် ရွှမ်ထွေးခုတ်ထစ်နေရစဉ် အင်ကြင်းပင်ကြီးပေါ်မှ အသင့်စောင့်ဆိုင်းနေသည့် ကျားသစ်တစ်ကောင်က သူအပေါ်သို့ ရိပ်ခနဲ ခုန်အုပ်လေသည်။

မိမိအပေါ်သို့ အဟုန်ပြင်းစွာ လွှားခနဲရောက်လာသည့် ကျားသစ်ကို အနီးသို့ အတန်ကပ်မှ မြင်လိုက်ရ၏။ ကြိုတင်သိရလျှင် ကြိုတင်ကာကွယ်နိုင်မည်။ သူ၏တောင်ဖြိုဓားချက်က ကျားသစ်အား ခုတ်ပိုင်းနိုင်ခဲ့သည်။

မရဏာပြည်သို့ သွားခဲ့လေပြီ။

ခုတ်ချလိုက်သောအားနှင့် လွှားခနဲ ဝင်လာသည့် ကျားသစ်၏ ကိုယ်ရှိန်တို့ ပေါင်းဆုံမိကြ၏။

စက္ကူဖြင့်လုပ်ထားသော ကျားရုပ်ကို ဆွဲဖြိုလိုက်သကဲ့သို့ အသံမြည်ပြီး ကျားသစ်မှာ ဦးခေါင်းမှ မြီးဆောင်ရိုးသို့တိုင်အောင် ထက်ခြမ်းကွဲသွားခဲ့သည်။

ကျားသစ်သည် အသက်ငင်သော ထိတ်လန့်ဟိန်းဟောက်သံပင် ကြာရှည်မဟစ်နိုင်ခဲ့ပေ။

သွေးများသည် သူ၏ဖြူဖွေးသော ဝတ်ရုံပေါ်သို့ စွန်းထင်ရှိသွားပေပြီ။

သူသည် ယခုမှသာ သွေးစိုရွှဲခဲ့သည် မဟုတ်ပေ။

သူဖြတ်သန်းခဲ့သည့် လမ်းတစ်လျှောက် ခယောင်းတောကဲ့သို့ သွေးလွှမ်းခရီး ဖြစ်ခဲ့ရသည်တကား။

မောပန်းနေပြီဖြစ်သော်လည်း အားကုန်သွန်လျက် ပြေးနေဆဲရှိသော မြင်းနှက်ကြီးပေါ်တွင် သူသည် ခါးကိုဆန့်လိုက်ပြီး အနောက်ဘက်သို့ သမင်လည်ပြန်လှည့်ကြည့်၏။

သစ်တောစိမ်းကြီးသည် တဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့ပြီ။

သစ်တောစိမ်းကြီးက သူ့ကို "နောက်တစ်ခါ အလှည့်ကြုံရင် ဆုံကြသေးတာပေါ့ ကောဖေးဟုန်ရေ .... " ဟူ၍ နှုတ်ဆိတ်နေသယောင်။

ကောဖေးဟုန် သက်ပြင်းချမိသည်။

စိတ်ကိုလျှော့လိုက်သဖြင့် ပင်ပန်းနွမ်းနယ်မှုက တစ်ကိုယ်လုံးကို ဖိစီးလာသည်။

ဤမြင်းနှင့် ခရီးပြင်းနှင်လာခဲ့ရသည်မှာ သုံးရက်နှင့် သုံးညရှိပြီ။ မြင်းကြီးသည် မွန်ဂိုစပ်မြင်းကြီးဖြစ်၏။

ထို့ကြောင့်သာ ....

ဤမျှခံနိုင်ရည် ရှိခြင်းဖြစ်သည်။

သူတစ်ကိုယ်လုံး ကိုက်ခဲနေသည့်အပြင် .... ဝမ်းဗိုက်ကလည်း တကြွတ်ကြွတ်မြည်နေ၏။

ထမင်းနှင့် ဟင်းကို မစား‌ခဲ့ရသည်မှာ သုံးရက်ရှိပြီ မဟုတ်ပါလား။

သူသည် မဝေးတော့ပြီဖြစ်သော ဝူးဟော်မြို့ကလေး‌ဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။ သူမျက်စိထဲမြင်နေသည်မှာ တည်းခိုခန်းပင်တည်း။

မြို့ထဲရောက်လျှင်တော့ တည်းခိုခန်းတစ်ခုခုတွင် အခန်းတစ်ခုဌား၍ အစားကောင်း အသောက်ကောင်းများ အခန်းထဲမှယူကာ တဝကြီးစားလိုက်မည်ဟု တွေးမိသည်။ သူလက်တွင်းမှ ဆောင်‌ခြင်းကို ခြေအိမ်အတွင်း သွင်းလိုက်သည်။

ခြင်းနှင့် ဝါးအိမ်သည်လည်း သွေးများဖြင့် စိုးကပ်နေသည်။ ကျောက်မျက်ရတနာ စိခြယ်ထားသော ခြင်းအိမ်သည် သွေးများဖြင့် စိုးကပ်နေလေ၏။

သွေးများကြောင့် ရတနာများ၏ အရောင်မှာ မတောက်ပတော့ချေ။

သာမန်ခြင်းအိမ်တစ်ခုကဲ့သို့သာ ထင်မှတ်ရတော့သည်။

ကော့ဖေးဟုန်က မြင်းကောက်ကြီးကို အသာဆွဲလိုက်သည်။

မြင်းနောက်ကြီးကလည်း အလိုက်သိစွာဖြင့် အပြေးနှုန်းကို တစ်ဝက်မျှ နှေးလိုက်ပြီး မနှေးမမြန် ခြေလှမ်းသွက်သွက်ဖြင့် ဆက်ပြေးသည်။ မြင်းနောက်ကြီးကို အနားပေးလိုက်ခြင်းဖြစ်သည်။

ကော့ဖေးဟုန်က မြင်းနောက်ကြီး ဦးခေါင်းအနီးသို့ ကိုယ်ကိုကိုင်းငုံ၍ ....

"ခင်ဗျားကြောရင် တည်းခိုခန်းတစ်ခုခုရဲ့ မြင်းစောင်းထဲမှာ အစားကောင်းကောင်းစားပြီး အနားယူအိပ်စက်ရတော့မှာပါ မြင်းကြီးရယ်"

မြင်းနောက်ကြီးက သခင်ပြောသည်ကို နားလည်လေဟန်ဖြင့် အသံတိုးတိုးဟီ၍ တုံ့ပြန်သည်။

မဟူရာအမည်ရှိ ဤမြင်းနောက်ကြီးသည် လည်တံကိုမော့လိုက်ပြီး ဝူးဟော်မြို့ကလေးသို့ဝင်သည့် လမ်းမကြီးပေါ်သို့ သွက်လက်သော ခြေလှမ်းများဖြင့် လွှားခနဲဝင်လိုက်သည်။

ထိုစဉ် ....

မြို့အဝင်ရှိ .... ရှေးဟောင်းဘုန်းတော်ကြီး ကျောင်းအိုကြီး၏ အမှောင်ရိပ်အကွယ်သို့ လူရိပ်တစ်ခု တိုးကပ်သွားသည်။

ဝိန်ပါးသွယ်လှသော ထိုလူရိပ်သည် မြင်းကို အသော့နှင့်၍ မြို့တွင်းသို့ဝင်သွားသော ကော့ဖေးဟုန်၏ နောက်ကျောကို ငေးကြည့်နေမိတော့သည်။

လမ်းထောင့်ချိုးတွင် ကော့ဖေးဟုန် ဝင်ရောက်ပျောက်ကွယ်သွားသောအခါ ထိုလူရိပ်ထဲမှ တိုးညင်းသော ရယ်မောသံ ထွက်လာလေတော့သည်။

မည်သို့သော ရယ်မောသံပေနည်း

ထိုရယ်မောသံမှာ ယောကျ်ားတစ်ဦး၏ ရယ်မောသံတော့ မဟုတ်ချေ။

ငယ်ရွယ်နုပျိုသည့် မိန်းကလေးတစ်ဦး၏ ရယ်မော သံသာ ဖြစ်ပါလေ၏။

အခန်း(၂)

ရန်စသူများ

"ရွှေနဂါး" တည်းခိုခန်း။

ထိုတည်းခိုခန်းရှေ့၌ မြင်းဇက်သတ်ပြီး ရပ်လိုက်သည်။ သူသည် တည်းခိုခန်းကို တစ်ချက်အကဲခတ်သည်။

ထို့နောက် ကော့ဖေးဟုန် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်သည်။ တည်းခိုခန်းအဝတွင်ရှိသော တံခါးစောင့်က သူ့အနီးသို့ ရောက်လာ၏။

ဝူးဟော်မြို့၏တည်းခိုခန်းများမှာ အောက်ထပ်တွင် စားသောက်ခန်းမများနှင့် တွဲဘက်ဖွင့်ထားတတ်သည်။

အစားအသောက်အပြင် အဖျော်ယမကာနှင့် အရက်မျိုးစုံရတတ်သည်ထိုအထဲတွင်ဝါးရွက်စိမ်းအရက်မှာအကောင်းဆုံးဖြစ်လေ၏။

ယခုလည်း ရွှေနဂါးတည်းခိုခန်း အောက်ထပ်ခန်းမထဲတွင် အစားအစာနှင့် အရက်သေစာကို မှာယူစားသောက်နေသူတို့၏ ကျယ်လောင်ဆူညံသော စကားပြောသံများက လမ်းမသို့ပင် လှိုက်ထွက်နေ၏။

ကော့ဖေးဟုန်က မြင်းဇက်ကြိုးကိုဆွဲယူ၍ အနီးသို့ရောက်လာသော တံခါးစောင့်ထံ လှမ်းပေးလိုက်သည်။

ကော့ဖေးဟုန်က ....

"ကျွန်တော့်မြင်းကို မြင်းစောင်းထဲပို့ပြီး အစာကောင်းကောင်းကျွေး .... အနားပေးလိုက်ပါဗျာ .... ဒီအတွက် ခင်ဗျား မနစ်နာစေရပါဘူး .... "

သို့သော် တံခါးစောင့်အဘိုးကြီးက ကော့ဖေးဟုန် လှမ်းပေးသော မြင်းဇက်ကြိုးကိုမယူဘဲ ကော့ဖေးဟုန်၏ ခန္ဓာကိုယ်ကိုသာ စူးစိုက်ကြည့်နေသည်။

တည်းခိုခန်းတံခါးပေါက်မှ ဖြာထွက်နေသော မီးရောင်အောက်တွင် ကော့ဖေးဟုန်၏ ဝတ်စုံဖြူ၌ စွန်းထင်နေသည့် သွေးကွက်နီရဲရဲများက ထင်းနေသည်။ ဝတ်စုံနီအလားပင်။

တံခါးစောင့်အဘိုးကြီးမှာ နောက်သို့ ခြေလှမ်းဆုတ်သွားသည်။

"ဆရာလေးက ဒီမြို့သားဟုတ်ဟန် မတူဘူး .... လူစိမ်းတစ်ဦး

နဲ့ တူတယ် .... "

သူက စူးစမ်းဟန်ဖြင့် မဝံ့မရဲမေးသည်။

ကော့ဖေးဟုန်က ယဉ်ကျေးစွာဖြင့် ပြန်ဖြေ၏။

"ဟုတ်ပါတယ် ခင်ဗျာ .... ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စလေးတစ်ခုအတွက် ခရီးထွက်လာရင်း ဒီမြို့မှာ ခေတ္တဝင်နားတာပါ။ မနက်ဖြန်ဆိုရင် ခရီးဆက်ပါမယ် .... အခု ဒီတည်းခိုခန်းမှာ အခန်းတစ်ခုလောက် ညအိပ်ဖို့အတွက် ငှားမလို့ပါ .... "

တံခါးစောင့်အဘိုးကြီးက ခေါင်းကို ယမ်းခါပြသည်။

ထို့နောက် သူနောက်ဘက်ရှိ ရွှေနဂါးတည်းခိုခန်းတံခါးဝတွင် ချိတ်ဆွဲထားသော အနီရောင်ဆိုင်းဘုတ်ကလေးကို လက်ညှိုးထိုးညွှန်ပြသည်။

ယနေ့ည အခန်းငှားရန် မရှိတော့ပါ။

"ဟာ .... ဒုက္ခပါပဲ .... ကျွန်တော် သိပ်ပင်ပန်းနေပြီဗျာ .... ဒီည မအိပ်ရရင်တော့ မလွယ်ဘူး .... "

ကော့ဖေးဟုန်က လွတ်ခနဲ ညည်းမိသည်။

တံခါးစောင့်အဘိုးကြီးသည် အလွန်ပင်ပန်းနွမ်းနယ်နေဟန်ရှိ

သော ကော့ဖေးဟုန်ကိုကြည့်ပြီး ကရကာသက်သွားသည်။

"ဟိုဘက်မှာ တခြားတည်းခိုခန်းတွေရှိပါသေးတယ်ကွယ် .... ဒီမြို့မှာ တည်းခိုခန်းမရှားပါဘူး .... "

သူသည် လမ်းမကြီး၏ အနောက်ဘက်သို့ ညွှန်ပြလိုက်သည်။

ကော့ဖေးဟုန်က ဦးညွတ်၍ ကျေးဇူးတင်ကြောင်း အထိမ်းအမှတ်ပြသည်။ ထို့နောက် မြင်းပေါ်သို့ ပြန်မတက်တော့ဘဲ ဇက်ကြိုးကိုဆွဲကာ လမ်းမကြီးအတိုင်း အနောက်ဘက်သို့ လျှောက်ထက်သွားလေတော့၏။

သူသည် တည်းခိုခန်းတစ်ခုရှေ့သို့ လျှောက်လာပြန်သည်။

ချိုကျွမ်းတည်းခိုခန်း .... ။

တည်းခိုခန်းထဲတွင် စားသောက်ပျော်ပါးနေသူများ၏ ဆူညံသံများကို ကြားရသည်။

သို့သော် .... ကော့ဖေးဟုန် စိတ်ပျက်စွာဖြင့် သက်ပြင်းချလိုက်၏။ အဘယ့်ကြောင့်ပါနည်း။

"ယနေ့ည အခန်းငှားရန်မရှိ" ဟူသော ဆိုင်းဘုတ်ကလေးက တံခါးဝတွင် ချိတ်ဆွဲလျက်ရှိနေသောကြောင့်တည်း။

"ဖန်နန်' တည်းခိုခန်းကို တွေ့ပြန်သည်။

သည်တစ်ခါတော့ အဆင်ပြေပြီဟု ထင်လိုက်သည်။

တံခါးဝတွင် မည်သည့်ဆိုင်းဘုတ်မျှ မရှိချေ။

ဆိုင်တွင်းသို့ လှမ်းဝင်ရန် ခြေလှမ်းပြင်စဉ်မှာပင် .... ဆိုင်ထဲမှ အလုပ်သမားတစ်ဦး ခပ်သုတ်သုတ် ထွက်လာ၏။

သူလက်ထဲတွင် ဆိုင်းဘုတ်ငယ်တစ်ခု ပါလာ၏။

ဆိုင်ဝသို့ရောက်လျှင် တံခါးဘောင်ပေါ်၌ ဆိုင်းဘုတ်ကလေးကို ချိတ်ဆွဲလိုက်၏။ ဆိုင်းဘုတ်ကလေးမှာ ထုံးစံအတိုင်းပင်။

ယနေ့ည ငှားရန်အခန်းမရှိ။

"ဘယ်လိုဖြစ်နေတာပါလိမ့်၊ တည်းခိုခန်းတွင် အားလုံးအခန်းငှားဖို့ မရှိလောက်အောင် ဒီညမှ ဒီမြို့ကို ဘယ်ကခည်သည်တွေ စုပြီးရောက်လာပါလိမ့် .... "

သူသည် ညည်းညူပြီး တည်းခိုခန်းမှ ထွက်ခွာသွားလေတော့၏။

ခြေလှမ်းနှစ်ဆယ်မျှ လျှောက်မိလျှင် 'ချိုးယွင်' အမည်ရှိသော တည်းခိုခန်းကို တွေ့သည်။

လူကလည်း နုံးလှပြီ။ ဈေးကလည်း ဆာလှပြီ။ 'ချိုးယွင်' တည်းခိုခန်းရှေ့ရောက်လျှင် တံခါးဝမှာ ဆိုင်းဘုတ်ရှိမရှိ ဆိုသည်ကို ဦးစွာ

ကြည့်ရသည်။

တံခါးဝတွင် ဆိုင်းဘုတ်မရှိ။

သို့သော် .... ဟော့ဖေးဟုန်က တည်းခိုခန်းထဲသို့ မဝင်သေးဘဲ ရွှေ့ရပ်လိုက်၏။

ဆိုင်အလုပ်သမားတစ်ယောက် ထွက်လာပြီး ဆိုင်းဘုတ်လာ ချိတ်လေမလားဟု စောင့်နေခြင်းဖြစ်သည်။ မည်သည့်အလုပ်သမားမျှ ထွက်မလာပါ။

တံခါးဝတွင်လည်း အစောင့်မရှိ။

ဤ 'ချိုးယွင်' တည်းခိုခန်းတွင် ငှားရန် အခန်းလွတ်များ ကျန်နေသေးသည်ဟု တွေးပြီး ကော့ဖေးဟုန် တည်းခိုခန်းတွင်းသို့ဝင်ရန် ခြေလှမ်းပြင်သည်။ သို့သော် သူမြင်းကို သတိရပြီး ခြေလှမ်းတုံ့သွား၏။

"မဟူရာရေ .... ခဏနေဦးနော် .... ငါ အခန်းဝင်ငှားလိုက်ဦးမယ် .... ပြီးမှ ဆိုင်အလုပ်သမားတစ်ယောက်ကို အခပေးပြီး မင်းကို မြင်းစောင်းထဲမှာ အစာကျွေးခိုင်းရမယ် .... "

သူသည် စကားဆုံးသည်နှင့် မြင်းနောက်ကြွေးကို ဆိုင်ဝရှိ မြင်းချည်တိုင်နားတွင် ပို့ထားခဲ့သည်။

ချိုးယွင်တည်းခိုခန်းထဲသို့ ကော့ဖေးဟုန် ဝင်လိုက်သည်နှင့် ခင်းကျင်းထားသော စားပွဲများတွင် ထိုင်၍ အရက်သောက်နေကြသော

လူများစွာကို တွေ့ရှိလိုက်ရသည်။

သိုင်းသမားများ ဖြစ်ကြဟန်ရှိသည်။

ဆူညံစွာစားသောက် စကားပြောနေကြသူများသည် နှမ်းရိပန်း လျှစွာ လှမ်းဝင်လာသော ကော့ဖေးဟုန်ကို သတိပြုမိသွားကြ၏။

ကော့ဖေးဟုန်၏ ဖရိဖရဲဖြစ်နေသော သဏ္ဌာန်နှင့် ဝတ်စုံဖြူ ပေါ်တွင် စွန်းထင်းနီရဲနေသော သွေးများကြောင့် သူ၏ထူးခြားမှုကို အားလုံးအာရုံစိုက်သွားမိကြသည်။

ဆူညံစကားပြောသံများ ပျောက်သွားပြီး ကော့ဖေးဟုန်ကို အံ့အားသင့်စွာ စူးစမ်းကြည့်မိကြတော့သည်။

ကော့ဖေးဟုန်က မည်သူကိုမျှ သတိမပြုနိုင်အားချေ .... ။ ဆိုင်တာဝန်ခံစားပွဲနောက်တွင် ကိုယ်မတ်မတ်ထိုင်ရင်း သူ့ကို မျက်လုံးပြူး၍ကြည့်နေသော ဆိုင်ပိုင်ရှင်ထံသို့သာ တန်းတန်းမတ်မတ်လျှောက်သွားသည်။

ဆိုင်ပိုင်ရှင်လူဝကြီး၏ အရှေ့သို့ရောက်လျှင် ဝတ်စုံအောက်ရှိ ဓားအိတ်ကို နှိုက်ရင်း ....

"ကျွန်တော် အခန်းတစ်ခန်းလောက် လိုချင်လို့ပါ .... "

ဆိုင်ရှင်လူဝကြီးက ကော့ဖေးဟုန်စကားကို နားမလည်နိုင်ဟန်ဖြင့် ပြန်မေးသည်။

"အခန်းတစ်ခန်းဟုတ်လား .... "

ကော့ဖေးဟုန် အနည်းငယ်စိတ်တိုသွားသည်။ သို့သော် ဒေါသကို မျိုသိပ်လိုက်ပြီး ....

"ဟုတ်ပါတယ် .... ဒါ တည်းခိုခန်း မဟုတ်လား .... ကျွန်တော် ညအိပ်ဖို့ အခန်းတစ်ခု ငှားချင်တယ်ပြောတာပါ .... ကျွန်တော့်စကား ထဲမှာ ဘာများနားမလည်စရာပါ,ပါသလဲ .... "

ထိုအခါ ဆိုင်ရှင်လူဝကြီးမှာ မျက်နှာပျက်သွားသည်။

"အို .... ဒုက္ခပါပဲ .... ဒီဆိုင်မှာ အခန်းလွတ်မရှိတော့ဘူးကွယ့် ပြောရတာတော့ အားနာပါတယ် .... "

"ဘာ .... အခန်းလွတ်မရှိဘူး ဟုတ်လား .... မရှိရင် ဆိုင်းဘုတ် ချိတ်ထားပါလားဗျ ... ဒီမှာ ဘာဆိုင်းဘုတ်မှ ချိတ်မထားပါလား.... ခင်ဗျား ကျုပ်ကို အခန်းမငှားချင်လို့ သက်သက်ညာနေတာ မဟုတ်လား .... တောက် .... ခင်ဗျားတို့တော့ မလွယ်ဘူး .... "

ကော့ဖေးဟုန် ဒေါပွလေပြီ။ ဒေါလည်း ပွလောက်သည်။

သူ့အသံမှာ စားသောက်ခန်းတစ်ခုလုံး ကြားလောက်အောင် ကျယ်လောင်သွားသည်။

ဆိုင်ရှင်လူဝကြီးက ပျာပျာသလဲ တောင်းပန်ရှင်းပြသည်။

"မဟုတ်ပါဘူးဗျာ .... အခန်းမငှားချင်လို့လိမ်တာ မဟုတ်ပါဘူး .... ဒီက မိတ်ဆွေလေးက တည်းခိုခန်းအကြောင်း မသိတဲ့ လူစိမ်းနဲ့တူတယ် .... ဒီချိုးယွင်တည်းခိုခန်းက အမြဲတမ်း အသင်းဝင် လူကြီးလူကောင်းများအတွက် သီးသန့်တည်းခိုခန်း ဖြစ်ပါတယ် .... အပြင်လူတွေကို အခကြေးငွေနဲ့ အခန်းငှားတာမျိုး၊ အစားအသောက်အရက်ရောင်းတာမျိုး မရှိပါဘူး .... ဒီမြို့နဲ့တကွ မြို့များစွာက သိုင်းလောကရဲ့ ဂုဏ်ပြုခံ လူကုံထံများ သီးသန့်နေထိုင်ပျော်ရွှင်နိုင်ဖို့ ဖွင့်ထားတဲ့ တည်းခိုခန်းပါဗျာ .... ဒီတည်းခိုခန်းမှာ တည်းလိုတယ်ဆိုရင် .... သိုင်းလောကရဲ့ ဂုဏ်သရေဆောင် သိုင်းပညာရှင်ကြီးနှစ်ဦးရဲ့ ထောက်ခံမှုနဲ့ အသင်းဝင်ထားရပါတယ် .... အဲဒီလို အမြဲတမ်း အသင်းဝင်တွေမှ တည်းခိုခွင့်ရှိပါတယ် ခင်ဗျာ .... "

ရှည်လျားစွာ ရှင်းပြနေသော ဆိုင်ရှင်လူဝကြီးစကားဆုံးသည်နှင့် ကော့ဖေးဟုန်မှာ ကောင်တာရှိ ခွေးခြေလေးပေါ်သို့ အရုပ်ကြီးပြတ် ထိုင်ချမိ၏။

ပင်ပန်းမှုကို တင်းမထားနိုင်တော့။ 'စိတ်ပျက်သည်။

ဝူးဟော်တစ်မြို့လုံး၏ တည်းခိုခန်းများတွင် အခန်းလွတ်မရှိနိုင်အောင် ဖြစ်နေသည်ကို နားမလည်နိုင်တော့။

"ဟော .... ဒီတောသားကို ကြည့်မနေစမ်းပါနဲ့ကွာ .... တို့ဘာသာ အရက်သောက်မှာ သောက်ကြရအောင်ပါ .... "

စားသောက်ခန်းမထဲရှိ စားပွဲဝိုင်းတစ်ခုမှ ထွက်ပေါ်လာသော စကားသံကြောင့် အသံလာရာသို့ ကော့ဖေးဟုန် ဆတ်ခနဲ လှည့်ကြည့်မိ၏။

စားပွဲဝိုင်းတွင် အညိုရောင်ဝတ်စုံများ ဝတ်ဆင်ထားသည့် လူရွယ်ငါးယောက် ထိုင်နေသည်။

ဝိန်ရှည်ရှည်ဆံပင်ညှင်းသိုးသိုးနှင့် လူရွယ်က မျက်နှာတွင် ဓားခုတ်ရာ အမာရွတ်ကြီးရှိသည့် လူ၏စကားကို သဘောတူကြောင်း ခေါင်းညိတ်ပြပြီး အရက်ကို ဖန်ခွက်ထဲငဲ့ထည့်သည်။ ထို့နောက် ကျယ်လောင်စွာဖြင့် ....

"ဟုတ်တယ်ကွ .... အထူးအဆန်းလုပ်ပြီး ဒီကောင်ကို ကြည့်မနေစမ်းပါနဲ့ကွာ .... ဒီကောင့်ကိုယ်ပေါ်က သွေးတွေက တစ်ယောက်ယောက် ရိုက်လွှတ်လိုက်လို့ ဒဏ်ရာရလာပြီး သွေးစွန်းနေတာ ဖြစ်မှာပေါ့ .... ငါက အဲဒီလို ခံဘက်က ကောင်တွေကို နည်းနည်းလေးမှ မသနားဘူး .... သိပ်ရွံတာ .... "

သူက ခပ်နှိမ်နှိမ်ကလေး ပြောသည်။

စားပွဲတစ်ဘက်မှ ဝိန်ဝိန်ပါးပါး ခပ်ခွဲ့.ခွဲ့.လူရွယ်က ကော့ဖေးဟုန်၏ ဆောင်ဓားကို စူးစိုက်ကြည့်ရင်း ....

"မဟုတ်သေးဘူးကွ .... ဒီလူကိုယ်မှာ ဘာဒဏ်ရာမှ မရှိဘူး၊

ပြီးတော့ .... သူ့ဓားအိမ်နဲ့ ဓားမှာ သွေးတွေစွန်းနေတာ မင်းတို့ သတိမထားမိဘူးလား .... "

မျက်နှာတွင် ဓားခုတ်ရာရှိသော လူရွယ်က ကျယ်လောင်စွာ ရယ်မောလိုက်လေတော့၏။

"ဟား .... ဟား .... ဟား .... ဓားမှာလည်း သွေးတွေစွန်း။ အင်္ကျီမှာလည်း သွေးတွေစွန်းဆိုတော့ ဧကန္တ ဒီကောင် အမဲသတ်သမားလား .... ဝက်ပေါ်တဲ့ကောင်ပဲလား .... တစ်ခုခုပဲဟေ့ .... ဟား.... ဟား .... ဟား .... "

မျက်နှာအမာရွတ်နှင့်လူရွယ်။ သူရုပ်ရည်မှာလည်း လှသော်လည်း အမာရွတ်ကြောင့် ရုပ်ဆိုးသလိုဖြစ်နေ၏။ ဤအမာရွတ်ကို သူမည်သို့ရရှိပါသနည်း။ ဤသည်မှာလည်း ဓာတ်လမ်းရှိသည်။ ဓာတ်လမ်းကတော့ မလှပပါ။ ဤလူရွယ်၏မျက်နှာပေါ်မှ ဓားခုတ်ရာကဲ့သို့ အကျည်းတန်သည်။

လွန်ခဲ့သောတစ်လ .... ။

တစ်လတိတိတော့ ဖြစ်ချင်မှဖြစ်မည်။ လေးငါးရက်စွန်းလျှင်လည်း စွန်းနိုင်သည်။ မိန်းမဟိုလေးတစ်ယောက်။

လမ်းထဲ၌ တဝဲဝဲတလည်လည် ဖြစ်နေသည်။

ဤမြို့ထဲတွင် ထိုက်ယူဂိုဏ်းသားတို့မှာ လူလည်လုပ်နေသည်။

ဂိုဏ်းသားများဖြစ်၏။ သူတို့သာ သြဇာရှိသည်။ သူတို့သာ အာဏာရှိသည်။

သူတို့သာ အရာရာကိုလုပ်ပိုင်ခွင့်ရှိသည်ဟု ထင်နေကြသည်။

ဤလူရွယ်မှာ ထိုက်ဟူဂိုဏ်း၏ဌာနစုမှူးလည်းမဟုတ်၊ ဂိုဏ်းခွဲမှူးလည်းမဟုတ်။ သာမန်ဂိုဏ်းသားတစ်ဦးသာဖြစ်သည်။ သာမန်ဂိုဏ်းသားတစ်ယောက်သည် ဌာနစုမှူးကဲ့သို့ အာဏာရှိပါမည်နည်း။

ဂိုဏ်းခွဲမှူးတစ်ယောက်ကဲ့သို့ အာဏာရှိပါမည်နည်း။

သို့သော် ထိုလူရွယ်သည် သူ့အထက်မှလူများမရှိသောအခါ သာမန်ဂိုဏ်းသားတစ်ဦးဟု ကိုယ့်ကိုယ်ကိုယ် မမြင်တော့ပေ။ ဌာနစုမှူးတစ်ယောက်ပမာ၊ ဂိုဏ်းခွဲမှူးတစ်ယောက်ပမာ၊ ဂိုဏ်းချုပ်ကြီးပမာ ထင်မှတ်လာတော့သည်။ ထို့ကြောင့် ထိုမိန်းမပျိုကလေးကို နှိုင့်ထက်စီးနင်းလုပ်ချင်လာသည်။ စော်ကားချင်လာသည်။ ထို့ကြောင့် ထိုမိန်းမပျိုကလေးအနီးသို့ ကပ်သွားလေ၏။

"ညီမလေး ဘာကိုလိုက်ရှာနေတာလဲကွယ်"

မိန်းမပျိုကလေးသည် သူ့အား အထိတ်တလန့်ကြည့်လေ၏။

"ဟို .... ဟို .... စီးရှာမြို့ကပြောင်းလာတဲ့ ကျွန်မအဒေါ်ကို လိုက်ရှာနေတာပါ .... သူတို့က ဟိုတစ်လထဲက ပြောင်းလာတာပါ"

"ဒါမျှား ဘာခက်လို့လဲ ညီမလေးရယ် .... ညီမလေးရဲ့အဒေါ်နာမည်ကိုသာပြော .... အစ်ကိုရှာပေးမယ် .... "

မိန်းကလေးကို စော်ကားချင်သော်လည်း လေချိုသွေးရဲဦးမည်။ သွေးဆောင်ရပေဦးမည်။

မိန်းကလေး ဝမ်းသာသွားလေ၏။ သူမ, ရှာနေသည်မှာ အတော်ကြာနေပေပြီ။ နာမည်တူများကိုတွေ့ရသော်လည်း သူ့အဒေါ်မဟုတ်ပေ။

"ဟုတ် .... ဟုတ်ကဲ့အစ်ကို .... ကျေးဇူးတင်ပါတယ်ရှင် .... ကျွန်မအဒေါ်က ဒေါ်ရှာဝမ်ပါ .... "

လူရွယ်ကပြုံးလိုက်၏။

"ဟာ .... တိုက်ဆိုင်လိုက်လေ .... ဒေါ်ရှာဝမ်ရဲ့တူမကိုး .... ဒေါ်ရှာဝမ်က ဒီမြို့ထဲမှာမနေဘူးကွဲ့ .... မြို့စွန်မှာနေတာ လာလာအစ်ကို လိုက်ပို့မယ် .... "

မိန်းကလေးမှာ လွန်စွာဝမ်းသာသွားသည်။ ထိုလူရွယ်ကို တွေ့ရသည်မှာ နှတ်သီကြားကိုတွေ့လိုက်ရသကဲ့သို့ရှိသည်။ ရုပ်ရည်ကလည်း လူဆိုးလူမိုက်ရုပ်ရည်မဟုတ်ချေ။ မိန်းကလေးတစ်စု သတိမထားသည့် အချက်မှာ လူဆိုးလူမိုက်တိုင်း ဦးချိုပေါက်မနေခြင်းတည်းသည်လူရွယ်၏ အသွင်သဏ္ဌာန်မှာ သဖန်းသီးနှင့်တူနေသည်။ အပြင်က

အမြင်လှသော်လည်း အတွင်းက ပိုးချည်းဖြစ်နေသည်။

မိန်းကလေးသည် လူရွယ်ခေါ်ဆောင်ရာသို့ လိုက်ပါသွားတော့သည်။

ခပ်သွက်သွက်ကလေးလိုက်သည်။ သို့မှသာ သူ့အဖေနှင့် တွေ့ရတော့မည်မဟုတ်ပါလား။

လူရွယ်ကား ထိုက်ဟူဂိုဏ်းသို့ဝင်သည်မှာ အတော်ကလေးကြာနေလေပြီ။ ဌာနစုမှူးဖြစ်ရန် အချိန်သိပ်ကြာကြာစောင့်ရတော့မည်မဟုတ်ပေ။ ထို့ကြောင့် ဂိုဏ်းရည်ဝန်သူဖြစ်သည်။ ဟောက်စားငေါက်စားလုပ်လာသည်မှာ အတော်ကြာနေခဲ့ပြီ။ ထို့ကြောင့် ဤအကြံအစည်မျိုးကို သူ ကြံစည်ရဲခြင်းဖြစ်သည်။

ဤသို့ဖြင့် သူတို့ မြို့စွန်သို့ရောက်လာကြသည်။ အိမ်များလည်း မြို့တွင်းမှာကဲ့သို့ ကပ်မနေတော့ချေ။ ထုံးစံအတိုင်း အိမ်ကျဲလာသည်။

လူရွယ်သည် ခြံဝင်းတစ်ခုရှိ ခြံတစ်ခုသို့ ညွှန်ပြလိုက်သည်။

"ညီမလေး .... အဲဒီခြံဟာ ဒေါ်ဂျာရဲ့ခြံပဲ .... "

မိန်းကလေးမျက်နှာသည် တွေဝေသွား၏။

"ဟုတ်ရဲ့လား အစ်ကို .... ကျွန်မရဲ့အဖေတို့က ကုန်စုံဆိုင်ထောင်ကြတာအစ်ကိုရဲ့ .... ဒီလောက်လူနေပါးတဲ့အရပ်မှာ ဘယ်လို ဘယ်လို ကုန်စုံဆိုင်ထောင်မှာလဲ .... မှားနေပြီနဲ့တူတယ် .... "

"မှားချင်ရင်လည်းမှားမှာပေါ့ .... ဒါပေမဲ့ ဒီမှာနေတဲ့ အဖေကြီးကတော့ ဒေါ်ဂျာတဲ့ .... ကဲ .... အထဲမှာနေတဲ့ ဒေါ်ဂျာကိုဝင်တွေ့ကြတာပေါ့ .... မှားနေရင်လည်း အစ်ကိုထပ်ရှာပေးမှာပေါ့"

လူရွယ်စကားက မဆိုးလှပေ။ မိန်းကလေးသည် မည်သို့မျှသံသယမရှိဘဲ သဘောတူလိုက်သည်။

"ကောင်းသားပဲ .... မဟုတ်ရင်လည်း ထပ်ရှာကြတာပေါ့"

သူမပင်လျှင် ဒေါ်ဂျာအတော်များများကိုတွေ့ခဲ့ရသည်မဟုတ်ပါလော။

လူရွယ်သည် ခြံတံခါးကို တွန်းဖွင့်ဝင်ပြီး ခြံတံခါးကိုပြန်ပိတ်လိုက်သည်။ ထို့နောက် အိမ်ရှိရာသို့ လျှောက်သွားပြီး အိမ်တံခါးကို တွန်းဖွင့်လိုက်သည်။

"ဒေါ်လေးဝိဂျာ .... ဒေါ်လေးဝိဂျာ .... "

မိန်းကလေးကလည်း နောက်မှဝင်လိုက်လာ၏။ မိန်းကလေးအတွင်းသို့ရောက်သောအခါ လူရွယ်က တံခါးပြန်ပိတ်လိုက်သည်။ အတွင်းမှ တစ်ဦးမျှ အသံမပေးကြပေ။ တကယ်တော့ ဤအိမ်၌ လူမနေချေ။ တစ်ခါတစ်ရံသာ လူရွယ်က အသုံးပြုတတ်သည်။ သူ အသုံးပြုခြင်းမှာလည်း မကောင်းသောရည်ရွယ်မှားဖြင့်သာ။

"ဟင် .... လူလည်းမရှိပါလား .... "

မိန်းကလေးက စိုးရွံ့သံကလေးဖြင့်ပြောလေ၏။

"ဟဲ .... ဟဲ .... ဟဲ .... ဘာမှမကြောက်ပါနဲ့ကွယ် .... ဒီမှာ နားနားနေနေ နေကြတာပေါ့ .... ပြီးတော့မှ ဒေါ်ဝိရာကို ဆက်ရာကြတာပေါ့ .... "

ထိုအခါ မိန်းကလေးက စိုးရိမ်ထိတ်လန့်စွာပြောတော့သည်။

"ဟင် .... အစ်ကိုပဲစောစောက ဒီအိမ်မှာ ဒေါ်လေးဝိရာရှိသလို လိုပြောခဲ့သေးတာမဟုတ်လား .... "

လူရွယ်ကတဟဲဟဲရယ်ပြီး ....

"ဘာဖြစ်သလဲ .... ဒေါ်လေးဝိရာမရှိတော့လည်း နောက်ထပ် ရာကြတာပေါ့ကွယ် .... အခုတော့ ဒီအိမ်မှာ တို့နှစ်ယောက် ပျော်ပျော် ပါးပါးနေကြတာပေါ့ .... ဟဲ .... ဟဲ .... ဟဲ"

မိန်းကလေးကြောက်လန့်သွားသည်။

"အို .... မဖြစ်ဘူး .... မဖြစ်ဘူး .... ဒီလိုဆိုရင် .... ကျွန်မ ပြန်ထဲပြန်မယ် .... "

မိန်းကလေးသည် အခန်းတံခါးဆီသို့ ပြေးတော့၏။

စားနေကျကြောင်ပါးလူရွယ်သည် ဖျတ်ခနဲ ခုန်လိုက်သောအခါ မိန်းကလေး ရှေ့သို့ရောက်သွားလေတော့၏။

"ဘယ်လိုလဲ မိန်းကလေးရယ် .... ဘာမှမကြောက်ပါနဲ့ ....

မင်းကို ကိုက်မစားပါဘူး .... "

သူသည် ပြောပြောဆိုဆို မိန်းကလေးအားလှမ်းဖက်လေ၏။

မိန်းကလေးက ရုန်းကန်သည်။ ဝရုန်းသုံးကားဖြစ်နေတော့သည်။ မိန်းကလေးသည် ရှိသမျှအားကလေးနှင့် ရုန်းကန်နေသည်။ သူမသည် အတန်ကြာမှ သတိရပြီး အော်ဟစ်လေတော့သည်။

"ကယ်ကြပါရှင် .... ကျွန်မကို ကယ်ကြပါ .... "

"ကယ်ကြပါရှင် .... ကျွန်မကို စော်ကားနေပါတယ်"

"ကိုင်းဟာ .... "

လူရွယ်သည် မိန်းကလေးအား ဘယ်ပြန်ညာပြန် ပါးရိုက်လိုက်သည်။

"ဖြန်း .... ဖြန်း"

"အို .... အင့် .... အမလေး .... "

မိန်းကလေးမှာ မအော်နိုင်ရှာတော့ပေ။ ဤမျှ လူသူအနေကြေ နေသောနေရာ၌ မိန်းကလေး၏အော်သံကို မည်သူကကြားနိုင်ပါမည်နည်း။

သို့သော် ....

"ဟား .... ဟား .... ဟား .... တယ်ကြည့်ကောင်းတဲ့ပုံပါလား"

အသံတစ်သံသည် သူတို့နောက်မှပေါ်လာလေ၏။

လူရွယ်ဒေါသဖြစ်သွားသည်။ ဤမြို့၌ သူတို့ထိုက်ဟူဂိုဏ်းသားများသား ဗိုလ်ကျန်းဖုံးနေသည်မဟုတ်ပါလား။ မည်သည့်နေရာကကလေကချေကောင်ပေါ်လာရသနည်း။ သူက ဒေါသသံဖြင့်အော်မေးလိုက်၏။

"မင်း ဘယ်ကကောင်လဲ"

"ဟား .... ဟား .... ဟား .... ငါလည်း ထိုက်ဟူဂိုဏ်းသားပဲ"

မိန်းကလေးမှာ လူရွယ်၏လက်မှလွတ်သွားသော်လည်းကြား လိုက်ရသောစကားကြောင့် သည်းထိတ်ရင်ဖိုဖြစ်သွား၏။ ဤစကား အရဆိုလျှင် ပထမတွေ့သောလူရွယ်သည် ထိုက်ဟူဂိုဏ်းသားပင် ဖြစ်ပေလိမ့်မည်။ သူမအဖို့ အားကိုးဖွယ်ရာမမြင်တော့ပါတကား။

"ထိုက်ဟူဂိုဏ်းသားဆိုရင် တစ်ယောက်ကလုပ်တာကို တစ်ယောက် ဝင်မရှုပ်နဲ့ .... မင်းလည်း ဝေစုရမှာပေါ့ .... အေးအေးနေ"

"ဟား .... ဟား .... ဟား .... ငါက ထိုက်ဟူဂိုဏ်းသားလို့ ပြောတိုင်း မင်းကယုံနေသလား .... ငါက ဒီခြံကိုဖြတ်အသွား မိန်းကလေးရဲ့အော်သံကြားလို့ ဝင်လာတာကွ .... ဒီတိုင်းပြည်ဟာ မင်းမဲ့တိုင်းပြည်မဟုတ်ဘူး၊ မင်းမဲ့တိုင်းပြည်ဖြစ်နေစေဦးတော့ မင်းကို ဆုံးမမဲ့လူမပေါ်ဘူးလို့ မင်းထင်နေသလား .... "

လူရွယ်သည် လွန်စွာဒေါသထွက်သွားပြီး သူ၏ဓားကိုဆွဲထုတ်လိုက်၏။

"ရွှမ်း .... "

"မင်းဟာ အသက်ရှင်ရက်နေချင်တဲ့ကောင်မဟုတ်ဘူး .... 'အမြန်ဆုံးသေချင်နေတဲ့ကောင်ဆိုတာ ငါသိပြီ .... အဲဒီတော့ မင်းကို ခြောက်ပေကျင်းထဲပို့တာသာ အကောင်းဆုံးဆိုတာ ငါသိနေပြီ .... မင်းလက်ထဲမှာဓားရှိနေတာဆိုတော့ ဓားထုတ်လိုက်စမ်း .... မင်းက ငါ့ကို ဆုံးမမှာလား .... ငါက မင်းကိုဆုံးမမှာလားဆိုတာကြည့်ကြရအောင် .... "

"ဟား .... ဟား .... ဟား .... မင်းက ငါနှာမည်မမေးသေးဘူးနော် .... "

"မသာတစ်ယောက်ရဲ့နာမည်က ဘာတန်ဖိုးရှိမှာလဲကွ .... "

"ဟာ .... ငါက မသာတော့မဟုတ်ဘူး .... တရုတ်ပြည် တစ်နံတစ်လျားကို ငါသွားနေတဲ့နေရာတိုင်းမှာလည်း မင်းလိုမသမာတဲ့လူတွေကို သုတ်သင်ပစ်ခဲ့တာချည်းပဲ .... မင်းဟာ ထိုက်ဟူဂိုဏ်းသားဆင့်လောက်ပဲရှိမယ်ဆိုတာ ငါသိပြီးပြီ .... အဲဒီတော့ ငါက ဓားထုတ်ဖို့ မလိုပါဘူး၊ ဓားထုတ်ရင် ပွဲကကြည့်မကောင်းဘဲ ဖြစ်သွားလိမ့်မယ်၊ ခုတောင် .... "

"စကားရှည်တဲ့ကောင် .... ကဲကွာ .... "

"ဝိုး .... "

လူရွယ်သည် လျှပ်တစ်ပြက် မော်နှင့်ခုတ်လိုက်၏။ သို့သော်မှာ ပစ်မှတ်ကိုမထိပါ။ လွဲချော်သွားပါသည်။

သူ ပို၍ ဒေါသထွက်သွား၏။ ဧည့်သည်သည် သူ့ရှေ့၌ရှိမနေတော့ပါ။

"ဘယ်ပျောက်သွားပါလိမ့် .... "

သူသည် "ဒီကောင်ကြောက်ပြီးပြေးပြီ"ဟု ထင်လိုက်မိသည်။

သို့သော် ....

"မင်းရဲ့မာန်ချက်က တော်တော်ညံ့သေးတာပဲ .... "

သူနောက်မှပြောလိုက်သောအသံကြောင့် လူရွယ်ခေါင်းနာပန်းကြီးသွားသည်။

"မင်း ဘာဖြစ်လို့ ရှောင်ပြေးတာလဲ .... လာလေ တိုက်လေကွာ .... "

ထိုအခါ ဧည့်သည်က ရယ်လေတော့၏။

"ငါမတိုက်ချင်ဘူး .... အခု ငါ ဒီလောက်လေ့ရှည်နေတာက ငါ့မှာ အရေးတကြီးကိစ္စမရှိသေးလို့ကွ .... နို့မို့ဆိုရင် ငါ လူပ်ရှားတာကို မင်းတွေ့လိုက်ရမှာ မဟုတ်ဘူး .... မင်းကို ငါမသတ်ဘူး .... ဒါပေမဲ့

မင်းကို မှတ်လောက်သားလောက်အောင်တော့ ငါလုပ်ပေးခဲ့ရမယ် .... ဒါတောင် မင်းက မှတ်မှာမဟုတ်ဘူး .... "

ဧည့်သည်၏စကားအဆုံးတွင် လျှပ်တစ်ပြက်လူပ်ရှားမှုကို တွေ့လိုက်ရသည်။ တကယ်တော့ လူရွယ်မတွေ့လိုက်ရပါ။ သူ့ဓား လက်ထဲမှ လွတ်သွားသည်ကိုသာ သူသိလိုက်ရသည်။ ဧည့်သည်၏လူပ်ရှားမှုက လျင်မြန်လှပါသည်။

"ရွှမ်း .... "

သူမျက်လုံးများသည် ရိပ်ခနဲ လူပ်ရှားမှုကိုတွေ့လိုက်ပြီး သူမျက်နှာ၌ ဘာဖြစ်သွားသည်ကို သူ မသိလိုက်ပါ။ ဓားသွားက မျက်နှာပေါ် ခပ်ပါးပါးခြစ်ချလိုက်ခြင်းသာဖြစ်သည်။ သူမျက်နှာ၌ ဂုတ်တရက် နာကျင်သလို ခံစားလိုက်ရသည်။

"အေး .... အဲဒါ မင်းမကောင်းတာလုပ်ဖို့ကြံတဲ့အတွက် ဆုလာဘ်ပဲ .... နောင် မိန်းကလေးတွေကို မဖျက်ဆီးချင်နဲ့ .... ငါသွားတော့မယ် .... "

သူမျက်နှာ၌ ဝင်းခနဲတစ်ချက်ဖြစ်သွားပြီး လောကကြီးတစ်ခုလုံး မှောင်အတိကျသွားတော့သည်။

ဘု သတိပြန်ရလာသောအခါ မှောင်နေလေပြီ။ သူမျက်နှာ၌ နာကျင်နေပြီး သွေးများစီးထန်းနေသည်ကိုတွေ့ရသည်။ သူ ဒယီး

ဒယိုင်ထလိုက်၏။ မျက်နှာပေါ်မှ သွေးများကိုသုတ်လိုက်၏။ မိန်းက လေးကိုလည်း မတွေ့ရတော့။ သူသည် သမားတော်တစ်ဦးဦးထံသို့ သွားရောက်ပြသရန် အိမ်ထဲမှ ဒယီးဒယိုင်ဖြင့် ထွက်လာလေတော့၏။ နောက်ဆုံးတွင် လူရွယ်သည် မျက်နှာပေါ်၌ ကန့်လန့်ဖြတ်ဝါးဒဏ်ရာ အမာရွတ်ရှိသူ ဖြစ်လာသည်။

သူသည် ဧည့်သည်လူရွယ်ပြောသွားသကဲ့သို့ လိမ္မာသော လူတစ်ယောက်ဖြစ်မလာခဲ့ချေ။ ထိုဧည့်သည်ကို လက်စားချေရန် ဤမြို့တွင်ပြပြစင်အောင် ရှာဖွေလေတော့သည်။ သူတစ်ယောက်တည်း ရှာဖွေခြင်းမဟုတ်ချေ။ သူအဖော် ထိုက်ဟူဂိုဏ်းသားလေးယောက်နှင့် လိုက်ရှာဖွေခြင်းဖြစ်သည်။

သို့သော် ဧည့်သည်လူရွယ်ကား ကျားတောင်ပံတပ်ပြီး မိုးယံထဲ ဝင်သွားသည်လား၊ နဂါးဖြစ်၍ မြေလျှိုးသွားသည်လား မဆိုနိုင်။ လုံးဝ ရှာမတွေ့တော့ချေ။ ဧည့်သည်ကို ရှာမတွေ့သည်ကိုထား ဘီဦး သူစော်ကားရန် ကြံခဲ့သည့်မိန်းကလေးကိုလည်း လုံးဝရှာမတွေ့တော့ချေ။

ယခုဧည့်သည်သစ်တစ်ယောက်ကို တွေ့ရပြန်လေပြီ။ သူသည် ဧည့်သည်သစ်ကို ချိုးနှိမ်ဖိနှိပ်၍ ပြောဆိုလိုက်၏။

သူစကားကြောင့် စားသောက်ခန်းထဲရှိလူများမှာ သဘောကျပြီး ဝါးခနဲ ရယ်လိုက်ကြသည်။ ကော့ဖေးဟုန်ကို လှောင်ပြောင်ရယ်

မောနေသံများသည် တော်တော်နှင့် မရပ်ကြ။

ကော့ဖေးဟုန် နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။

မျက်လုံးများက အေးစက်မာကျောစွာဖြင့် မျက်နှာတွင် ဒဏ်ရာအမာရွတ်ရှိသော လူရွယ်ကို စိုက်ကြည့်လိုက်၏။

ထိုစဉ် ကော့ဖေးဟုန်၏လက်များကတော့ ညင်သာစွာ လှုပ်ရှားနေသည်။

ဘယ်ဘက်လက်တွင်း၌ ကိုင်ထားသော ငွေအိတ်ကိုဖွင့်ပြီး ဒင်္ဂါးပြားများကို ညာလက်ဝါးအတွင်းသို့ သွန်ထည့်လိုက်သည်။

တစ်ပြား၊ နှစ်ပြား၊ သုံးပြား၊ လေးပြား၊ ငါးပြား၊ ခြောက်ပြား တိတိ။

ဒင်္ဂါးပြားခြောက်ပြားကို ညီညီညာညာထပ်လိုက်ပြီး ဘယ်လက်ဖဝါးပေါ်သို့ တင်လိုက်၏။

ဘယ်ဘက်လယ်ခလယ်တွင် ခဲ့ကြိုးတပ်ထားသော ငွေအိတ်ကလေးမှာ တွဲလောင်းကျလျက် .... ။ ထို့နောက် ဘယ်ဘက်လက်ကို မြှောက်လိုက်သည်။

လက်ဖဝါးပေါ်တွင် ထပ်ထားသော ဒင်္ဂါးပြားများက အစီအရီ။

အမာရွတ်နှင့် လူရွယ်က ပါးစပ်ကို အားကုန်ဖြဲ၍ ရယ်မောရင်း စဉ်းစားရက်အိုးကြီးကို မ,ယူလိုက်၏။

ကော့ဖေးဟုန်က မဲပြိုးတစ်ချက် ပြိုးပြီး ဘယ်ဘက်လက်ဖဝါးပေါ်မှ ထပ်ထားသည့် ဒဂိုးပြားများအနက် ပေါ်ဆုံးမှ ဒဂိုးပြားကို ညာဘက်လက်ညှိုးနှင့် တောက်လွှတ်လိုက်သည်။

အခန်း(၃)

ရွှေရောင်ခြူးနှဂိုးတံဆိပ်

, "ဝိုး .... "

ဒဂိုးပြားလေးက ဝီခေါ်၍ လည်ပတ်ရင်း အမာရွတ်နှင့် လူရွယ်ဆီသို့ ပြေးသွားသည်။

ဝိန်ဝိန်ပါးပါးလူရွယ်က အော်လိုက်သည်။

"လက်နက်ပုန်းဟေ့ .... သတိထား .... "

အော်သံမဆုံးမီမှာပင် ကော့ဖေးဟုန်ပစ်လွှတ်လိုက်သော ဒဂိုးပြားက အမာရွတ်နှင့် လူရွယ်လက်ထဲတွင် ကိုင်ထားသော စဉ့်အရက်အိုးကြီးကို ခါးလယ်မှ တိတိရိရိဖြတ်ပြီး အဝေးသို့ ဝေထွက်သွားသည်။

ပြတ်ကျသွားသော အရက်အိုးကြီးက စားပွဲပေါ်သို့ ချွမ်းခနဲထိကာ ကွဲသွား၏။

စားပွဲတွင်ထိုင်နေသော လူရွယ်ငါးဦးလုံး အရက်များစင်ကာ စိုရွဲသွားသည်။ စားပွဲပေါ်မှ စားသောက်ပန်းကန်များလည်း မှောက်ကုန်ကြ၏။

ပထမ သူတို့အားလုံး အံ့အားသင့်နေကြ၏။

အတန်ကြာမှ ကော့ဖေးဟုန်၏ လက်ချက်မှန်း ရိပ်မိသွားကြပြီး ဒေါသတကြီးနှင့် ငါးယောက်လုံး ထရပ်ကြသည်။

သူတို့မျက်နှာများမှာ လူပုံအလယ်တွင် အရှက်ခွဲခံလိုက်ရသောကြောင့် ဒေါသဖြင့် နီရဲနေ၏။ သူတို့အားလုံး၏ လက်များမှာ ကျောတွင် လွယ်ထားသော ဓားရိုးများဆီသို့ မြောက်သွားကြ၏။

ကော့ဖေးဟုန်က လက်ညှိုးကို ကွေးလိုက်သည်။

ဆိုင်တာဝန်ခံနောက်ဘက်မှ ဆိုင်ရှင်လူဝကြီး လှမ်းအော်သတိပေးသည်။

"မလုပ်နဲ့ မိတ်ဆွေလေး .... ဒီကောင်တွေက ထိုက်ဟူဂိုဏ်းသားတွေ .... မိတ်ဆွေလေးခံရမယ် .... "

ထိုက်ဟူဂိုဏ်းသားဆိုသည်ကို ကော့ဖေးဟုန် မသိချေ။

ထို့ကြောင့် ဆိုင်ရှင်လူဝကြီး၏ သတိပေးစကားကို လျစ်လျူရှုလိုက်ပြီး ကော့ဖေးဟုန်က ကွေးထားသော လက်ညှိုးကို ဆန့်တန်းတောက်ထုတ်လိုက်သည်။

ဒဂိုးပြားငါးခုစလုံး .... ကော့ဖေးဟုန်လက်ထဲတွင် ဝိတုန်းငါးကောင်ကဲ့သို့ အော်မြည်လျက် ဓားထုတ်ရန် လက်ပြင်နေသော လူရွယ်ငါးဦးထံ ပြေးထွက်သွားသည်။

ဒဂိုးပြားငါးခု လေကိုတိုးခွဲ၍ ပြေးသွားသည်။

"အား .... အား .... အား .... အား .... အား .... "

ဝမ်းခေါင်းသံနှင့် အော်လိုက်သော အသံငါးခု ထွက်ပေါ်လာသည်။

ကော့ဖေးဟုန် တောက်လွှတ်လိုက်သော ဒဂိုးပြားငါးခုက ဓားထုတ်ရန် ဓားရိုးကို ဆုပ်ကိုင်ထားသော လူရွယ်ငါးဦး၏ လက်ဖမိုးများပေါ်တွင် အသီးသီးစိုက်သွားသောကြောင့် နာကျင်စွာ အော်လိုက်ကြခြင်းဖြစ်သည်။

"တယ်ကောင်းတဲ့ ပန်းစကြာလက်တောက် သိုင်းပညာပါလားဟော .... "

အခန်းထောင့်မှာ ထိုင်နေသည့် မျက်ခုံးကုပ်ကုပ်၊ မုတ်ဆိတ်မွေးဖြူဖြူ ဝတ်စုံနီဝတ်ထားသော အဘိုးကြီးက မှတ်ချက်စကားဆိုလိုက်၏။ ထို့နောက် မတ်တတ်ရပ်လိုက်၏။

ဆိုင်ရှင်လူဝကြီးက ကပျာကယာ ကော့ဖေးဟုန်ကို လှမ်းပြောလိုက်သည်။

"အဲဒါ ထိုကဟူဂိုဏ်းခွဲမှူး ရှုန်အဘိုးကြီးပဲ မိတ်ဆွေလေး သတိထား .... "

ရှုန်အဘိုးကြီးက ကော့ဖေးဟုန်ထံကို တဖြည်းဖြည်းလျှောက်လာသည်။

အခန်းထဲတွင်ရှိနေကြသော စားပွဲအချို့မှ ထိုက်ဟူဂိုဏ်းသားဝတ်စုံဝတ်ထားသူများက နေရာမှထရပ်ကြပြီး ရှုန်အဘိုးကြီးနောက်မှ လိုက်လာဟန်ပြင်လိုက်ကြသည်။

ရှုန်အဘိုးကြီးက လှည့်မကြည့်ဘဲ လက်ပြ၍ လိုက်မလာရန် အမိန့်ပေးသည်။

ကော့ဖေးဟုန်ရှေ့တွင် ရှုန်အဘိုးကြီးက ခြေစုံရပ်လိုက်ပြီး ကော့ဖေးဟုန်ကို စိုက်ကြည့်သည်။

ကော့ဖေးဟုန်သည် ခွေးချေခံကလေးပေါ်၌ ထိုင်ရင်း အဘိုးကြီးကို စိမ်းစိမ်းကြည့်နေ၏။

"မောင်ရင်လေးက အသက်ငယ်ပေမယ့် သိုင်းပညာတော့ .... ထက်မြက်ပါပေတယ် .... အခုကိစ္စမှာ ဦးတို့ဂိုဏ်းသားတွေက စပြီး စော်ကားတာမို့ ဦးအနေနဲ့ မောင်ရင်လေးကို အပြစ်မယူပါဘူး .... သို့ပေမယ့် ဒီဆိုင်ဟာ ဂုဏ်ထူးဆောင်သိုင်းပညာရှင် အမြဲတမ်းအသင်းဝင်တွေရဲ့ သီးသန့်ဆိုင်ဖြစ်တာမို့ မောင်ရင်လေးကို အသင်းဝင်မဟုတ်

သူ ဒီဆိုင်ထဲရှိနေတာကို ကျုန်တဲ့လူတွေ သဘောမကျတာဟာလည်း အပြစ်ဆိုစရာ မရှိပါဘူး .... "

ကော့ဖေးဟုန်က အသံပြတ်ပြင့် ပြန်မေးသည်။

"အဲဒီတော့ ဦးက ဘာဖြစ်စေချင်သလဲ .... "

"အကျယ် အကျယ် မငြိမ်းဖွယ် ရုန်မဖြစ်ရအောင် အသင်းဝင်တံဆိပ်မရှိတဲ့ မောင်ရင်လေး ဒီဆိုင်ထဲက အေးအေးဆေးဆေး ထွက်သွားပေးဖို့ ဦးက ပြောချင်တာပါပဲ .... "

သူက ခပ်အေးအေးပြောလေ၏။

ကော့ဖေးဟုန် ဘာမှပြန်မပြောတော့။

အသင်းဝင်မဟုတ်သောသူဖို့ သူတို့ စည်းကမ်းသတ်မှတ်ထားသည့်အတိုင်း ကော့ဖေးဟုန် ဤဆိုင်ထဲမှ ထွက်သွားရုံသာရှိတော့သည်။

ကော့ဖေးဟုန် အားတင်း၍သာ ရပ်လိုက်ရသည်။

ပင်ပန်းနွမ်းနယ်မှုများက သူ့တစ်ကိုယ်လုံးသို့ ဖုံးလွှမ်းနေသည်။

မတတ်နိုင်။ သူ ထွက်ခွာရပေတော့မည်။ သို့သော် ....

"နေပါဦး .... အစ်ကို ကော့ဖေးဟုန် ဒီဆိုင်ထဲက ထွက်သွားစရာ မလိုပါဘူး .... ရှင်ဒီဆိုင်မှာ ကြိုက်သလောက်နေနိုင်တယ် .... ညအိပ်ဖို့အခန်းလည်းရမယ် .... စားချင်တာလည်း စားခွင့်ရှိတယ်"

အသံထွက်ပေါ်လာရာ တည်းခိုခန်းတံခါးဝဆီသို့ ကော့ဖေးဟုန်နှင့် အဘိုးကြီးရုန်တို့သည် အံ့သြစွာလှည့်ကြည့်မိကြသည်။

သူမကိုတော့ ကော့ဖေးဟုန် သိပါသည်။

ချူချင်းချင်း .... ။

တစ်ချိန်က ထိုမိန်းကလေးကို အောက်လမ်းလောက သိုင်းသမားနှစ်ဦး၏လက်ထဲမှ ကော့ဖေးဟုန်က ကယ်တင်ခဲ့ဖူး၍ သူနှင့် ခင်မင်ခဲ့ဖူးသည်။ ချူချင်းချင်းက ဆိုင်ရှင်လူဝကြီးထံ လျှောက်လာသည်။

အနီးသို့ရောက်လျှင် .... ကောင်တာပေါ်သို့ ရွှေရောင်ခြူးနဂါးတံဆိပ်ကလေးကို ပစ်တင်ပေးလိုက်သည်။

"ရော့ .... "

အဲဒါ ချီးယွင်တည်းခိုခန်းအတွက် အစ်ကိုကော့ဖေးဟုန်ရဲ့ အမြတမ်းအသင်းဝင်တံဆိပ်ပဲ .... "

ဆိုင်ရှင်လူဝကြီးက မယုံကြည်နိုင်သော မျက်လုံးများဖြင့် ရွှေရောင်ခြူးနဂါးတံဆိပ်ကလေးကို ကိုင်ကြည့်သည်။

ထို့နောက် ....

"ဟင် .... ဒါ တကယ်လား .... မယုံနိုင်စရာဘဲ .... ကော့ဖေးဟုန်ဟာ ဂုဏ်ထူးဆောင်ပထမအဆင့် အြတမ်းအသင်းဝင်ပါလား ....

ဆိုင်ထဲတစ်ခါထဲရောက်တဲ့ လူက ဂုဏ်ထူးဆောင်အသင်းဝင်ဖြစ်တာ ဒါပထမဆုံးပဲ .... "

အသံတုန်ယင်စွာဖြင့် ပြောလိုက်မိသည်။

ဆိုင်ရှင်လူဝကြီး အံ့သြမည်ဆိုလျှင် အံ့သြစရာပင်။ အမြတမ်းအသင်းဝင် အတန်းအစား သုံးမျိုးခွဲခြားထားရာ တတိယဆင့် ကြေးတံဆိပ်၊ ဒုတိယအဆင့် ငွေတံဆိပ်၊ ပထမဆင့် အမြင့်ဆုံးအဆင့် အသင်းဝင်များကိုသာ ရွှေတံဆိပ်ကိုင်ဆောင်ခွင့်ပေးသည်။

ရွှေရောင်ခြူးနဂါးတံဆိပ် ကိုင်ဆောင်ဖို့ရာ မလွယ်ချေ။ သိုင်းပညာထိပ်တန်းအဆုံရှိရမည်။ အထက်လမ်းသိုင်းသမားဖြစ်၍ အမှန်တရားဘက်က ထာဝရရပ်တည်ကာ အများအကျိုးဆောင်ရမည်။

အကျင့်စာရိတ္တအားဖြင့် အမည်းစက်လုံးဝမရှိရ။

ဤသို့သော အရည်အချင်းများဖြင့် ပြည့်ဝသူ သိုင်းသမားမှာ ရှားလှ၍ ဆိုင်ရှင်လူဝကြီးသိသလောက် ရွှေတံဆိပ်ကိုင်ဆောင်ခွင့်ရသူ သိုင်းသမားများမှာ ငါးဦးထက်မပိုချေ။

ရွှေရောင်ခြူးနဂါးတံဆိပ်ကို ငေးကြည့်နေသော ထိုက်ဟူဂိုဏ်းခွဲမှူး ရုန်အဘိုးကြီးပင်လျှင် ငွေတံဆိပ်သာ ကိုင်ဆောင်ခွင့်ရထားသည် မဟုတ်ပါလား။

ဤအချက်များကို မသိသော ကော့ဖေးဟုန်သည် ရွှေရောင်

ခြူးနဂါးတံဆိပ်ကို တန်ဖိုးကြီးမှန်းမသိချေ။ ပေါ့ပေါ့တန်တန်ပင် ကောင်တာပေါ်မှ ကောက်ယူပြီးကြည့်သည်။

တံဆိပ်ပေါ်တွင် ရွှေရောင်ခြူးနဂါးကို လှပဆန်းကြယ်စွာထွင်းထုထားသည်။

နဂါးအောက်ခြေမှ စာလုံးသေးသေးလေးဖြင့် 'ကော့ဖေးဟုန်၊ သတ္တမမြောက် ရွှေရောင်အသင်းဝင်' ဟု ရေးဆွဲထား၏။

"တည်းခိုခန်းရဖို့အတွက် ဒီတံဆိပ်ကလေးကို ယူလာပေးတဲ့ ချူချွင်းချင်းကို အစ်ကိုက သိပ်ကျေးဇူးတင်ပါတယ်ကွယ် .... "

ကော့ဖေးဟုန်က ခပ်လွင်လွင်ကလေး ရယ်မောလိုက်ပြီး ....

"ဒါ ကျွန်မဆန္ဒတစ်ခုတည်းနဲ့ ယူလာလို့ရတဲ့ တံဆိပ်မဟုတ်ဘူး၊ ပတ္တမြားတံဆိပ်တော်ပိုင် သိုင်းဆရာကြီးက ချီးမြှောက်မှုကြောင့်ရတာမို့ ဆရာကြီးတွေကိုပဲ ကျေးဇူးတင်သင့်ပါတယ် .... "

ကော့ဖေးဟုန်မှာ ချူချွင်း၏စကားကို နားမလည်ချေ။ စကားအဆက်အစပ်မျှကိုလည်း နားမလည်ချေ။

ထိုက်ဟူဂိုဏ်းခွဲမှူး ရှန်အဘိုးကြီးက ....

"ပတ္တမြားတံဆိပ်တော်ပိုင် ဆရာကြီးများရဲ့ ခန့်လွှာစာလက်မှတ်တော့ ကလေးမနဲ့အတူ ပါရဲ့လားကွယ် .... "

ဤတံဆိပ်ရရှိရန်မှာ မလွယ်ချေ။ အမှန်တကယ်ရခြင်း ဟုတ်

မဟုတ် သိလို၍ မေးလိုက်ခြင်းဖြစ်သည်။

ချူချွင်းချင်းက မျက်နှာမှာ ထင်းသွားပြီး ကျောတွင် လွယ်ဝိုးထားသော အိတ်ထဲမှ စာလိပ်ကလေးကို နှိုက်၍ ပေးလိုက်သည်။

စာလိပ်ကလေးကို ရှန်အဘိုးကြီးမျက်နှာနားသို့ တိုးကပ်ပြီး ပြလိုက်သည်။

ရှန်အဘိုးကြီးမှာ အဝါရောင်ဝိုးသား လိပ်စာကလေးကို ဖတ်မြီးသည်နှင့် မျက်နှာပျက်သွားတော့သည်။

"ဟင် .... ပင်တရာဥယျာဉ်က သိုင်းဆရာကြီး မင်လန်ချင်းနဲ့ ဖြူယော်တောင်ကုန်းက ချင်ပန်ကူးတို့က ကော့ဖေးဟုန်ကို ရွှေအသင်းဝင်အဖြစ် လက်ခံကြောင်း လက်မှတ်စာ ရေးပေးလိုက်တာပါလား"

ရှန်အဘိုးကြီးသည် စာလိပ်ကလေးကို ဦးညွှတ်အရိုအသေပြုသည်။

ကော့ဖေးဟုန်ကိုလည်း ဂါရဝပြုပြန်သည်။

ချီးယွင်တည်းခိုခန်း အမြဲတမ်းအသင်းဝင် အချင်းချင်းတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်အလိုက် အဆင့်ဆင့် အရိုအသေပြုရသော ထုံးစံရှိသည်တည်း။

ကော့ဖေးဟုန်ကိုယ်တိုင်ပင် ယခုမှ ဤတံဆိပ်ကို တန်ဖိုးကြီးမှန်း သိတော့၏။

ပင်တရာဥယျာဉ်မှ သိုင်းဆရာကြီး မင်လန်ချင်းနှင့် ဖြူယော်တောင်ကုန်းမှ ချင်ပန်ကူးတို့သည် အနားယူသွားပြီ ဖြစ်သည် မဟုတ်ပါလား။

ကော့ဖေးဟုန်မှာ ထိုဆရာကြီး၏ နာမည်ကို ကြားဖူးသော်လည်း မမြင်ဖူးချေ။

သိုင်းလောကသားများအနက် ထိုဆရာကြီးကို မြင်ဖူးသူများမှာလည်း မရှိသေလောက် ရှားပါးသည်။

"ကဲ .... အစ်ကို ကော့ဖေးဟုန် .... ကျွန်မ သွားတော့မယ်၊ ကြည်းခိုခန်းအပြင်ဘက်မှာ အစ်ကို့ မြင်းကြီးက မြင်းဇောင်းထဲသွားဖို့ စောင့်နေတယ် .... အဲဒါ စီစဉ်ပေးဖို့ မမေ့နဲ့နော် .... "

ကော့ဖေးဟုန်မှာ အံ့အားသင့်ပြီး ကျွန်ရစ်ခဲ့သည်။

ချူချင်းချင်းကို မေးချင်သော မေးခွန်းများ ရင်ထဲတွင် များစွာရှိသည်။

သို့သော် ချူချင်းချင်းက မရှိတော့ပေ။

ဆိုင်ရှင်လူဝကြီးက အားရဝမ်းသာ ပြောလိုက်လေ၏။

"ကဲ .... မိတ်ဆွေလေး .... ဘာအလိုရှိသလဲ .... ကြိုက်ရာပြောပေတော့ .... အစားအစာရမယ် .... အရက်ရမယ် .... အခန်းရမယ်"

ကော့ဖေးဟုန်က ....

'အပြင်မှာ ကျွန်တော့်အဖော်ကျွန်နေတယ် .... သူ့ကို ကူညီဖို့ ကျွန်နေတယ် .... အလုပ်သမားတစ်ယောက် ပထမဦးဆုံးလိုချင်တယ်"

ထိုအချိန်မှာပင် ထိုက်ဟူဂိုဏ်းခွဲမှူး အဘိုးကြီးရုန်၏ အချက်ပြမှုကြောင့် အနီးသို့ရောက်လာသော မျက်နှာတွင် အမာရွတ်ရှိသည့် အညိုရောင်ဝတ်စုံဝတ် လူရွယ်က ရှိသေစွာပြောသည်။

"အစ်ကို ခိုင်းချင်ရင် ကျွန်တော့်ကိုခိုင်းပါ .... အစ်ကို့မိတ်ဆွေကို ကျွန်တော် ကူညီလိုက်ပါ့မယ် .... "

ထိုက်ဟူဂိုဏ်းခွဲမှူး အဘိုးကြီးရုန်ကလည်း လေးစားစွာဖြောသည်။

"တူငယ် .... ကော့ဖေးဟုန် .... ခိုင်းစရာရှိရင် ဦးတို့ဂိုဏ်းသားများကို ခိုင်းနိုင်ပါတယ် .... စောစောက မသိလို့ ပြောမှား ပြုမှားတွေကိုလည်း ခွင့်လွှတ်စေချင်ပါတယ် .... "

အမာရွတ်နှင့်လူရွယ်က ....

"အစ်ကို စောစောက ဒဂိုးပြားနဲ့ပစ်ပြီး ဆုံးမတာကို ကျွန်တော့် စိတ်ထဲမှာ ဘယ်လိုမှ အမှတ်မထားဘူး .... ကျွန်တော့်ရဲ့ ပြောမှား ပြုမှားအတွက်ကိုသာ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် .... ကဲ .... အစ်ကို .... အစ်ကို့မိတ်ဆွေကို ဒီအထဲကို ခေါ်လိုက်ပါ .... လိုတဲ့အကူအညီ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ် .... "

ဤလူရွယ်၏မျက်နှာအညှင်အပြင်မဆိုးလှကြောင်းကို ကော့ဖေဟုန်သိသည်။

မျက်နှာပေါ်မှ ဓားဒဏ်ရာက အရုပ်ဆိုးစေကြောင်းကိုလည်း သူသိသည်။

သို့သော် ....

ဤလူရွယ်သည် အပေါ်ပါး အောက်ဖိလူစားမျိုး၊ စိတ်ထား မကောင်းသည့်လူစားမျိုးဖြစ်ကြောင်း သူသိပြီးလေပြီ။

အဘယ့်ကြောင့်ဆိုသော် ထိုက်ဟူဂိုဏ်းခွဲမှူး အဘိုးကြီး ဝင်မလာပါက သူကသာ စောစီးစွာ ဒဂိုးများဖြင့် ပစ်ခတ်ပြီး မတိုက် နိုက်ပါက မိမိအား မည်မျှချီးနှိမ်ပြောဆိုမည်မှန်းမသိနိုင်ပေ။

အမဲသတ်သမားလား၊ ဝက်ပေါ်သမားလား မသိဘူးဆိုသည်မှာ အပေါ်ယံပြောဆိုသောစကားသာဖြစ်သည်။

သူ တကယ်တမ်းသာပြောခွင့်ရလျှင် မည်မျှ ပက်ပက်စက်စက် ရက်ရက်စက်စက်ပြောမည်မသိပေ။

ကော့ဖေးဟုန်က လိုတစ်မျိုး မလိုတစ်မျိုး အမျိုးမျိုးပြောင်းလဲ တတ်သော လူမျိုးကို မုန်းသည်။

"ကျွန်တော့်မိတ်ဆွေကို .... လိုတဲ့အကူအညီပေးမယ်ဆိုတာ တကယ်လား .... "

"တကယ်ပေါ့ အစ်ကိုရာ .... "

"ကဲ .... ဒီလိုဆိုရင် ကျွန်တော့်မိတ်ဆွေကို ဒီအခန်းထဲ ခေါ်လိုက်တော့မယ်နော် .... "

"ခေါ်ပါ .... ခေါ်ပါ .... "

ကော့ဖေးဟုန်က နှုတ်ခမ်းနှစ်ခုကို စုကာ လေချွန်သံပြုလိုက်သည်။

တစ်မှုဟုတ်ချင်းမှာပင် တည်းခိုခန်းထဲသို့ ကော့ဖေးဟုန်၏ မြင်းနက်ကြီးမှာ ခွာစုံပေါက်၍ ပြေးဝင်လာလေတော့သည်။

မြင်းခွာသံကြောင့် ....

တည်းခိုခန်းထဲရှိ လူအားလုံး ထိတ်လန့်သွားကြသည်။

ကော့ဖေးဟုန်မှ ဘာမျှမဖြစ်သလို အေးဆေးစွာဖြင့် အနီးသို့ ရောက်လာသော သူ့မြင်းနက်ကြီးမဟူရာကို လက်ဦးညွှန်၍ အမာရွတ် နှင့်လူငယ်ကို ပြောလိုက်၏။

"အဲဒါ ကျွန်တော့်မိတ်ဆွေပါပဲ .... သူ မြက်စားချင်တယ် .... မြင်းစောင်းထဲမှာ ကောင်းကောင်းအိပ်ချင်တယ် .... အဲဒါ အကူအညီပေးလိုက်ပါ ဟုတ်လား .... "

လူငယ်မှာ တိရစ္ဆာန်ကို လူမှတ်၍ လောကဝတ် စကားပြော မိသော မိမိ၏အဖြစ်အတွက် အရှက်ကြီးရှက်နေမိသည်။ ကိုယ့်စကား

နှင့်ကိုယ်မို့ ဘာမျှမတတ်နိုင်တော့ဘဲ မြင်းစက်ကြိုးကိုဆွဲ၍ တည်းခိုခန်း ထဲက ထွက်သွားတော့သည်။

ရှုန်အဘိုးကြီးလည်း ကော့ဖေးဟုန်ကို ကပျာကယာနှုတ်ဆက်ပြီး ထွက်သွားသည်။

ဆိုင်ရှင်လူဝကြီးက လွန်စွာသဘောကျသွားလေတော့၏။ ဤဆိုင်ရှင်မှ ဂိုဏ်းစွဲရှိဟန်မဟူချေ .... ။

"ဟား .... ဟား .... ဟား .... ကောင်းတယ် .... ကောင်းတယ် .... မျက်နှာလိုအား‌ရ လုပ်ချင်တဲ့ကောင်တွေ .... အဲဒီလို နှိပ်ပစ်လိုက်တာ သိပ်သဘောကျတယ်ဟေ့ .... "

ထို့နောက်တော့ ကော့ဖေးဟုန်ကို လေးစားစွာကြည့်ပြီးပြောသည်။

"ကဲ .... မိတ်ဆွေလေးလည်း အတော်လေးပင်ပန်နေပုံရတယ်၊ ရော့ .... ဒီသော့ယူပြီး အခန်းအမှတ်(၁)ကိုသွားနှင့် .... မိတ်ဆွေလေးစားဖို့ ထမင်းနဲ့ ဟင်းတွေကို အခန်းထဲပို့ခိုင်းလိုက်မယ် .... အေးအေးဆေးဆေး အနားယူရင်းစားပေါ့ .... "

ကော့ဖေးဟုန်လည်း သော့ကိုယူပြီး တည်းခိုခန်းအပေါ်ထပ်ရှိ အခန်းအမှတ်(၁)သို့ တက်ခဲ့တော့သည်။

ကော့ဖေးဟုန် မရှိတော့သည်နှင့် စားသောက်ခန်းမထဲရှိ သိုင်း

သမားများသည် ကော့ဖေးဟုန်၏ ပန်းစကြာလက်တောက်သိုင်းပညာအကြောင်း၊ ကော့ဖေးဟုန်၏ ရွှေရောင်အသင်းဝင်တံဆိပ်အကြောင်း၊ ကော့ဖေးဟုန် သိုင်းပညာတော်ကြောင်းများကို ဆွေးနွေးကျယ်လောင်စွာ ဝေဖန်နေကြလေတော့၏။

ဆဝန်း(၄)

အတိတ်ဟောင်း

"ဆရာ သိမ်းလိုက်တော့မယ်နော် .... "

"အေး .... အေး .... "

ကော့ဖေးဟုန်သည် အာလေးလျှာလေးသံကြီးဖြင့် ပြောလိုက်သည်။

စားပွဲထိုးက အိပ်ရာပေါ်မှ အစားအသောက်ပန်းကန်များကို စုထပ်သည်။

စားပွဲထိုးလေးက ပန်းကန်များကို လင်ပန်းထဲတွင် အစီအရီတင်၍ အခန်းထဲမှ ထွက်သွား၏။

ကော့ဖေးဟုန်သည် စားပြီးသည်နှင့် အိပ်ရာပေါ်လဲချလိုက်သည်။

"တံခါးပိတ်ထားခဲ့ဟေ့ .... ငါ အိပ်တော့မယ် .... "

"ဟုတ်ကဲ့ဆရာ .... "

ဆိုင်လုလင် စားပွဲထိုးလေးက တံခါးကို အပြင်မှပိတ်လိုက်လေ၏။

ကော့ဖေးဟုန်မှာ အိပ်တော့မည်ဟု မျက်လုံးကို စုံပိတ်လိုက်သော်လည်း အိပ်၍မပျော်။ သူ ပင်ပန်းနေပါလျက် အဘယ်ကြောင့် အိပ်မပျော်ရသနည်း။

ချူချင်းချင်း၏ မျက်နှာကလေးက သူ၏အမြင်အာရုံထဲသို့ ပေါ်လာသည်။

တစ်မျက်နှာလုံးမှာ ကျောက်ပေါက်မာများ ပြည့်နေသော အကျည်းတန်မလေး၏မျက်နှာ။

မျက်လုံးအစုံကတော့ ကြယ်တာရာပမာ ရွှန်းပြက်လျက်။

အပြုံးကလေးကလည်း လှပါဘိသည်။

ရုပ်ဆိုးသော သူမမျက်နှာ၏ နောက်ကွယ်တွင် လှပသော နှလုံးသားရှိနေသည်။

တဘက်သားကို ကူညီတတ်သည့် စိတ်ထားရှိနေသည်။ နူးညံ့သော နှလုံးသားရှိနေသည်။

ချူချင်းချင်း .... ။

သူမကို လွန်ခဲ့သော တစ်နှစ်ကျော်က ကော့ဖေးဟုန်ကို သိ ကျွမ်းခဲ့ခြင်း ဖြစ်သည်။

အတိတ်သည် စိတ်အာရုံထဲ၌ တရေးရေးပေါ်လာ၏။

ကော့ဖေးဟုန် စိတ်ညစ်နေ၏။ သိုင်းပညာသင်ဖက် ယွင်စည် ကျဲနှင့် ထန်စွမ်ချင်းတို့ကြောင့် ဖြစ်သည်။

ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းတို့နှစ်ဦးလုံးက ကော့ဖေးဟုန်ကို မေတ္တာသက်ဝင်နေကြ၏။ ဤသည်မှ အခက်ကြီးပင်။

ချစ်စိတ်ညွတ်ပြီး သူထက်ငါအပြိုင်အဆိုင် ကော့ဖေးဟုန်ကို အရေးပေးကြသည်။

ပျူငှာဖော်ရွေဟန်ပြသည်။

သိုင်းပညာသင်ကြားပေးနေသော သိုင်းဆရာကြီး တာအိုတန် မှ အလွန်စည်းကမ်းတင်းကျပ်သည့် ရှေးဆန်ဆန် အယူအဆရှိသည်။

သိုင်းဆရာသင်ဖက်မိန်းကလေးများနှင့် ယောကျ်ားလေးများ အချစ်ကိစ္စ မရှပ်ထွေးရန် ကြိုတင်တားမြစ်ထား၏။

သို့ကြောင့်ပင် အမှုအရာပျက်လောက်အောင် မိမိအပေါ် တိမ်း

ညွတ်ဟန်ပြနေကြသော ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းတို့ကို ဆရာကြီး တာအိုတန် ရိပ်မိသွားမှာ စိုးရိမ်ခဲ့၏။

စိုးရိမ်သည့်အတိုင်းလည်း ဖြစ်ခဲ့သည်။

တစ်နေ့တွင် ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းတို့ စွေးနေ့ စွေးဝယ် ထွက်ချိန် ဆရာကြီးတာအိုတန်က သူ၏သီးသန့်လက်ဖက်ရည်အခန်းထဲသို့ ကော့ဖေးဟုန်ကို ခေါ်ယူသည်။

"အမိန့်ရှိပါ ဆရာကြီး .... "

နံနက်ခင်းလက်ဖက်ရည်သောက်နေသော ဆရာကြီး၏မျက်နှာမှာ မကြည်လင်လှပေ။

ကော့ဖေးဟုန်က ဒူးထောက်လျက် အနေအထားမှ ဆရာကြီးကို ကြည့်လိုက်၏။

"ကော့ဖေးဟုန်က .... မင်းဟာ လူတော်တစ်ယောက်ဖြစ်လာမယ်သူပဲကွယ် .... သိုင်းပညာကို အသက်ထက်ခုံမင်တယ် .... ဝီရိယကြီးတယ် .... ဖြတ်ထိုးဉာဏ်ကောင်းတယ် .... အမှတ်သညာအားကောင်းတယ် .... ဒါပေမယ့် တစ်ခုဆိုးနေတယ် .... "

ဆရာကြီး တာအိုတန်က ပြောလက်စ စကားကို ရပ်ထားလိုက်၏။

ပြီးနောက် ကော့ဖေးဟုန်၏မျက်နှာကို စိုက်ကြည့်နေသည်။

"ပြောပါ ဆရာကြီး .... ကျွန်တော့်မှာ မကောင်းတဲ့အချက်၊ ဆိုးရွားတဲ့အချက်ရှိရင် ပြင်ပါ့မယ် .... "

ကော့ဖေးဟုန်သည် တုန်ယင်စွာဖြင့် ပြောမိသည်။

"အိမ်း .... မင်းပြင်ချင်ပေမယ့်လည်း ပြင်လို့ရလိမ့်မယ် မဟုတ်ဘူးကွယ် .... "

"ဗျာ .... "

ကော့ဖေးဟုန် တုန်လှုပ်သွားမိ၏။

မိမိ၏ ဆိုးရွားသောအချက်မှာ ပြင်၍မရနိုင်လောက်အောင်ပင် ရှိနေသည်လား။

မည်သည့်အချက်များနည်း။

ကော့ဖေးဟုန် သိချင်လှပြီ။

"မင်းမျက်နှာပဲ .... "

"ဟင် .... "

"ဟုတ်တယ် ကော့ဖေးဟုန် .... မင်းမျက်နှာဟာ တစ်ထောင်မှာတစ်ယောက်၊ တစ်သောင်းမှာတစ်ယောက်မရှိတဲ့မျက်နှာ .... "

"ကျွန်တော့်မျက်နှာ ဟုတ်လား ဆရာကြီး၊ ကျွန်တော့်မျက်နှာက ဘာများထူးခြားလို့ပါလဲ ခင်ဗျာ .... "

"သိပ်ချောနေလို့ပေါ့ကွယ် .... မင်းလို စိတ်ထားကောင်းတဲ့

ယောကျ်ားလေးတစ်ယောက်က ဒီလောက်ခန့်ညားချောမောတဲ့ ရုပ်ရည်ကို ပိုင်ဆိုင်ထားတော့ မိန်းမလောကနဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်ပြီး မင်း ဒုက္ခရောက်စရာ အန္တရာယ်တွေ ရှိနေတယ်ကွယ်"

ကော့ဖေးဟုန်မှာ ဆရာကြီးပြောမှပင် မိမိကိုယ်မိမိ သတိပြုမိတော့၏။

"ဟုတ်ရဲ့လား ဆရာကြီးရယ်၊ ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်ကျွန်တော် သူလိုငါလိုပဲထင်နေတာပါ ခင်ဗျာ .... "

ဆရာကြီးတာအိုတန်က နှစ်ခွိုက်ဖွာပြုံးလိုက်ပြီး ....

"ငါဟာ သိုင်းပညာမှာသာမကဘဲ ပန်းချီပညာမှာပါ ထူးချွန်တယ်ဆိုတာ ငါတပည့်အသိပဲ .... လူတွေရဲ့မျက်နှာနဲ့ ပတ်သက်ရင် ဆရာကြီးအမြင် မမှားပါဘူးကွယ် .... ငါတပည့်မျက်နှာကတော့ .... ယောကျ်ားတွေထဲမှာ တစ်ကယ်ရှားတယ် .... "

ကော့ဖေးဟုန် ခေါင်းငိုက်စိုက်ကျသွားသည်။

ဆရာကြီး၏စကားကို ကော့ဖေးဟုန် နားလည်သည်။

မိမိမျက်နှာမှာ လောကတွင် အချောမောဆုံးဟု သိလိုက်သောထိုအချိန်၌ ကော့ဖေးဟုန် ဝမ်းမသာ။ မာနမတတ်ချေ။

စိတ်ပျက်သွားသည်။

ရုပ်ရည်ချောမောနေလို့ ဘာလုပ်မှာလဲ။

မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေသည်မှာ ဒုက္ခတစ်မျိုးဖြစ်မှန်း ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းတို့ကြောင့် သိခဲ့ရပြီ မဟုတ်ပါလား။

သူလိုချင်သည်မှာ သိုင်းပညာ၊ ထိပ်တန်းသိုင်းပညာ။

"ဆရာကြီး .... "

ကော့ဖေးဟုန်က တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်သကဲ့သို့သောအသံနှင့် ခေါ်လိုက်၏။

"ပြောပါ ကော့ဖေးဟုန် .... "

"ကျွန်တော်လိုချင်တာ သိုင်းပညာပါ ဆရာ .... ရုပ်ရည်ချောမောပြီး မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ဘဝ မဟုတ်ပါဘူး .... ဒါကြောင့် ကျွန်တော့်မျက်နှာကို ဓားနဲ့လှီးပြီး အကျည်းတန်သွားအောင် ပြုလုပ်ခွင့်ပေးပါ ဆရာကြီး .... "

ကော့ဖေးဟုန်သည် အဆုံးစွန်သော တောင်းပန်မှုကို ပြုလိုက်၏။

"အခုလို သိုင်းပညာကို စုံမက်တဲ့စိတ်ဓာတ်ရှိတာသိရလို့ ဆရာကြီး ဝမ်းသာပါသကွယ် .... ဒါပေမဲ့ သဘာဝက လက်ဆောင်ပေးထားတဲ့ မင်းမျက်နှာကိုတော့ ဖျက်ဆီးခွင့်မပြုနိုင်ဘူး .... မင်း ဘဝပေးကံကြမ္မာရှိလို့ ခုလို မျက်နှာကို မင်း ဝိုင်ဆိုင်ခွင့်ရထားတာပဲ .... ဒီတော့ မိန်းကလေးများတွေနဲ့ ပတ်သက်တဲ့ ကံကြမ္မာကို မင်း ကြံကြံခံကျော်

လွှားပြီး သိုင်းပညာကိုရအောင်ရှာပေတော့ ငါတပည့် .... ဘဝဆိုတာ
မှာ အခက်အခဲကြီးကြီးမားမားကို ရင်ဆိုင်ကျော်လွှားပြီး ပညာကို
ရအောင်ယူနိုင်မှ ထူးချွန်တဲ့လူတော်ဖြစ်မှာကွယ် .... အေး .... မင်း
အခု ကျော်လွှားဖြတ်သန်းရမယ့် အခက်အခဲကတော့ မိန်းမလောက
ပဲကွယ် .... ဒီလောကကို အောင်နိုင်ဖြတ်သန်းပြီးပြီဆိုရင်တော့ ငါ
တပည့် လောကကို ရဲရဲရင့်ဆိုင်နိုင်မှာပါ .... "

"ဆရာကြီးအမိန့်ရှိတာကို တပည့်မှတ်သားထားပါတယ်"

ဆရာကြီး တာအိုတန်က သက်ပြင်းချလိုက်ပြီး ....

"အဲဒီတော့ ငါတပည့်ကြီး ပြောတာတွေကို အသေအချာမှတ်
ပြီး အတိအကျလိုက်နာဆောင်ရွက်ပေတော့၊ တစ်အချက် မင်းမျက်နှာ
ကို မဖျက်ဆီးနဲ့ .... "

"ဟုတ်ကဲ့ပါ ဆရာကြီး .... "

"နှစ်အချက် မင်း ဒီကထွက်သွားပါ .... "

"ဗျာ .... "

"အေးကွယ် .... ဆရာကြီးလည်း စိတ်မကောင်းပါဘူး .... ဒါ
ပေမယ့် ငါတပည့်လည်း ဆရာကြီးရဲ့စိတ်သဘောကို သိသားပဲ ....
ဆရာကြီးက ပညာသင်ဖက် မိန်းကလေးများနဲ့ ယောကျ်ားလေးများ
အချစ်ကိစ္စမရှုပ်ထွေးရဘူးလို့ စည်းကမ်းသတ်မှတ်ထားခဲ့မိလေတော့"

ကော့ဖေးဟုန် ဘာမျှမပြောနိုင်ပေ။ ယွင်စည်ကျဲနှင့် ထန်စွမ်
ချင်း ပြဿနာကို ဆရာကြီးသိနေပေပြီ။

"အဲဒါကြောင့် ဒီနေ့ ယွင်စည်ကျဲတို့ကို စွေးလွှတ်လိုက်တာပဲ၊
ငါတပည့် ဒီနေ့ပဲ ထွက်ပေတော့ .... "

"ဟုတ် .... ဟုတ်ကဲ့ ဆရာကြီး .... "

ကော့ဖေးဟုန်အသံမှာ နွမ်းလျနေသည်။ ဝမ်းနည်းမှုကို မဖုံးဖိ
နိုင်တော့။ မျက်ရည်စက်များက ပါးပေါ်စီးကျလာ၏။

"ဒီ .... ဒီလိုဆိုရင် ကျွန်တော် .... ကျွန်တော် သိုင်းပညာမရ၊
မရတော့ဘူးပေါ့ .... "

ဆရာကြီး တာအိုတန်က ရယ်မောသည်။

ကော့ဖေးဟုန်က နားမလည်စွာဖြင့် မော့ကြည့်၏။

"စိတ်မပျက်ပါနဲ့ တပည့်ရယ် .... ရော့ .... ဟောဒီမှာ သိုင်း
ကျမ်းစာအုပ် .... ဒါ မဟာဘူတ သိုင်းပညာကျမ်း .... ဒီကျမ်းစာအုပ်
ဟာ လောကမှာရှိတဲ့ သိုင်းပညာရပ်ပေါင်းများစွာရဲ့ အခြေခံယေဘုယျ
တူညီချက် သဘောတွေကို ထုတ်နုတ်စီရင်ထားတဲ့ကျမ်းပဲ .... ဒီကျမ်း
ကို မအိပ်မနေ လေ့လာပါ .... အေး .... တစ်ခုတော့ရှိတယ် .... ဒီ
ကျမ်းကို တတ်မြောက်ရုံနဲ့တော့ ဘာသိုင်းပညာကိုမှ တတ်မြောက်ဦး
မယ် မသိသေးဘူး .... "

"ဗျာ .... "

ကောဖေးဟုန် အံ့အားသင့်သွား၏။

ဘယ့်နယ် သိုင်းကျမ်းတစ်အုပ်လုံး တတ်မြောက်ပြီး သိုင်းပညာ မတတ်ကျမ်းဘူးရယ်လို့။

"ဟုတ်တယ် ကောဖေးဟုန် .... ဒီသိုင်းကျမ်း သဘောက လောကမှာ ကျဲပြားခြားနားနေတဲ့ သိုင်းပညာရပ်ပေါင်းများစွာရဲ့ မူလ ဘူတ တရားကိုယ် အချက်ကြီးတွေနဲ့ ကျင့်စဉ်တွေ၊ အတွင်းအားပညာ ရပ်တွေကို သင်ကြားပေးမယ့် သိုင်းကျမ်းပဲ .... ဒီသိုင်းကျမ်းကို တတ် မြောက်ပြီးရင် .... မင်း သိုင်းပညာတရပ်ရပ်ကို မတတ်မြောက်ပေမဲ့ လောကမှာရှိတဲ့ မည်သည့်သိုင်းပညာကိုမဆို .... တစ်ခါမြင်ရုံနဲ့ မင်း သဘောပေါက်တတ်ကျမ်းသွားလိမ့်မယ် .... "

"ဟင် .... ဒါ ကျွန်တော်ကြားဖူးခဲ့တဲ့ သိုင်းပညာ လျှို့ဝှက်ချက် အသက်ဝိညာဉ်ကျမ်းဆိုတာများလား .... "

"အေး .... အဲဒါက ဒီကျမ်းရဲ့နာမည်ကွဲပေါ့ .... မင်း လုံ့လဝီရိယ ထုတ်ပြီး လေ့လာပါ .... တတ်မြောက်သွားပြီဆိုရင် သိုင်းလောကထဲ ကိုဝင်ပြီး သိုင်းသမားတွေရဲ့ တိုက်ကွက်ကို မြင်အောင်ကြည့်၊ ရအောင် ယူ၊ တစ်ခါတွေ့ဖူးရုံနဲ့ မင်း တတ်မြောက်လိမ့်မယ် .... "

ကောဖေးဟုန်က တုန်ယင်သောလက်အစုံဖြင့် သိုင်းကျမ်းစာ

အုပ်ကို လက်လှမ်းယူသည်။ စာအုပ်မှာ လက်ထဲမှ လွတ်ကျချင်ချင်ဖြစ် နေ၏။

"ဝမ်းသာလိုက်တာ ဆရာကြီးရယ် .... "

ဆရာကြီးတာအိုတန်ကို အကြိမ်ကြိမ်ဦးညွတ်ကန်တော့၍ .... အခန်းထဲမှ ထွက်ခဲ့၏။

အထုပ်အပိုးပြင်သည်။

အဝတ်အစားနှင့် ငွေအနည်းငယ်ကို ကျောသိုင်းအိတ်ထဲထည့် ၏။

'မဟာဘူတ သိုင်းပညာကျမ်း' ကို ရင်ဘတ်တွင် အသားနှင့် ကပ်၍ ကြိုးနှင့် ချည်နှောင်သိမ်းဆည်းသည်။

ဆရာကြီး တာအိုတန်ရှိရာ လက်ဖက်ရည်ခန်းမသို့ ဂါရဝပြုဦး ညွတ်ကာ အိမ်ဝင်းထဲမှ အလျင်အမြန်ထွက်ခဲ့သည်။

ယွင်စည်ကျဲနှင့် ထန်စွမ်ကျင်းတို့ ပြန်မရောက်မီ အဝေးကို ရောက်နေမှ ဖြစ်မည်။ ထို့ကြောင့် ခပ်သုတ်သုတ်ထွက်ခဲ့၏။

ကောဖေးဟုန် လျှောက်လာရာ လမ်းမတစ်လျှောက်တွင် စား နေ့ဖြစ်သောကြောင့် လူများစွာ စည်ကားဆူညံနေသည်။

တစ်ဦးနှင့်တစ်ဦး တိုးဝှေ့သွားလာနေကြ၏။

လမ်းတစ်ဘက်တစ်ချက်တွင် ခင်းကျင်းရောင်းချနေသော ဆိုင်

တန်းများ၌ အစားအသောက်၊ သစ်သီးဝလံ၊ သားငါးမျိုးစုံအပြင် ကြေကရား၊ ပန်းကန်ခွက်ယောက်မှအစ ပန်းချီကားများအထိ မြင်တွေ့နိုင်၏။

ပိုးချည်၊ ဇာထိုးပန်းထိုး အဝတ်အထည်ဆန်း အလှအပများကိုလည်း တွေ့ရ၏။

သိုင်းသမားတို့၏ လက်ဖွဲ့ပစ္စည်းများဖြစ်သော ဓား၊ လှံ၊ လေးမြား လက်နက်များ ခင်းကျင်းရောင်းချနေသည့် ဆိုင်ရှေ့သို့ ရောက်လာ၏။

ကော့ဖေးဟုန်မှာ သိုင်းသမားတိုင်းတွင်ရှိတတ်သော သိုင်းလက်နက်ကို ခုံမင်သည့်စိတ်ကြောင့် ပြထားသည့် ပစ္စည်းများကို ငေးမောကြည့်နေမိသည်။

ချိတ်ဆွဲ၍တချို့၊ ခင်းကျင်း၍တချို့ ထားရှိသော ဓားများကို တစ်ခုချင်း လိုက်ကြည့်နေမိသော ကော့ဖေးဟုန်စိတ်ထဲတွင် မိမိကျောတွင် လွယ်ပိုးထားသည့် ကျောက်စီဓားလောက်ကောင်းမွန်သော ဓားကို မတွေ့ဟု မှတ်ချက်ချမိ၏။

ဤဓားမှာ မိမိအဘိုးအဘွားလက်ထက် အစဉ်အဆက် အမွေဆက်ခံခွင့်ရသော မျိုးရိုးပိုင်ပစ္စည်းပင်။

ကော့ဖေးဟုန်တွင် မျိုးရိုးအမွေဟူ၍ မိမိခန္ဓာကိုယ်ထဲတွင်

လည်ပတ်စီးဆင်းနေသော သိုင်းပညာကို ချစ်မြတ်နိုးတတ်သည့် 'သွေး' နှင့် ဤရတနာများ စီခြယ်ထားသော ဆောင်ပုဒ်သာရှိသည်။

"ဟေ့ .... အစ်ကိုပါလား .... "

တစ်စုံတစ်ယောက်က လက်မောင်းကို လာရောက်ဆုပ်ကိုင်လိုက်သဖြင့် အတွေးလွန်နေရာမှ သတိရလာသည်။

လှည့်ကြည့်လိုက်သောအခါ ....

"ဟင် .... ယွင်စည်ကျွန်တော့် ထန်စွမ်ချင်း .... "

ကော့ဖေးဟုန်သည် အံ့အားသင့်ခြင်းနှင့်အတူ မျက်နှာပျက်သွား၏။

"ကြည့်စမ်း .... အစ်ကို ဘယ်သွားမလို့လဲ .... အထုပ်အိုးတွေနဲ့ပါလား .... "

ကော့ဖေးဟုန်က ဘာပြောရမည်မသိ။

စိတ်ထဲမှာတော့ တစ်ခဏချင်း အတွေးများ ယောက်ယက်ခတ်သွားသည်။ သူ့စိတ်ထဲက ပြောမိသည်။

"ငါ့ရည်ရွယ်ချက်က သိုင်းပညာသင်ဖို့ .... သူတို့ အထင်လွဲရင်လည်း လွဲပါစေတော့ .... "

အနှစ်အလလ ပညာသင်ဖော် ပညာသင်ဖက်များအဖြစ် စားအတူ သွားအတူ နေထိုင်လာခဲ့ကြသူများဖို့ တကယ်တမ်း ခွဲကြရ

မည်ဆိုတော့လည်း ရင်ထဲတွင် ခံစားရသည်။

စိတ်မကောင်းနိုင်။

ယွင်စည်ကျဲမှာတော့ ကော့ဖေးဟုန် လက်မောင်းကို ဆုပ်ကိုင်ပြီး နားမလည်နိုင်ဟန်ဖြင့် ကြည့်နေသည်။

မျက်မှောင်ကြုတ်ထားသော သူမမျက်လုံးများမှာ အရောင်တဖျပ်ဖျပ်တောက်နေသည်။ ထိုမျက်လုံးများ၌ မျက်ရည်လွှမ်းနေသည်၊

ဖြူနုချောမွေ့သော သူမ၏မျက်နှာပေါ်တွင် သောကရိပ်အချို့နှင့် စူးစမ်းမေးမြန်းဟန်များ ပေါ်နေသည်။

ယွင်စည်ကျဲ၏ လက်မောင်းတစ်ဘက်တွင် ဝေးခြင်းတောင်းကြီးကို ချိတ်ဆွဲထား၏။

အပေါ်ဆုံးတွင် ကော့ဖေးဟုန် အလွန်ကြိုက်သော 'ကိုဆေး' တံဆိပ်ကပ်ထားသည့် အသားပေါက်စိသုံးလုံး။

ကော့ဖေးဟုန် မျက်နှာလွှဲလိုက်မိသည်။

အကြည့်က ယွင်စည်ကျဲနောက်တွင် ရှိ.ရှိ.လေး ရပ်နေသော ထန်စွမ်ချင်းထံ ရောက်သွားပြန်သည်။

ထန်စွမ်ချင်းမှာ ရုက်ရွံ့သော မျက်နှာနှင့် ဦးခေါင်းကလေးကို ငုံ့ငုံကလေးရှိနေသည်။

သူမ၏ လက်မောင်းပေါ်တွင် အနီ အဝါ အစိမ်းရောင်များဖြင့်

ခြေသော့ရပ်လုံးဖော်ထားသော ချည်ထိုးပိုးဝတ်လုံ။

ဤပိုးဝတ်လုံမှာ ကော့ဖေးဟုန်အတွက် နှစ်ကူးလက်ဆောင်ပေးရန် သူမ၏ဆုတွေဖြင့် ဝယ်လာခဲ့မှန်း ကော့ဖေးဟုန် သိသည်။

ရုက်သွေးဖြန်းနေသော မျက်နှာနှင့် မော့ကြည့်လာသော ထန်စွမ်ချင်း၏အကြည့်ကို ကော့ဖေးဟုန် ရှောင်လွှဲလိုက်သည်။

ပါးချိုင့်ကလေးများဖြင့် ပြုံးရယ်တတ်သော ယွင်စည်ကျဲကို လည်းကောင်း၊ နီထွေးသော နှုတ်ခမ်းပေါ်တွင် မဲ့နက်ကလေးဖြင့် ထူးခြားလှပနေသည့် အမြဲရုက်ရွံ့နေတတ်သော ထန်စွမ်ချင်းကိုလည်းကောင်း ယခုအချိန်တွင် သံယောဇဉ်ဖြတ်ရတော့မည်။

ကော့ဖေးဟုန်သည် သူ့လက်မောင်းအား တွယ်ထားသည့် လက်ကို ရုတ်တရက် ဖြုတ်ချပြီး လူအုပ်ကြားထဲသို့ အလျင်အမြန် တိုးဝင်လိုက်တော့သည်။

"အစ်ကို .... အစ်ကို .... "

ယွင်စည်ကျဲအသံ။

"အစ်ကို .... အစ်ကို ဘယ်သွားမလို့လဲ .... ညီမတို့ကို စောင့်ပါဦး .... "

ထန်စွမ်းချင်း၏အသံ။

ကော့ဖေးဟုန် ခြေလှမ်းများကို သွက်လက်လှသည်။

လူများကို တိုးဝှေ့၍ ယွင်စည်ကျဲကို မျက်ခြည်ပြတ်သွားအောင် ကြိုးစားသည်။

သို့သော် ....

"အစ်ကို .... အစ်ကိုရေ .... "

ခေါ်သံများက မလှမ်းမကမ်းမှ ကပ်ပါလာနေဆဲပင်။

စျေးထောင့်တစ်နေရာသို့ အရောက်တွင် လမ်းဘေးခွဲ အဝတ်အစားများကိုချတ်၍ နေရောင်အောက်မှ အလေးအမွှားနှင့် သန်းများရှာနေသော ကိုက်ပန်အမည်ရှိ သူတောင်းစားကြီးတစ်ဦးကို တွေ့ရသည်။

ကော့ဖေးဟုန်က ကိုက်ပန်၏အနီးခွဲ အလျင်အမြန် ဝင်ထိုင်ချလိုက်ပြီး ....

"ဦးလေး .... ကျွန်တော့်ကို ဒီအဝတ်အစားတွေ ခဏလောက် ငှားပါလားဗျာ .... "

ပြောပြောဆိုဆိုနှင့်ပင် ကော့ဖေးဟုန်က ကိုက်ပန်၏ လက်ထဲမှ အဖာအထေးရာများထပ်နေသော အဝတ်ကိုယူပြီး သူ့ကိုယ်ပေါ်တွင် ဝတ်လိုက်သည်။

ပြီးလျှင် နံဘေးခွဲအသင့်ရှိသော ဂုန်နီအိတ်ကြီးကိုလည်း သိုင်းလွယ်လိုက်သည်။

ဆံပင်များကို ဖွာချလိုက်ပြီး မျက်နှာကို လမ်းဘေးဖုန်မှုန့်များနှင့် သုတ်လိမ်းလိုက်လေသည်။

"ဟေ့ .... ဟေ့ .... အဲဒါဘာလုပ်တာလဲ .... ငါ့အဝတ်အစားကို ပြန်ပေးပါ .... ငါမှာမရှိလို့ တောင်းစားပါတယ် .... ဒီမရှိမဲ့ ရှိမဲ့ ငါပစ္စည်းကို မောင်ဝိုင်စီးချင်တဲ့လူ လာတွေ့နေရပြန်ပကော .... "

ဟု ကိုက်ပန်က မြည်တွန်တောက်တီးနေသည်။

ကော့ဖေးဟုန်က ....

"တိုးတိုးပြောပါဦးရယ် .... ဦးအဝတ်အစားတွေကို ခဏငှားတာပါ .... ကျွန်တော့်နောက်ကို မိန်းကလေးနှစ်ယောက် လိုက်လာလို့ အဲဒါ မတွေ့အောင် ရုပ်ဖျက်ထားချင်လို့ပါ .... "

ကော့ဖေးဟုန်ပြောနေစဉ်မှာပင် ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းတို့ ထိုနေရာသို့ ရောက်လာသည်။

ယွင်စည်ကျဲက ....

"ဟင် .... အစ်ကို့ကို မတွေ့တော့ဘူး .... ဒီနားလေးမှာပဲ ပျောက်သွားတယ် .... "

ထန်စွမ်ချင်းက ....

"အေးဟယ် .... သူကျောမှာလည်း အထုပ်အပိုးတွေ လွယ်ထားတယ် .... တစ်နေရာကို ထွက်သွားမလို့လား မသိဘူး .... "

"အေး .... ဟုတ်မယ် အစ်ကို .... ငါတို့ကိုတောင် နှုတ်မဆက်ဘဲ စိမ်းစိမ်းကားကားကြီး ထွက်သွားတာဆိုတော့ မဟုတ်မှလွဲရော သူမှာ ငါတို့ထက်ပိုပြီး ချစ်ရမယ့်သူ တွေ့သွားလို့ဖြစ်မယ် .... "

ယွင်စည်ကျဲက ပြောလိုက်ခြင်းဖြစ်သည်။

ထန်စွမ်ချင်းမှာ မျက်နှာငယ်လေးနှင့် ခေါင်းငုံ့သွားသည်။

ယွင်စည်ကျဲက တောက်တစ်ချက်ခေါက်လိုက်ပြီး ....

"တောက် .... ငါတို့ကတော့ သူ့အပေါ် ချစ်လိုက်ရတာ .... သူကတော့ အသစ်တွေ့လို့ အဟောင်းမေ့ပြီး ထွက်သွားပြီ .... ဟင်း သူစားဖို့ ဝယ်ထားတဲ့ ဒီအသားပေါက်စီတွေကို ငါ လွှင့်ပစ်လိုက်တော့မယ် .... "

စွေးခြင်းတောင်းကြီးထဲမှ အသားပေါက်စီများကိုယူ၍ လမ်းဘေးသို့ လွှင့်ပစ်ရန်ပြင်နေသော ယွင်စည်ကျဲကို သူတောင်းစား အဘိုးကြီးမြင်လျှင် ....

"သနားကြပါကွယ် .... ဦးတို့မှာ စားရမဲ့ သောက်ရမဲ့ဘဝပါ မြေကြီးပေါ် လွှင့်ပစ်ရင် ခွေးစားသွားမယ့်အတူတူ ဦးတို့ရဲ့ တောင်းရမ်းတဲ့ခွက်ထဲ ထည့်ရင် ကုသိုလ်ရပါသကွယ် .... "

သူက ဒန်ချိုင့်ဝိန်နှင့် ထိုးခံနေသည်။

ယွင်စည်ကျဲက သူတို့ကို သတိပြုမိသဖြင့် လှည့်လိုက်သည်။

ကော့ဖေးဟုန်မှာ ခေါင်းကိုငုံ့ထားရသည်။

ယွင်စည်ကျဲက ....

"အေး .... ဟုတ်တယ် .... အစ်ကို ကော့ဖေးဟုန်အတွက် ဝယ်လာတဲ့ ပေါက်စီသုံးလုံးကို ဒီသူတောင်းစားသားအဖကို ပေးပစ်လိုက်တာပဲ ကောင်းတယ် .... "

မြှောချွေ ခွက်ထဲသို့ အသားပေါက်စီများကို ထည့်လိုက်သည်။

ထန်စွမ်ချင်းက သက်ပြင်းချလိုက်ပြီး ....

"ယွင်စည်ကျဲရယ် .... နင်က ပေါက်စီတွေကို ပေးပစ်လိုက်ပြီဆိုတော့ ငါလည်း ဒီပိုးဝတ်လုံကို ပေးရတော့မှာပေါ့ .... ကဲ .... ရော့ ရော့ .... ကျွန်မရဲ့ ဝတ်လုံကို ရှင့်ဖို့ပေးပါတယ် .... ရှင်နဲ့ဆို အတော်ပဲနေမှာ .... ရှင်ပဲဝတ်ပေတော့ .... "

သူမသည် ကော့ဖေးဟုန်၏ ပခုံးပေါ်သို့ ဝတ်လုံအင်္ကျီကို လွှားတင်ပေးလိုက်တော့သည်။

ကော့ဖေးဟုန်၏ ရင်ထဲတွင် နှင့်ခနဲ ခံစားလိုက်ရလေသည်။ သူတို့သည် သူ့အပေါ် အလွန်စိတ်နာသွားကြပေပြီ။

"ကဲ .... မြန်ကြမယ်ဟေ့ .... တို့ကို ဆရာကြီး မျှော်နေရော့မယ် .... "

ယွင်စည်ကျဲနှင့် ထန်စွမ်ချင်းတို့ မြန်လှည့်ထွက်သွားကြတော့

သည်။ သူတို့ ထွက်ခွာသွားပြီးသောအခါ ကော့ဖေးဟုန်က သူတောင်းစားအဘိုးကြီး၏ အဝတ်အစားကို ပြန်ချွတ်ပေး၏။

ထန်စွမ်ချင်းပေးသွားသော ဝတ်လုံအင်္ကျီကို အသေအချာခေါက်၍ အထုပ်ထဲတွင် သိမ်းဆည်းလိုက်မိတော့သည်။

သူသည် အဝတ်အစားများကိုကြည့်ချင်စိတ်ပင် မရှိတော့ချေ။ သို့သော် ထန်စွမ်ချင်းပေးသည့်ပစ္စည်းဖြစ်နေသဖြင့် မစွန့်ပစ်ရက်ပြန်ပေ။ တကယ်တော့ ထန်စွမ်ချင်းသည် ဤဖိုးဝတ်လုံအင်္ကျီကို သူအတွက် ရည်ရွယ်ပြီး ဝယ်လာခြင်းဖြစ်သည်။

သူသည် ယွင်စည်ကျဲရော ထန်စွမ်ချင်းတို့နှစ်ယောက်စလုံး၏ စေတနာမေတ္တာကို သူကောင်းစွာသိပါသည်။ နှစ်ယောက်စလုံးပင် သူအပေါ် စေတနာရေစီးကမ်းပြိုလိုက်နေကြသည်။ မဆွတ်ခင်က ညွှတ်ချင်သူများဖြစ်နေကြသည်။ နှစ်ယောက်စလုံး တစ်မျိုးတစ်ဖုံ စီးမြောကြပါပေသည်။

သို့သော် ယွင်စည်ကျဲက အနည်းငယ် စိတ်မာသည်။ မိန်းကလေး၏စိတ်သဘောမျိုးမဟုတ်ဟု ပြောရန်ခက်သော်လည်း စိတ်ဓာတ်မာကြောသည်ကိုမူတော့ ဖေးဟုန်သိသည်။

ထန်စွမ်ချင်းကရော ....

ထန်စွမ်ချင်းမူ ယွင်စည်ကျဲထက် စိတ်သဘောထားပျော့သည်။

နူးညံ့သိမ်မွေ့သော စိတ်သဘောထားရှိသည်။ လူအားလုံးကို အလျှော့ပေးတတ်သည်။ ဆရာကြီးတာအိုတန်ခိုင်းသည့်ကိစ္စမှမဟုတ်။ မည်သူက ခိုင်းခိုင်း လုပ်ပေးတတ်သည်။ သူမ ပြိုင်ဘြင်းနေသည်ကို ကော့ဖေးဟုန် တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးချေ။

ကော့ဖေးယုန်က သူ့ဘက်ရောက်နေသည်ဟုထင်နေသည်မှာ သူမျက်နှာကြောင့်ဟု ထင်နေသည်။ သူ့ကိုယ်ကာယမှာလည်း မဆိုးလှပါ။ အနည်းငယ်ဝိန်သည်ဟုထင်ရသော်လည်း တကယ်တော့ မဝိန်ပါ။ သိုင်းပညာလေ့ကျင့်သင်ကြားရန် ခန္ဓာကိုယ်အနေအထားမျိုးပင် ဖြစ်ပါသည်။

တကယ်တော့ ထိုမိန်းကလေးနှစ်ယောက်က သူအား လိုလိုလားလား ချစ်ခင်နေကြခြင်းမှာ သူရုပ်ရည်ရုပကာကြောင့်ချည်း မဟုတ်ပါ။ သူ၏ခန္ဓာကိုယ်အချိုးအစားကြောင့် မဟုတ်ပါ။ သူ၏အတွင်းစိတ်ဓာတ်ကြောင့်လည်းဖြစ်ပါသည်။

ကော့ဖေးဟုန်၌ အထက်တန်းကျသော စိတ်ဓာတ်ရှိပါသည်။ သူ၏အထက်တန်းကျသောစိတ်ဆိုသည်မှာ ထင်မှတ်မှားနေသော စိတ်ဓာတ်မျိုးမဟုတ်ပါ။

လူအများက ထင်မှတ်နေကြသည်မှာ ငွေရှိလျှင်၊ ဂုဏ်ရှိလျှင်၊ ငွေရှိဂုဏ်ရှိသောလူများနှင့် ပေါင်းသင်းနိုင်သည်ဆိုလျှင် အထက်တန်း

ကျသည်ဟု အဆင်ရှိကြသည်။ တကယ်တမ်းက ထိုသို့မဟုတ်ပါ။ ကော့ဖေးဟုန်၌ လူတကာက စံနမူနာလောက်သည့်စိတ်ထားမှာ ကိုယ်ချင်းစာတရားရှိခြင်းပင် ဖြစ်သည်။

သူသည် ကိုက်ပန်သူတောင်းစားကြီးကို လုံးဝဂရုမစိုက်ဘဲ နေနိုင်သူဖြစ်ပါသည်။ သူသည် ကိုက်ပန်သူတောင်းစားကြီး၏အနီးတွင် ထိုင်ချပြီး တောင်းတောင်းပန်ပန် စကားပြောခဲ့သည်။

ထိုစကားမှာ ....

"ဦးလေး .... ကျွန်တော့်ကို ဒီအဝတ်အစားတွေ ခဏလောက် ငှားပါလားဗျာ .... "

ကြည့်ပါ။

သူပြောသည့်စကားကိုကြည့်ပါ။ လုပ်ချင်တိုင်းလုပ်လို့ရသည့် သူတောင်းစားတစ်ယောက်ကို သူက တောင်းတောင်းပန်ပန်ပြောခဲ့ပါသည်။ သူတောင်းစား၏အဝတ်အစားများကို အရေးတကြီးလိုချင်နေသဖြင့် သူဤသို့ပြောခြင်းသာဖြစ်သည်ဟု ဆိုနိုင်ကောင်းဆိုနိုင်သော်လည်း ဤမျှလောက် နူးညံ့ပျော့ပြောင်းသောစကားတော့ ပြောလိမ့်မည်မဟုတ်ပါ။

သူသည် ကိုယ်ချင်းစာတရားထားပြီး သူတောင်းစားကြီး၏ အဝတ်များကို လှမ်းတပ်ပါ။ တော်ရုံတန်ရုံ တောင်းပန်စကားပြောပြီး

အဝတ်အစားများကိုမတောင်းပါ။ အလွန်နူးညံ့ပျော့ပျောင်းစွာပြောပြီး သူတောင်းစားကြီး၏အဝတ်အစားများကိုတောင်းခဲ့ပါသည်။ ထိုဖြစ်ရပ်ကလေးသည် သူစိတ်ဓာတ်ကို မဖော်ပြနိုင်ဟုဆိုလျှင် လွန်ခဲ့သော တစ်လခန့်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို ပြန်လည်ညွှန်ပြရပါမည်။

ထိုစဉ်အခါက ကော့ဖေဟုန်သည် ဓားပြအတိုက်ခံရသည့် အိမ်တစ်အိမ်ကို ကြုံတွေ့ခဲ့ရသည်။ သူရောက်သွားသည့်အချိန်တွင် ဓားပြများမရှိကြတော့ပါ။ ဓားပြအတိုက်ခံရသူများမှာ အချမ်းသာကြီးမဟုတ်ကြပါ။ လိမ်ကျစ်ကုတ်ခြစ်ထားသည့်ပစ္စည်းများနှင့် အဝတ်အစားများပါ ဓားပြများက ယူဆောင်သွားကြသဖြင့် အားလုံး အဆင်းရဲကြီးဆင်းရဲသွားကြပါသည်။

ထိုအိမ်သားများအား သူတွင်ပါသမျှငွေအားလုံး ပုံပေးခဲ့သည်။ သူ့အဝတ်အစားများကိုပင် ချွတ်ပေးခဲ့သည်။ အိမ်သားများ စားသောက်ရန် ချက်ပြုတ်ပေးရန်ပင် သူ ပြုလုပ်ခဲ့သည်။ အိမ်သားများက ရှိရှိဦးတင် တောင်းပန်ကြသောကြောင့်သာ သူလုပ်မပေးခဲ့ခြင်းဖြစ်ပါသည်။

သူသည် အတွင်းခံအင်္ကျီကလေးဖြင့် ပြန်လာခဲ့သည်။

"မောင်မင်းကြီးသား .... ကျန်းမာချမ်းသာပါစေ .... ဘေးရန်ကင်းရှင်းပြီး အန္တရာယ်များကင်းဝေးပါစေ .... "

ဤသည်မှ ထိုအိမ်မှအထွက် ဓားပြအတိုက်ခံရသော အဘိုးအို က ဆုတောင်းပေးသံပင်ဖြစ်ပါသည်။

ကော့ဖေးဟုန်၌ အကြင်နာတရားရှိသည်။ ဆရာဖြစ်သူကို ရိုသေသည်။ ဂိုဏ်းတူညီမလေးများအပေါ်၌လည်း ကြင်နာသည်။ နိမ့်ကျသော သူများအား ဖေးမကူညီလိုသည်။ သူတစ်ပါးအား စောင်မပေးသနားရန် သူသည် မည်သည့်အခါမျှ တွန့်တိုနေလိမ့်မည် မဟုတ်ချေ။ သူရန်သူကိုလည်း အလျှော့ပေးမည့်သူ မဟုတ်ပြန်ချေ။ အသေအကြေ တိုက်ပြန်မည့်သူဖြစ်သည်။

ဤသည်မှာ ကော့ပေးဟုန်၏ အထက်တန်းကျသော စိတ်ဓာတ်ပင် ဖြစ်သည်။ ကော့ဖေးဟုန်သတိမထားမိသည်မှာ သူ၏ ချောမောလှသောရုပ်ရည်နှင့်အတူ သူ့စိတ်နှလုံးလှနေခြင်းကိုတည်း။ ဤစိတ်နှလုံးကို သူ့ဂိုဏ်းတူညီမလေးများက သိရှိကြသည်။ ထို့ကြောင့်သာ သူ့ကို ဤမျှတွယ်တာစွဲလမ်းနေကြခြင်းဖြစ်တော့သည်။

သူတောင်းစားကြီးက အသားပေါက်စီများကို အားရပါးရစားရင်း ပလုပ်ပလောင်းဖြင့် ပြောကြားလေ၏။

"ဟား .... ဟား .... ဟား .... သဘောကျကွယ် .... မင်းလို လူငယ်မျိုးတော့ ဒီတစ်ခါပဲ ငါ မြင်ဖူးတော့တယ် .... ဒီလောက်ချောတဲ့ လှတဲ့ မိန်းကလေးတွေက ကိုယ့်နောက်လိုက်တာကို ရှောင်ပုန်းနေရတယ်လို့ကွာ .... အံ့သြစရာကြီး .... "

ကော့ဖေးဟုန် မည်သည့်စကားမျှ ပြန်မပြောနိုင်တော့ .... ။ မျက်နှာမကြည်မသာဖြင့် မတ်တတ်ရပ်လိုက်သည်။

"ဟေ့ .... သူငယ် နေဦးကွ .... သွားတော့မလို့လား .... ငါလည်းလိုက်မယ်လေကွာ .... "

အဘိုးကြီးက လှမ်းပြောသည်။

"ဦးက ဘယ်ကိုလိုက်မှာလဲ .... "

"မင်းကရော ဘယ်ကိုသွားမှာလဲ .... "

အဘိုးကြီးသည် အကျီအဝတ်အစားများကို ကျောတွင်ပိုးသည်။

သူနံဘေးတွင် ချထားသော ဝါးစိမ်းတုတ်ကြီးကိုလည်း ယူပြီး မတ်တတ်ရပ်သည်။

ကော့ဖေးဟုန်က ....

"ကျွန်တော် အရက်ဆိုင်သွားမလို့ .... "

"ဟား .... ဟား .... ဟား .... ငါလည်း အရက်ဆိုင်လိုက်မှာပေါ့ကွယ် .... မင်း ကောင်မလေးတွေကို ခွဲလိုက်ရတာ အသည်းနာနေမှန်း ငါ ရိပ်မိပါတယ်ကွာ .... ဒါကြောင့် မင်း နီးရာအရက်ဆိုင်ဝင်တော့မယ်ဆိုတာ ကြိုတွက်မိလို့ပြောတာပေါ့ .... ကဲ .... သွားကြရအောင်"

ပြောပြောဆိုဆို သူတောင်းစားကြီးက ရှေ့မှထွက်သွားလေ

တော့သည်။

ကော့ဖေးဟုန်လည်း ခေါင်းကို ငိုက်စိုက်ချလျက် နောက်မှ လိုက်သွားရသည်။

အရက်သည် တရုတ်ပြည်တစ်နံတစ်လျား လူရွယ်လူငယ် သက်ကြီးရွယ်အို တို့ သောက်စားကြသည့် ယမကာဖြစ်သည်။ တရုတ်ပြည်၏ နေရာအတော်များများသည်လည်း အလွန်အေးသည့် တချို့ နေရာများတွင် ဆီးနှင်းများတောင်ကျသည်။ ဤမျှအေးသောနေရာများ၌ အရက်သောက်ကြသည်မှာ အဆန်းမဟုတ်တော့ပေ။

အေးသဖြင့် အရက်သောက်သည်။ သောက်ဖန်များတော့ အကျင့်ဖြစ်သွားသည်။ ကြာသော် အရက်သောက်ခြင်းမှာ ထမင်းစားရသောက်ကဲ့သို့ အကျင့်ဖြစ်သွားတော့၏။

ထို့ကြောင့် တရုတ်မိသားစုများတွင် အရက်သောက်သည်ကို တားမြစ်လေ့မရှိပေ။ လူငယ်လူရွယ်ကလည်း သောက်သည်။ အဘိုးအဘွားများကလည်း သောက်သည်။ အားလုံးပင် အရက်သောက်ကြတော့သည်။ တချို့တလေကတော့ အရက်မသောက်ကြပေ။

ဤသည်မှာ တရုတ်မိသားစုများနှင့် အရက်ပေါင်းစပ်နေပုံဖြစ်သည်။

သိုင်းလောကနှင့် အရက် ....

သိုင်းလောကသည် လူလောကနှင့် ဘာမျှမခြားပေ။ လူဆိုး လူကောင်းရှိသည်။ကောက်ကျစ်သောလူနှင့် မြင့်မြတ်သောလူရှိသည်။ ညစ်ပတ်ယုတ်မာမှုများနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းများရှိသည်။ သာမန်အရပ်သားများကဲ့သို့ အရာရာကိုမသိလိုက်မသိဘာသာနေသော သိုင်းသမားများရှိသည်။

ထို့ကြောင့် သိုင်းလောကသားထဲတွင် အရက်သေစာသောက်စားမှုများလည်းရှိလာသည်။ အထက်လမ်းသိုင်းလောကသားများလည်း သောက်စားကြသည်။ မည်သည့်ဂိုဏ်းချုပ်ကြီးကမျှ စည်းကမ်းနှင့် မသောက်ရဟု မတားမြစ်ကြချေ။ ကိုယ်တိုင်မသောက်လိုသဖြင့် ငင်းအကျင့်သီလမရှိသဖြင့် ငင်းမသောက်ကြသူအချို့သာရှိသည်။

အောက်လမ်းသိုင်းသမားများကား အဆိုးဆုံးဖြစ်သည်။ လူလောကထဲရှိ အဆိုးဆုံး သိုင်းသမားထက်ပင် ဆိုးကြသည်။ သိုင်းသမားများဖြစ်ကြသည့်အလျောက် သာမန်လူ အရပ်သားများထက် အသတ်အပုတ်ကျွမ်းကျင်သည်။ အထိုးအခုတ်ကျင်လည်သည်။ ဓားသည် လွတ်လပ်စွာကိုင်ဆောင်နိုင်သောလက်နက်ဖြစ်သည်။ ထိုလက်နက်ဖြင့် တစ်ဦးထဲကိုသော်လည်းကောင်း လူအများကိုသော်လည်းကောင်း လိုက်လံသတ်ဖြတ်နေသူမျိုးမရှိချေ။ ခိုက်ရန်ဖြစ်ပွားသည့်အခါတွင်မူ ထိုအပြုအမူမျိုး တစ်ခါတစ်ရံဖြစ်တတ်သော်လည်း အများအားဖြင့်မူ

တော့သည်။

သူတောင်းစားအဘိုးကြီးက ....

"ကဲ .... ရောက်ပြီဟေ့ ဒီဆိုင်ပဲ .... "

ကောဖေးဟုန်က ဆိုင်အမည်ကိုပင် မမေးတော့ဘဲ သူတောင်းစားကြီးနောက်မှ ဝင်လိုက်သွားမိလေ၏။

ချောင်ကျကျ ထောင့်ခုံတစ်ခုံတွင် သူတို့နှစ်ဦး ဝင်ထိုင်လိုက်ကြသည်။

ကောဖေးဟုန်က .... အိတ်ထဲတွင် ပါသမျှငွေအကြွေစများကို အကုန်ထုတ်၍ စားပွဲပေါ်တင်လိုက်သည်။

"အဲဒါ ကျွန်တော့်ရှိသမျှအကုန်ပဲ .... ဒီငွေတွေအကုန် အရက်သောက်ကြမယ် .... "

ကိုက်ပန်အဘိုးကြီးက ငွေအကြွေများကိုကြည့်၍ ရယ်မောလိုက်သည်။

ကိုက်ပန်အဘိုးကြီးက ထိုသို့ပြောလိုက်သောအခါ ကောဖေးဟုန်မှာ စိတ်ညစ်သွားတော့သည်။

သူဆိုလျှင် အရက်တစ်ခွက်နှစ်ခွက်သောက်ရုံနှင့် ဒေါက်ချာစိုင်းသွားအောင် မူးနေပေလိမ့်မည်။

ကိုက်ပန်အဘိုးကြီးကတော့ အရက်အိုးသုံးလေးအိုးသောက်ရမှ

ကျူးလွန်ကြလေ့မရှိချေ။

ဒါ ....

ဓားသည် သိုင်းလောက၏တရားဟု ယေဘုယျဆိုကြသော်လည်း တကယ်တမ်းတွင်တော့ ဓားသည် အဓိကမကျလှချေ။ လူ၏အကျင့်တရားသာလျှင် ဓားထက်မြင့်မြတ်သည်။ လူ၏အကျင့်တရားကသာ ဓားကို လွှမ်းမိုးသွားတတ်၏။ ထို့ကြောင့် ဓားသည် အကျင့်တရားနှင့် ယှဉ်လိုက်သောအခါ အောက်သို့ကျရောက်သွားလေတော့သည်။

တစ်ဘက်သားအားနည်းသူကို ကူညီခြင်း၊ ဖေးမခြင်း၊ မရှိသူများကိုပေးကမ်းခြင်း၊ အနိုပ်စက်ခံရသူတို့ကို ကာကွယ်ခြင်း၊ ကူညီခြင်း၊ လွတ်မြောက်စေခြင်း၊ အမှန်တရားဘက်မှ ရပ်တည်ခြင်းများသည် အထက်လမ်းသိုင်းသမားများ၏ကျင့်စဉ်ပင် ဖြစ်သည်။ အပြုအမူပင်ဖြစ်သည်။ သူတို့၏ရန်သူအောက်လမ်းသိုင်းသမားများကိုသော်မှ တရားလက်လွတ်သတ်လေ့မရှိကြပေ။ တစ်ခါတစ်ရံ ဒေါသအလျှောက်တော့ သတ်မှုမျိုးရှိသည်။ ထိုအထက်လမ်းသိုင်းသမားများလည်း အရက်သောက်သည်သာဖြစ်လေ၏။ အရက်သောက်အပူလွန်ပြီး အမှားကျူးလွန်မှုမျိုးတော့ မရှိကြချေ။ ရှိလျှင်လည်း ချွင်းချက်သာဖြစ်သည်။ အနည်းအကျဉ်းသာဖြစ်သည်။ ထို့ကြောင့် အရက်သည် တရုတ်ပြည်သူပြည်သားများအတွက် မူးယစ်စေသော ဖျော်ရည်တစ်မျိုးသာဖြစ်လေ

ဟု ပြောနေသည်။

ဤသို့ဆိုလျှင် သူငွေနှင့် လောက်ငမည်မဟုတ်။

"သူငယ်လေးရယ် .... စိတ်ညစ်မသွားပါနဲ့ကွာ .... ငါ့မှာ ငွေရှိပါတယ် .... ကဲ .... ကဲ .... မင်းငွေစတွေ အိတ်ထဲပြန်ထည့်ထား လိုက်၊ ဒီနေ့ တို့သောက်ရမယ့် အရက်ဖိုးမှန်သမျှကို ငါကပဲ ပေးပါ့မယ်"

စားပွဲပေါ်မှ ငွေအကြွေများကို လက်နှင့်စုသိမ်း၍ ကော့ဖေးဟုန် အိတ်ထဲသို့ ပစ်ထည့်လိုက်သည်။

ငွေအကြွေစအားလုံး ကော့ဖေးဟုန်အိတ်ထဲသို့ တန်းခနဲ ဝင်သွားသောကြောင့် အံ့အားသင့်သွားသည်။

သည်အဘိုးကြီး၏လက်အဆက ကောင်းလှချည်လား။

သိုင်းပညာများလားဟု စဉ်းစားလိုက်မိသည်။

"ဟေ့ .... အရက်အိုးကြီး လေးအိုးယူခဲ့ဟေ့ .... "

ကိုက်ပန်အဘိုးကြီး၏ အရက်မှာလိုက်သော အသံကြောင့် ကော့ဖေးဟုန် အတွေးစပြတ်သွားသည်။

ဆိုင်လုလင်တစ်ဦးက အရက်စဉ့်အိုးကြီးလေးလုံးကို စားပွဲပေါ်သို့ လာချပေး၏။

"ကဲ .... ရော့ဟေ့ .... ဟောဒီမှာ အရက်ဖိုးကျသင့်ငွေ .... တို့က တစ်ခါတည်းရှင်းပေးထားလိုက်ပြီနော် .... တော်ကြာ တို့ မူးနေ

မှ လာမတောင်းနဲ့ .... "

"ကဲ .... သောက်ဟေ့ .... "

သူတောင်းစားအဘိုးကြီးက အရက်စဉ့်အိုးကြီးကို လက်တစ်ဘက်တည်းနှင့် ပေါ့ပါးစွာမ,ယူပြီး ကော့ဖေးဟုန်ရှေ့ အရက်ခွက်ထဲသို့ထည့်ပေးလိုက်သည်။

ဒလဟောကျလာသော အရက်များမှာ .... ခွက်နှုတ်ခမ်းဝသို့ အရောက် တိခနဲ ရပ်သွားသည်။ တစ်စက်ကလေးမျှ ဘေးသို့မကျပေ။

မဖိတ်မစင်ဘဲ ခွက်နှုတ်ခမ်းနှင့် အတိပြည့်နေသော အရက်ခွက်ကိုကြည့်၍ ကော့ဖေးဟုန် အံ့အားသင့်နေမိသည်။ ကိုက်ပန်အဘိုးကြီးက တဟဲဟဲရယ်မောလျက် အရက်စဉ့်အိုးကြီးကို မော့ပြီး တကျိုက်ကျိုက် သောကနေလေ၏။

မကြာမီမှာပင် အရက်အိုးတစ်လုံး ကုန်သွားသည်။

ထူးဆန်းလှသော အပြုအမူများကြောင့် ကော့ဖေးဟုန်မှာ အံ့သြတကြီးနှင့် ရှိနေသဖြင့် သူအရက်ခွက်ကိုပင် မသောက်ဖြစ်သေးပေ။

"ဟေ့ သူငယ် .... သောက်လေကွယ် .... ငါက အရက်တစ်အိုးကုန်ပြီ .... မင်းက အရက်တစ်ခွက်တောင် မသောက်ရသေးပါလား။ မင်းက တယ်နှေးပါကလား .... "

ထိုအခါ ကော့ဖေးဟုန်သည် အရက်ခွက်ကိုကိုင်ပြီး မော့ချလိုက်

လေတော့သည်။

အရက်က ပြင်းလှ၏။

လည်ချောင်းထဲသို့ မီးစကြီးထိုးချလိုက်သလို ပူဆင်းခါးသက်သွား၏။

ကော့ဖေးဟုန်မှာ ရုံ့မဲ့မဲ့ဖြစ်သွားသော သူမျက်နှာကို အဘိုးကြီး မြင်မသွားစေရန် ဟန်ဆောင်တင်းထားလိုက်၏။

မျက်နှာကို ကွန်ဒြေဆည်နိုင်သော်လည်း ဗိုက်ထဲဝင်သွားသော အရက်ကိုတော့ ဟန်မဆောင်နိုင်။

ချက်ချင်းပင် တရိပ်ရိပ် မူးလာသည်။

အူရိုင်းဖြစ်သော ကော့ဖေးဟုန်မှာ အရက်တစ်ခွက်လုံး တစ်ရှိန်ထိုး မော့သောက်ချလိုက်သောကြောင့် တစ်မှုတ်ချင်း မူးလာတော့သည်။

"ဘယ့်နှယ်လဲ သူငယ်ရဲ့ .... အရက်က ကောင်းရဲ့မဟုတ်လား၊ ရော့ .... ထပ်သောက်ဦး .... "

အရက်အိုးနောက်တစ်လုံးကို မ,၍ ထပ်ငဲ့ရန် ဟန်ပြင်နေသော ကိုက်ပန်အဘိုးကြီးကို ကော့ဖေးဟုန်က လက်ကာပြပြီး ....

"တော် .... တော်ပါဗျာ .... ကျွန်တော် .... မူး .... မူးသွားပြီ"

ကော့ဖေးဟုန် ဧကားကို ဝိသသဲကွဲအောင် မပြောနိုင်တော့။

လျှာမျှား အာမျှား လေးနေလေသည်။

ကော့ဖေးဟုန်မှာ အရက်တစ်ခွက်သောက်ပြီး မူးသွားအောင်လည်း သူတောင်းစားအဘိုးကြီးကတော့ .... အရက်အိုးကြီးတစ်လုံးသောက်ပြီးသော်လည်း ဘာမှဖြစ်သေးဟန်မတူ။

"သူငယ် တကယ်မူးသွားပြီကိုး .... ကဲ .... ဒီလိုဖြင့် ကျန်တဲ့အရက်တွေ ငါတစ်ယောက်တည်းနဲ့ပဲ လက်စသိမ်းလိုက်ပါ့မယ်ကွာ"

သူသည် စကားဆုံးသည်နှင့် အရက်အိုးကြီးကို မော့သောက်နေပြန်သည်။

ကော့ဖေးဟုန်မှာ ရင်တဒိတ်ဒိတ်ခုန်ကာ နားထင်မှ သွေးကြောများက တဒုတ်ဒုတ်မြည်နေ၏။ မူးယစ်ရီဝေနေသောကြောင့် စားပွဲပေါ်သာ မျက်နှာအပ်ပြီး မှောက်ကျသွားတော့သည်။

"ဟာ .... ဦးကလည်း .... ကျွန်တော် ဘယ်မိန်းကလေးကိုမှ မကြည့်ချင်ပါဘူးဗျာ .... ကျွန်တော့်ကိုလည်း ဘယ်မိန်းကလေးမှ မမြင်စေချင်ဘး .... ကျွန်တော့်ဒုက္ခကို ဦး သိသားနဲ့ဗျာ .... "

"ဟား .... ဟား .... ဟား .... မင်းကို မြင်ရင်လည်း ဘယ်မိန်းကလေးမှ စိတ်ဝင်စားမှာ မဟုတ်ဘူး .... မင်းမျက်နှာက ဖုန်အလိမ်းလိမ်းဖြစ်နေတာ .... သရဲရုပ်နဲ့ နှင်လား ငါလားပဲ .... အခု .... ဒီမိန်းကလေးကို ငါကြည့်ခိုင်းတာက ထူးခြားမှုတစ်ခုရှိလို့ကွ .... ကဲပါကွာ၊ ကြည့်မှာသာကြည့်စမ်းပါ .... "

သူတောင်းစားအဘိုးကြီးက ဇွတ်တရွတ်ပြောနေသောကြောင့် နံဘေးရှိ စားပွဲသို့ ကော့ဖေးဟုန် လှည့်ကြည့်မိလိုက်သည်။

စားပွဲတွင် မိန်းကလေးတစ်ယောက် ထိုင်နေသည်။

ကိုယ်ကို တောင့်တောင့်မတ်ထားလျက် ရှေ့တွင်ရှိသော အရက်အိုးထဲမှ အရက်များငဲ့၍ တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေသည်။

ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ်ပါလျက် ဤသို့ အရက်ဆိုင်ထဲသို့ဝင်ကာ အရက်သောက်နေသောကြောင့် ကော့ဖေးဟုန် နားမလည်နိုင်အောင် ဖြစ်သွားဟော့သည်။ အရက်ဆိုင်ဆိုသည်မှာ ယောကျ်ားကလေးများအတွက် မဟုတ်ပါလား။

"ကဲ .... မင်း ဘာထူးခြားတာတွေ့လဲ .... "

အခန်း(၅)

တရားသောကူညီခြင်း

အချိန်သည် ကုန်မှန်းမသိ ကုန်သွားလေ၏။

သူတောင်းစားအဘိုးကြီး နှိုးသောအခါမှ ကော့ဖေးဟုန်၏ အာရုံများ စုစည်းမိသည်။

"သူငယ် .... သူငယ် .... ထစမ်း .... "

"ဗျာ .... ဘာလဲ ဦး .... ဘာဖြစ်လို့လဲ .... "

သူတောင်းစားအဘိုးကြီးက အနီးသို့တိုးကပ်ပြီး .... လေသံဖြင့် ပြောသည်။

"မင်းဘေးက စားပွဲကိုလှည့်ကြည့်စမ်း .... အဲဒီမှာ သူငယ်မ ချောချောလေးတစ်ယောက် ထိုင်နေတယ် .... "

ကော့ဖေးဟုန် စိတ်သစ်သွားသည်။

ကော့ဖေးဟုန်က ....

"မိန်းကလေးတန်မဲ့ အရက်သောက်နေတာဟာ ထူးခြားတာပေါ့ ဦးရ .... "

သူတောင်းစားအဘိုးကြီးက မကျေနပ်သောအသံနှင့်ပြောသည်။

"အရက်သောက်တာ သူမှာ အကြောင်းရှိလို့ပေါ့ကွ .... ငါပြောတာက ဒါကို မဟုတ်ဘူး .... ကောင်မလေးမျက်နှာကို ပြောနေတာ၊ မင်း သေသေချာချာကြည့်စမ်း .... ကောင်မလေးမျက်နှာဟာ သွေးတစ်စက်မှ မရှိအောင် ဖြူဖျော့နေတယ် မဟုတ်လား .... ဒါတောင် မင်းက သတိမပြုမိဘူး .... "

ထိုအခါမှာမှ ကော့ဖေးဟုန် သတိထားကြည့်မိသည်။

အရက်သောက်နေသော မိန်းကလေး၏မျက်နှာပေါ်တွင် .... ကျောက်ပေါက်မာများဖြင့် ပြည့်နှက်လျက်ရှိသည်။

ရုတ်တရက်ကြည့်လျှင် အကျည်းတန်သယောင် ထင်ရသော်လည်း သနားကြင်နာဖွယ် ကရုဏာမျက်နှာလေးဖြစ်သည်။

ထိုမျက်နှာပေါ်ရှိ ထူးခြားမှုကို သတိပြုမိကြသည်။

"အဲဒါ သိုင်းပညာဆန်းတရပ်ရပ်ကို အပြင်းအထန် လေ့ကျင့်ရင်းနဲ့ အတွင်းအားဒဏ်ပိပြီး နှလုံးမှာ သွေးကြောပိတ်နေတဲ့ လက္ခဏာပဲ"

"ဟင်း .... သေချာရဲ့လား ဦးရဲ့ .... "

"သေချာတာပေါ့ကွာ .... ဒါကြောင့် သူ နှလုံးခုန်ရပ်မသွားအောင် အရက်တွေကို ဖိသောက်နေတာပေါ့ကွ .... အရက်က သွေးကို ထကြွလာစေတယ် မဟုတ်လား၊ အရက်သောက်ရင် သွေးကြောကျယ်တယ်ကွ .... "

ကော့ဖေးဟုန်နှင့် ကိုက်ပန်အဘိုးကြီးတို့ အပြန်အလှန် တီးတိုးစကားပြောနေကြစဉ်မှာပင် အရက်ဆိုင်တွင်းသို့ လူနှစ်ဦး ဝင်လာကြသည်။ ဆိုင်ပိတ်ဆိုသလိုဖြစ်သွား၏။

တစ်ဦးမှာ စည်ပိုင်းကြီးတစ်လုံး လိမ့်ဝင်လာသလို ဝဝဖိုင့်ဖိုင့်ပုတို့တို့။

တစ်ဦးက ဆန့်ကျင်ဘက်။

ဝါးခြမ်းပြားကြီးထောင်လျက် ရွေ့လျားသလို ဝိန်ဝိန်ရှည်ရှည်။

နှစ်ဦးစလုံးပင် အရက်သောက်နေသော ကျောက်ပေါက်မာနှင့် မိန်းကလေးရှိရာစားပွဲသို့ တန်းတန်းမတ်မတ် လျှောက်သွားကြသည်။

မိန်းကလေး၏စားပွဲရှေ့သို့ရောက်လျှင် ငြိမ်သက်စွာရပ်လိုက်ကြသည်။ မိန်းကလေးက မော့ကြည့်ပြီး ....

"ဩော် .... ရှင်တို့ ရောက်လာကြပြီကိုး .... "

လူဝကြီးက လူကြီးသလောက် အသံတိုး၏။ အစ်တစ်တစ်ဖြစ်နေ၏။

"ဘယ်လိုလဲ မိန်းကလေး .... မင်းရဲ့သိုင်းပညာကို အဖျက်အဆီးခံမလား .... တို့ကိုခုခံမလား .... "

မိန်းကလေးက အရက်တစ်ခွက်ကို မော့သောက်လိုက်ပြီး .... တင်းမာစွာ အဖြေပေးလိုက်သည်။

"ရှင်တို့ကိုသတ်မယ် .... "

"မင်း အတွင်းအားပိပြီး နှလုံးသွေးကြောပိတ်နေတယ် မဟုတ်လား .... တို့နဲ့တိုက်ခိုက်ရင် မင်းအတွင်းအားထုတ်ရမယ် .... အဲဒီလို ဆိုရင် မင်း သေသွားမှာပေါ့ .... တို့က စေတနာနဲ့ ပြောတာ .... "

"ကျွန်မ သေရမှာကို မကြောက်ဘူး .... ကျွန်မသေရင် ရှင်တို့ကို မရဏနိုင်ငံကို ခေါ်သွားမယ် .... သေအတူရှင်မကွဲပေါ့နော်"

မိန်းကလေး၏စကားက လှောင်သံ သရော်သံပါနေ၏။

"ဟင်း .... ဟင်း .... ဟင်း .... မင်းစိတ်ဓာတ်ကိုတော့ ကြိုက်သွားပြီဟေ့ .... ဒါပေမဲ့ အသေအချာပြန်စဉ်းစားပါဦး .... လူဘဝဆိုတာ ရခဲပါဘိ .... "

"အို .... ကျွန်မ ဘာမှစဉ်းစားစရာ မလိုဘူး .... ရှင်တို့သာကိုယ့်လုပ်ရပ်ကို ပြန်စဉ်းစား .... ဘယ့်နယ်လဲရှင် ကျွန်မဘာသာ သိုင်းပညာသင်တာ ဘယ်သူ့ကိုထိခိုက်လို့ ရှင်တို့က ဒုက္ခလိုက်ပေးနေရတာလဲ .... "

"မင်းသင်တဲ့ ကျောက်ထွင်းသိုင်းပညာက တို့ကို ဒုက္ခပေးတယ်ဟေ့ .... ငါတို့ရဲ့ ပထဝီသိုင်းပညာကို တိုက်ဖျက်နိုင်တာ မင်း ဆရာမကြီး ယုလင်းလျဲရဲ့ ကျောက်ထွင်းသိုင်းပညာတစ်ခုပဲ ရှိတယ် .... မင်း ဆရာမကြီးက မင်းကို သိုင်းပညာအမွေအကုန်ပေးပြီး သေသွားပြီ .... သူပညာကို အကုန်ရလိုက်တာက မင်းတစ်ယောက်ပဲရှိတယ် .... အဲဒီတော့ မင်းကိုလည်းသတ်ပစ်မှ .... ဒါမှမဟုတ် မင်းသိုင်းပညာကိုလည်း ဖျက်ဆီးမှ .... တို့ရဲ့ ပထဝီသိုင်းပညာဟာ ပြိုင်ဘက်မရှိဖြစ်မှာပေါ့.... ကဲ .... ရှင်းပလား .... "

ဝါးခြမ်းပြားလို ပိန်ပိန်ရှည်ရှည်လူက သူ့ရှေ့သို့ တိုးလာသည်။

"အစ်ကိုကြီးကလည်း လေကြောသိပ်ရှည်တာပဲ .... ဘယ်ကိစ္စမဆို မြန်မြန်လက်စသတ်လိုက်တာပဲ ကောင်းတယ် .... ကဲ .... မိန်းကလေး .... ထ .... အချိန်မရှိဘူး .... တို့ကို ခုခံမယ်ဆိုရင် ခုခံပေတော့ .... "

သူသည် စကားဆုံးသည်နှင့် သူ၏လက်ယာလက်ကို ရှေ့သို့ ဖြည်းညင်းစွာ ဆန့်တန်းလိုက်လေသည်။

မိန်းကလေးက ထိုင်ရာမှထရပ်လိုက်၏။

သို့သော် ဖြောင့်ဖြောင့်မတ်မတ် အပြည့်မရပ်။ မြင်းခွာသဏ္ဌာန်ခြေနှစ်ချောင်းကို ခပ်ကွေးကွေးထားလျက် လက်က ကျောမှလွယ်

ထားသော ဓားကို အသာလျှောက်ထုတ်၍ ဓားဦးကို အပေါ်သို့ တည့်မတ်စွာ ထောင်ထားသည်။

အတွင်းအားကို လက်မောင်းမှတစ်ဆင့် ဓားသွားတစ်လျှောက် အညီအမျှပို့လျက် ဓားသွားကို မျဉ်းမတ်အတိုင်း ရှေ့သို့ လျှပ်တစ်ပြက် တွန်းထုတ်လိုက်သည်။

ဝါးခြမ်းပြားလို ဝိန်ရှည်ရှည်လူက အံ့အားသင့်သွားသည်။

ဤဓားချက်မျိုး သူတစ်ခါမျှ မမြင်ဘူး၊ သိုင်းကွက်မှန်သမျှ ဓားချက်မှန်သမျှ မခုတ်မီ နောက်သို့ အားလွဲယူရသည်ချည်း။

ယခုတော့ ဆန့်ထားသော ဓားသည် နောက်သို့ အနည်းငယ်မျှ မရှိဘဲ ရှေ့သို့ လျင်မြန်သောအဟုန်နှင့် တိုးလာသည်။

သူ ရှောင်တိမ်းရန် ကြိုးစားစဉ်မှာပင် သူ အတွင်းအားထည့်၍ ရှေ့သို့ ဆန့်တန်းထားသော လက်ကြားသို့ ဓားသွားက လှစ်ခနဲ ဝင်လာပြီး လက်ဖဝါးမှသည် လက်မောင်းရင်းသို့တိုင် တည့်မတ်စွာ ထက်ခြမ်းကွဲသွားစေလေသည်။

"အား ...."

ဝိန်ရှည်ရှည်လူမှာ လက်ယာဘက်လက်ကို လက်ဝဲလက်နှင့် သိမ်းပွေ့ရင်း သတိလစ်မေ့မြောလဲကျသွားလေတော့သည်။

အရက်ဆိုင်တွင်းမှ လူများအားလုံး အရက်ခွက်များကိုင်လျက်

နှင့် မယုံကြည်နိုင်သော မျက်လုံးများဖြင့် သွေးစွန်းဓားကို ကိုင်ပြီး မတ်တတ်ရပ်နေသော မိန်းကလေးကိုကြည့်ကြသည်။

သူတောင်းစားအဘိုးကြီးက ....

"အဲဒါ 'တောင်ဖြိုဓားချက်' လို့ခေါ်တယ် .... သူငယ်ရေ့ မှတ်ထား ...."

သူက ချီးမွမ်းသံနှင့် ပြောသည်။

မှင်တက်မိနေသော လူဝကြီးမှာ ယခုမှ သတိပြန်ဝင်လာပြီး ဒေါသကြီးစွာဖြင့် အော်ပြောသည်။

"နင် .... နင် .... ငါ့ညီရဲ့ လက်တစ်ဘက်ကို ဖျက်ဆီးပစ်လိုက်ပြီပေါ့ .... ငါက နင့်ကိုသနားလို့ ညာနေတာ အခုသိမယ် .... နင့်ကို သတ်မယ် .... သတ်မယ် ...."

ဟု ပြောရင်း မိန်းကလေး၏ လည်တံသို့ လက်ဝါးစောင်းနှင့် မြှောက်ရွယ်လိုက်၏။

တစ်ဖြိုင်တည်းပင် ဘယ်ခြေကိုလည်း ရှိ့၍ခတ်ရန် ဟန်ပြင်လိုက်သည်။

ဤအခိုက်မှာပင် မိန်းကလေး၏လက်ထဲမှာ ကိုင်ထားသော ဓားသည် စားပွဲပေါ်သို့ ချလွှင့်ခနဲမြည်ကာ ကျသွားသည်။

မိန်းကလေးမှာ လက်ကိုရှေ့သို့ဆန့်လျက် တောင့်တောင့်ကြီး

ဖြစ်နေသည်။

ကိုက်ပန်အဘိုးကြီးက ပြောသည်။

"မိန်းကလေး နှလုံးသွေးကြောပိတ်သွားပြီ .... ဒီအတိုင်းဆို ဟိုကောင့်လက်ချက်နဲ့ သေတော့မှာပဲ .... "

မိန်းကလေးမှာ ပြင်းထန်သောစိတ်ဓာတ်ကြောင့် အတွင်းအား ဖြင့် ရုပ်နေသော်လည်း လူပ်ရှားနိုင်ခြင်းမရှိတော့။

လူဝကြီးက .... ရွယ်ထားသောလက်ကို အတွင်းအားထည့်၍ မြှောက်လိုက်သည်။

ကေဇူဖေးဟုန်သည် ဝုန်းခနဲ ထရပ်လိုက်ပြီး မိန်းကလေးနှင့် လူဝကြီးကြားသို့ ခုန်ဝင်သွား၏။

"ရပ်လိုက် .... "

သူ၏နှုတ်မှ အော်လိုက်သည်။

လူဝကြီးမှာ မိမိရှေ့သို့ ကျရောက်လာသော ကေဇူဖေးဟုန် အပေါ် သို့ ဒေါသများ ပုံကျသွားလေ၏။

"မဆိုင်ဘဲ ဝင်ရှုပ်ချင်တဲ့ကောင် .... ကဲ .... မင်းအရင်သေစမ်း"

ဒေါသတကြီး ကြိမ်းဝါးလျက် လက်ဝါးစောင်းဖြင့် လွှဲခုတ်လိုက်လေသည်။

တစ်ပြိုင်တည်းမှာပင် ရိုထားသော ဘယ်ခြေက လျှပ်တစ်ပြက်

မြှောက်တက်လာပြီး ကေဇူဖေးဟုန် ရင်ဝဆီသို့ လှစ်ခနဲ ဝင်လာ၏။

ကေဇူဖေးဟုန် မည်သို့ရှောင်ရမည်မသိ။

အဘယ်သို့ခုခံရမည် စဉ်းစားမရ။ သူသည် သိုင်းပညာသင်တစ်ဦးသာ။

"ဝိုး .... ဝုစ် .... ဝုစ် .... "

ထိုစဉ်တွင် ....

ဒဂိုးပြားနှစ်ခုက သူတောင်းစားအဘိုးကြီးထံမှ လွင့်ပါလာသည်။

လူဝကြီး၏ သိုင်းကွက်ကို မခုခံနိုင်မှန်းသိ၍ ကေဇူဖေးဟုန်က သူမျက်လုံးအကြည့်ကို ဘေးသို့လွှဲထားလိုက်မိသောကြောင့် သူတောင်းစားအဘိုးကြီးက လက်ဖဝါးအတွင်းသို့ ဒဂိုးပြားများ လျှပ်တစ်ပြက် ထည့်လိုက်ပြီး လက်ညှိုးနှင့် တောက်ထုတ်လိုက်သော သိုင်းကွက်ကို မြင်လိုက်မိသည်။

"အား .... "

လူဝကြီး၏အော်သံဖြစ်သည်။

ဒဂိုးပြားနှစ်ခုမှာ လူဝကြီး၏ လက်ဘဝါးနှင့် ခြေဖမိုးတွင် စိုက်ဝင်နေ၏။

သူတောင်းစားအဘိုးကြီးက လူဝကြီးထံသို့ လျှောက်လာပြီး

အေးဆေးစွာမေးလေ၏။

"ဘယ်နယ်လဲ .... ပန်းစကြာလက်တောက် သိုင်းပညာက အရသာရှိရဲ့လားကွ .... "

လူဝကြီးမှာ သူတောင်းစားအဘိုးကြီးကိုမြင်လျှင် မျက်နှာမဲသွား၏။ သူ၏လေသံက အလျှော့ပေးလိုသည့်လေသံ .... ။

"သြော် .... ကိုက်ပန်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဒီကိစ္စမှာ ဝင်ပါနေတာကိုး .... "

ကော့ဖေးဟုန်မှာ ယခုမှ ကိုက်ပန်ဂိုဏ်းချုပ်ကြီးမှန်း သိလိုက်ရတော့သည်။

"ဟော .... ငါက ဒီကိစ္စမှ မဟုတ်ဘူး၊ ဘယ်ကိစ္စမဆို မတရားတာမှန်ရင် ဝင်ပါတာပဲကွ .... ကဲ .... ပြောနေကြာတယ် .... မပြောရင် မကြာဘူး .... ဒီတော့ မင်းတို့နောက်ကြောင်းကို ပြန်လှည့်မလား ငါနဲ့ရင်ဆိုင်မလား .... တစ်ယောက်ကနေ နှစ်ယောက်ဖြစ်သွားချင်သလား .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ပြတ်သားစွာမေးလိုက်သည်။

လူဝကြီးက အားမတန် မာန်လျှော့ရဟန်ဖြင့် တက်တစ်ချက် ခေါက်လိုက်ပြီး လဲကျနေသော ပိန်ရှည်ရှည်လူကို ပွေ့ချီသည်။

ထို့နောက် အရက်ဆိုင်ထဲမှ လျင်မြန်စွာ ပြေးထွက်သွားလေ

တော့သည်။

ကိုက်ပန်ဂိုဏ်းချုပ်က မိန်းကလေးကိုကြည့်ပြီး ....

"ဘာမှ မစိုးရိမ်နဲ့တော့ သူငယ်မ .... မင်းအသက်ကို ဦးတို့ကယ်လိုက်ပြီ .... "

ကြင်နာစွာပြောလိုက်သည်။

မိန်းကလေးမှာ .... တင်းမာသောစိတ်ကို လျှော့ချလိုက်သောကြောင့် တစ်ကိုယ်လုံး ပျော့ခွေ၍ လဲကျသွားပါလေတော့သည်။

"ဘာဖြစ်နေတာလဲ သူငယ်ရဲ့ .... မိန်းကလေးကို ပွေ့ချီလာခဲ့လေ .... အချိန်မရှိဘူး .... လူရှင်းတဲ့ ဇရပ်တစ်ခုခုမှာ ဒီမိန်းကလေးကို အတွင်းအားနဲ့ သွေးလမ်းဖွင့်ပေးရမယ် .... "

ဂိုဏ်းချုပ်ကြီးကပြောမှ .... ကော့ဖေးဟုန် ထိုမိန်းကလေးကို အလျင်အမြန် ပွေ့ချီလိုက်ရသည်။

လက်မောင်းနှစ်ဘက်ကြားမှ ရင်ခွင်ထဲသို့ ရောက်လာသော မိန်းကလေး၏ နွေးထွေးသော ကိုယ်ငွေ့ကြောင့် ကော့ဖေးဟုန် စိတ်လှုပ်ရှားသွားသည်။

"ကဲ .... လာဟော့ သွားကြရအောင် .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ဝါးစိမ်းတုတ်ကို လွယ်မ်းရင်း အရက်ဆိုင်ထဲမှ ခပ်သွက်သွက်ထွက်လာသည်။

ကော့ဖေးဟုန်လည်း နောက်မှ သုတ်သုတ်နှင့် လျှောက်လိုက်ရလေသည်။ သူတို့အတွက် အရေးကြီးသည့် အချက်မှာ လူရှင်းသည့် ဧရပ်တစ်ဆောင်ဆောင် အမြန်တွေ့ရေးပင်။

အခန်း(၆)

ရွှေရည်၏အခွင့်အလမ်း

အဖြစ်အပျက်မှာ ဘာမျှမကြာလိုက်ပါ။ တစ်ခဏမျှအတွင်း ဖြစ်ပျက်သွားခြင်းဖြစ်ပါသည်။

အရက်ဆိုင်တွင်းမှ လူများမှာ ထိုအဖြစ်အပျက်များကို တကယ်မှ ဟုတ်ပါလေစဟု အံ့အားသင့်ပြီး ငေးမောကျန်ရစ်ခဲ့ကြသည်။

"မြန်မြန်လာဟေ့ .... ရှေ့နားမှာ ဧရပ်ကောင်းတစ်ခုရှိတယ်"

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက အရေးကြီးသောအသံနှင့် ပြောသည်။

ကော့ဖေးဟုန်မှာလည်း .... လက်ထဲတွင် ပွေ့လာသော မိန်းကလေးအတွက် စိုးရိမ်စိတ်ဖြင့် လျှင်မြန်စွာ ပြေးလိုက်နေပါသည်။ ကော့ဖေးဟုန်အတွက် မလွယ်ပါ။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ကိုယ်ဖော့ပညာကို သုံး၍ ရှေ့မှပြေး

နေသဖြင့် ကော့ဖေးဟုန် အားကုန်သွန်၍ လိုက်နေရသည်။

သူ မောပန်းလှပြီ။

တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေသည်။

မိန်းမပျိုး၏ အသက်အန္တရာယ်ကို စိုးရိမ်သော စိတ်ကြောင့် အသက်မရှူနိုင်အောင် မောနေသော်လည်း မရပ်မနားဘဲ ပြေးလွှားနေသည်။

"ကဲ .... ရောက်ပြီဟေ့ .... ဧရပ်ပေါ်တက် .... လာ .... ဟို အရိပ်ကောင်းတဲ့နေရာမှာချ .... "

မိန်းမပျိုကို ကိုက်ပန်ဂိုဏ်းချုပ်ကြီး ညွှန်ပြသည့်နေရာတွင် ချပေးလိုက်သည်။

"ဟာ .... မင်းတစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေပါလား .... ကဲ .... မင်းမျက်နှာ ချွေးသုတ်ပစ်လိုက်ဦး .... "

ကော့ဖေးဟုန်က ကိုက်ပန်ဂိုဏ်းချုပ်ကြီး ခိုင်းသည့်အတိုင်း ဆောင်ရွက်သည်။

မျက်နှာပေါ်မှ ချွေးများကို သုတ်ပစ်လိုက်သောကြောင့် ဖုန် အလိမ်းလိမ်းနှင့် ပေကျံနေသောမျက်နှာသည် သန့်စင်သွားတော့သည်။

"ဟုတ်ပါ့ကွာ .... "

"မင်းက ဟကယ့်လူချောတစ်ယောက်ပါလားဟေ့ .... "

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက .... ကော့ဖေးဟုန်မျက်နှာကိုကြည့်၍ ပြောလိုက်လေ၏။

"ဒီမျက်နှာကြောင့် တစ်ခုကွပါပဲဗျာ .... "

ကော့ဖေးဟုန် ညည်းတွားလိုက်လေသည်။ ကိုက်ပန်ဂိုဏ်းချုပ်ကြီးကိုလည်း စိတ်တွင်းမှ မကျေမနပ်ဖြစ်မိသည်။

သတိလစ်နေသောမိန်းမပျိုမှာ အချိန်နှင့်အမျှ အသက်အန္တရာယ် စိုးရိမ်နေရပြီဖြစ်၍ အချိန်မီကုသပေးစေချင်သည်။

သို့သော် ....

ဘာမဟုတ်သည့် မိမိမျက်နှာကို ချောမောခန့်ငြားကြောင်း ချီးမွမ်းခန်းထုတ်နေသည်မှာ အချိန်ဖြုန်းနေခြင်းသက်သက်ဟု ထင်သည်။

မျက်နှာမကြည်မသာဖြစ်သွားသော ကော့ဖေးဟုန်ကိုကြည့်၍ ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ရယ်မောလေ၏။

"မင်းစိတ်ထဲမှာ ဘာတွေတွေးနေတယ်ဆိုတာ ငါသိပါတယ်ကွ၊ ဒီသူငယ်မကို ကုသမပေးဘဲ မဆိုင်တဲ့အကြောင်းအရာ လေကြောရှည်နေတယ်လို့ ထင်နေတယ် မဟုတ်လား .... မင်းထင်တာ မှားတယ် သူငယ်ရေ့ .... ငါ အခုချက်ချင်း ဒီသူငယ်မလေးကို ကုသပေးလို့ မဖြစ်သေးဘူး .... ငါ အတွင်းအားထုတ်ပြီး ကုသပေးနေတဲ့အချိန်မှာ

ဟိုအရက်ဆိုင်ထဲမှာ တွေ့ခဲ့တဲ့ ဂျပုဝတုတ်နဲ့ ဝါးခြမ်းပြားဝိန်ဂျည် ညီ အစ်ကို ရောက်လာပြီး ဒုက္ခပေးမှာ သေချာတယ် .... ဒီကောင်တွေကို မင်းနှိုင်အောင် ခုခံနိုင်မှာ မဟုတ်ဘူး .... ငါကလည်း အကွင်းအားထုတ်ပြီး ကုသပေးနေရိုက်မှာ ဒီကောင်တွေကို ဘာမှ ခုခံနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် သိုင်းပညာဝါရင့်တဲ့ လူတစ်ယောက်ရဲ့ အကူအညီလိုတယ်၊ အဲဒါ ဘယ်သူ့ကို အကူအညီတောင်းရမလဲ စဉ်းစားနေတာကွယ်"

ကိုက်ပန်ဂိုဏ်းချုပ်ကြီး ရှင်းပြတော့မှ ကော့ဖေးဟုန် သဘော ပေါက်သွားပြီး အလွန်အားနာသွားမိသည်။ သူသည် ဂိုဏ်းချုပ်ကြီးအား စော်ကားမိခဲ့သည် မဟုတ်ပါလား။

"ကျွန်တော် မှားသွားပါတယ်၊ အတွေ့အကြုံမရှိလို့ အန္တရာယ်ကို ကြိုမစဉ်းစားမိပါဘူး .... ခွင့်လွှတ်ပါ ခင်ဗျာ .... ကျွန်တော် နလဖိန်းတုံးပါ .... "

"ကိစ္စမရှိပါဘူး သူငယ်ရယ် .... မင်းက သူငယ်မလေးအပေါ်မှာ ဂီးရိမ်စိတ်ကဲနေတာကိုး .... ကဲ .... ကဲ .... ဒီနားတိုးစမ်း .... ဘယ်သူ့ကို အကူအညီတောင်းရမယ်ဆိုတာ ငါ အကြံရပြီ .... "

ကော့ဖေးဟုန်က ကိုက်ပန်ဂိုဏ်းချုပ်ကြီးအနီးသို့ တိုးကပ်လိုက်ရာ၏။

ဂိုဏ်းချုပ်ကြီးက နားဝသို့ကပ်၍ တီးတိုးလေသံဖြင့် နှစ်ကိုယ်

ကြားပြောသည်။

"ငါပြောတာ သေသေချာချာနားထောင်ပြီး ဆောင်ရွက်ပေတော့ .... ဒီရေပ်ကနေ အနောက်ဘက်တည့်တည့်ကိုသွား .... ပန်းချိုင့်ဝှမ်းကို ရောက်လိမ့်မယ် .... ပန်းချိုင့်ဝှမ်းရဲ့ နယ်နိမိတ်အစပ်မှာ ရပ်ပြီး မမချန်ရေလို့ အော်ခေါ်ပေတော့ .... သူ မင်းဆီရောက်လာလိမ့်မယ် .... သတိတော့ထားနော် .... သူက မင်းလို ယောကျ်ားချောကို တွေ့ရင် အလွတ်ပေးတာ မဟုတ်ဘူး .... အရေးကြီးတာက မင်း ပန်းချိုင့်ဝှမ်းထဲကို မဆင်းမိဖို့ဘဲ .... ပန်းချိုင့်ဝှမ်းထဲ ဆင်းမိရင် အချစ်စိတ် နိုးကြွတဲ့ ပန်းရနံ့တွေကြောင့် မင်းစိတ်မင်းထိန်းနိုင်မှာ မဟုတ်ဘူး .... "

"စိတ်ချပါ ဦး .... ကျွန်တော် ပန်းချိုင့်ဝှမ်းထဲ မဆင်းပါဘူး"

"အေး .... သူ့ကို တွေ့တွေ့ချင်း ဒီပစ္စည်းကိုပေးလိုက် .... "

ကိုက်ပန်ဂိုဏ်းချုပ်က ကော့ဖေးဟုန်လက်ထဲသို့ အသည်းပုံထွင်းထုထားသော ကျောက်စိမ်းပြားလေးဆွဲထားသည့် ရွှေကြိုးလေးတစ်ကုံးကို ထည့်ပေးလိုက်လေသည်။

"ဒီကျောက်စိမ်းဆွဲပြားကို မင်းက လက်ဆောင်ပေးတဲ့အနေနဲ့ ပေးရမှာ .... ပြီးတော့ အဲဒီအတွက် အကူအညီတစ်ခုပေးပါဆိုပြီး ဒီကို ရောက်အောင်ခေါ်ခဲ့ .... ရှင်းရှင်းပြောရရင်တော့ကွာ .... ဒီပန်းချိုင့်

ဝှမ်းခင်မ ချန်ဟာ မင်းလိုရုပ်ရည်ချောမောတဲ့ ယောကျ်ားတွေ အကု
အညီတောင်းမှ သူသိုင်းပညာနဲ့ တစ်ဘက်သားကို အကူအညီပေးတတ်
တဲ့ မိန်းမပဲ .... ကဲ .... မင်း သဘောပေါက်ပြီ မဟုတ်လား"

ကော့ဖေးဟုန်မှာ သူရုပ်ရည်နှင့် ဖြားယောင်းပြီး အကူအည
တောင်းရမည်ကို သဘောပေါက်သွားသောကြောင့် ခေါင်းညိတ်ပြလိုက်
ရသည်။

"ဟုတ် .... ဟုတ်ကဲ့ .... "

"ကဲ .... သွားတော့ဟော့ .... မင်း မြန်မြန်ပြန်လာနိုင်လေ ဒီ
သူငယ်မအတွက် မျှော်လင့်ချက်ပိုရှိလေဟော့၊ အဲ့ဒါကို သဘောပေါက်"

ကော့ဖေးဟုန်မှာ ဇရပ်ပေါ်မှ ပြေးဆင်းလာခဲ့လေတော့၏။

အချိန်မည်မျှကြာအောင် ပြေးနေမိမှန်း မသိပေ။

ဟောဟဲလိုက်အောင် မောနေပြီဖြစ်၍ ပါးစပ်ကို ဖွင့်ကာ လေ
ကို အငမ်းမရရှူသွင်းနေရသည်။

ခြေလှမ်းကိုတော့ မရပ်၊ ပြေးမြဲပြေး၏။

မျက်နှာပေါ်မှ တသွင်သွင်စီးကျနေသော ချွေးစက်များက ပါး
စပ်အတွင်းသို့ စီးဝင်၍ ခံတွင်းတစ်ခုလုံးကို ငန်ကျိုချဲကပ်နေသည်။

မျက်လုံးများမှာလည်း ချွေးများဖြင့် စင်၍ ရှေ့ကို ကွဲကွဲပြား
ပြား မမြင်ပေ။

"အား .... "

တစ်နေရာအရောက်တွင် ကျောက်တုံးတစ်ခုနှင့် တိုက်မိပြီး
မြေပေါ်သို့ တလိမ့်ကောက်ကွေး လွင့်ကျသွားတော့၏။

အားတင်းလျက် ပြန်ထပြီး ကြည့်လိုက်ရာ မိမိရှေ့၌ နက်ရှိုင်း
သော ချိုင့်ဝှမ်းတစ်ခုကို မြင်ရလေသည်။

မိမိမှာ ထိုချိုင့်ဝှမ်းနှုတ်ခမ်းသို့ ရောက်လာခဲ့လေပြီ။

ချိုင့်ဝှမ်းအတွင်းမှ ပန်းရနံ့ချိုချိုများ လွင့်ဝဲလာ၏။

ပန်းချိုင့်ဝှမ်းကို ရောက်ပြီဟု ကော့ဖေးဟုန် သိလိုက်၏။

မတ်တတ်ထရပ်ပြီး မမချန်ရေဟုခေါ်ရန် အားယူလိုက်သည်။

သို့သော် တစ်စုံတစ်ရာကို သတိရသွားပြီး မခေါ်သေးဘဲ ချွေး
စက်များဖြင့် ပေကျံနေသော သူမျက်လုံးကို အဝတ်နှင့်သုတ်ပစ်လိုက်
၏။ ခေတ္တမျှ အမောဖြေလိုက်ရ၏။ သူလွန်စွာမောပန်းလာသည်
မဟုတ်ပါလော။ ပြီးမှ အော်ခေါ်လိုက်လေ၏။

"မမချန်ရေ .... မမချန်ရေ .... "

သူခေါ်သံမှာ မောဟိုက်နေသော်လည်း ဆွဲဆောင်မှုတစ်မျိုးရှိ
နေသည်။

ချိုင့်ဝှမ်းချောက်ကမ်းပါးအတွင်း၌ ပဲ့တင်ထပ်လျက်ရှိနေသော
သူ့အသံ ပြန်လည်တိုးတိတ်သွားသည်နှင့် ....

ချိုင့်ဝှမ်းထဲမှ ဝါလွင်သော သဏ္ဌာန်သည် ချိုင့်ဝှမ်းနှုတ်ခမ်းပေါ်သို့ ပျံဝဲတက်လာသည်။

ကိုယ်ဖော့ပညာဖြင့် ခုန်တက်လာသော မမချုန်ပင် ဖြစ်လေ၏။

ကော့ဖေးဟုန်ရှေ့တွင် ကျော့ကျော့ရှင်းရှင်းလေး ရပ်နေသော မမချုန်အလှမှာ ဆွဲဆောင်မှုအားကြီးလှသည်။

တလက်လက် တောက်ပနေသော သူမ၏မျက်ဝန်းအစုံက ကော့ဖေးဟုန်ကို စိုက်ကြည့်၏။ ချောမောလှပသော ကော့ဖေးဟုန်မျက်နှာကို သဘောကျနှစ်သြက်ဟန်ဖြင့် သူမ၏လေးကိုင်းနှုတ်ခမ်းများကို တွန့်ကွေးပြုံးလိုက်လေသည်။

ကော့ဖေးဟုန်က လက်ကို ဆန့်တန်းပြီး မေးလေ၏။

"ဒါ မမချုန်အတွက် ကျွန်တော့်ရဲ့လက်ဆောင်ပါ .... "

သူသည် ကျောက်စိမ်းဆွဲပြားလေးကို ကမ်းပေးလိုက်သည်။

ထိုသို့ကမ်းပေးနေခိုက်မှာပင် ကော့ဖေးဟုန် ရင်ဝသို့ အမောများ လှိုက်တက်လာပြီး ကိုယ်ကိုမထိန်းနိုင်ဘဲ ဒူးများညွတ်ကျသွားသည်။

ပန်းချိုင့်ဝှမ်းသခင်မချုန်က သဘောကျစွာ လှိုက်လှိုက်လဲလဲ ရယ်မောလိုက်ပြီး ....

"ဒူးထောက်ပြီး ပေးစရာမလိုပါဘူး ငါ့မောင်ရယ် .... မမချုန်ကမင်းကို မြင်မြင်ချင်း မင်းလက်ဆောင်ကို လက်ခံဖို့ ဆုံးဖြတ်ပြီးသားပါ။ က .... ထ .... ထ .... "

ပန်းချိုင့်ဝှမ်းသခင်မက ကော့ဖေးဟုန်လက်ကို ဆွဲယူပြီး ထူလိုက်သည်။

ကော့ဖေးဟုန် ရင်တထိတ်ထိတ်ခုန်သွားသည်။

ပူနွေးညံ့သက်သော အထိအတွေ့သည် ယောကျ်ားပျိုတစ်ဦး၏ အတွင်းစိတ်ကို ဒုက္ခပေးလေ၏။ သို့သော် ....

"ကျွန်တော့်လက်ဆောင်ကို လက်ခံတဲ့အတွက် ပြောမပြနိုင်အောင် ဝမ်းသာပါတယ်ခင်ဗျာ .... ကျွန်တော်က မမချုန်ဆီကို ဒုက္ခတစ်ခုနဲ့ အကူအညီတောင်းဖို့ ရောက်လာရတာပါဗျာ .... ဒီအကူအညီကို မမချုန်ကလွဲရင် ဘယ်သူမှပေးနိုင်မှာ မဟုတ်ဘူး .... အဲဒါ .... အဲဒါ .... မမချုန် ကျွန်တော့်ကို .... "

ကော့ဖေးဟုန်မှာ မောဟိုက်နေဆဲဖြစ်၍ .... စကားကို ဆက်မပြောနိုင်တော့။

ပါးစပ်ကိုဖွင့်၍ လေကို အငမ်းမရ ရှူလိုက်ရပြန်လေသည်။

"အို .... မောင်လေးရယ် .... မင်း မမချုန်ဆီက အကူအညီတောင်းရမှာ အားနာနေလို့ စကားပြောမထွက်အောင် ဖြစ်နေတာ

လား .... အားနာမနေပါနဲ့ကွယ် .... မင်းလိုတဲ့ အကူအညီ မမချန်ပေးပါ့မယ် .... "

ကော့ဖေးဟုန်ကား အတိုင်းထက်အလွန် ဝမ်းသာသွားသည်။

"ကျေးဇူးပါပဲ မမချန်ရယ် .... ဒီလိုဆိုရင်လည်း ကျွန်တော့် နောက်ကိုသာ လိုက်ခဲ့ပါတော့ မမချန် .... "

ပြောပြီးသည်နှင့် ကော့ဖေးဟုန်က နောက်ကြောင်းပြန်လှည့်၍ ပြေးထွက်သွားလေတော့သည်။

ပန်းချီဝှမ်းသခင်မချန်ကလည်း ပြေးထွက်သွားသော ကော့ဖေးဟုန်ကို ရပ်ကြည့်နေပြီး ကိုယ်ဖော့ပညာမရှိသည်ကို အကဲခတ်မိသည်။

ထို့ကြောင့် သူမက ကိုယ်ဖော့ပညာကိုသုံးပြီး တစ်ခဏချင်း ကော့ဖေးဟုန်ကို အမီလိုက်၍ ကော့ဖေးဟုန်လက်ကို ဆွဲကာ အလျင်အမြန် ပြေးလေတော့သည်။

"မင်းသွားမယ့်နေရာကို ဦးတည်လိုက် .... "

ကော့ဖေးဟုန်မှာ ပန်းချီဝှမ်းသခင်မ ကိုယ်ဖော့ပညာဖြင့် မိမိလက်ကို ကူညီဆွဲပြေးသဖြင့် မမောမပန်းတော့သဖြင့် အမြန်ပြေးနိုင်လာလေ၏။

အဝါလွင်ဝတ်စုံနှင့် ပန်းချီဝှမ်းသခင်မသည် ဤသို့ ကော့ဖေး

ဟုန်နှင့် လက်တွဲ၍ ပြေးနေရသည်ကို ဟော်ရှင်ကြည်နူးဟန်တူသည်။

သူမ၏မျက်နှာမှာ ဝင်းပနေသည်။

ကော့ဖေးဟုန်ကမူ ပန်းချီဝှမ်းသခင်မချန်၏ ကိုယ်ဖော့ပညာကို လမ်းတစ်လျှောက်လုံး အကဲခတ်ကြည့်ရှုလာခဲ့လေသည်။

ပန်းချီဝှမ်းသခင်မ၏ခြေဖျားထောက်ပုံ၊ ကိုယ်ခန္ဓာဟန်ချက်ကို ထိန်းသိမ်းလိုက်ပုံ၊ ခြေညွှတ်ကွေးသွားပုံ၊ ခါးခွဲ့လိုက်ပုံများကို အသေးစိတ်မှတ်သားခဲ့မိ၏။ ကော့ဖေးဟုန်သည် ပညာပါရမီရှိသော လူငယ်တစ်ဦးဖြစ်သည်။ သူသည် အရာရာကို စူးစမ်းတတ်၊ မှန်းဆတတ်သည်။

မကြာမီ ဇရပ်အိုကြီးသို့ ရောက်လာသည်။

လူနာနှင့် ဂိုဏ်းချုပ်ကြီးရှိသည့် ဇရပ်အိုကြီးပေတည်း။

"ရောက်ပါပြီ မမချန် .... "

အသင့်စောင့်နေသော ကိုက်ပန်ဂိုဏ်းချုပ်ကို ဇရပ်တွင်တွေ့ရသည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးမှာ အဝတ်စတစ်ခုကို ခေါင်းတွင်စည်း၍ မျက်နှာတစ်ခြမ်းဖုံးထားသည်ကို တွေ့ရသည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီး ရုပ်ဖျက်ထားကြောင်း သိလိုက်ရလေသည်။

ပန်းချီဝှမ်းသခင်မက ကိုက်ပန်ဂိုဏ်းချုပ်ကြီးကို အကဲခတ်

လိုက်ပြီး ....

"မမချန်က ဘာကူညီရမှာလဲကွယ်၊ ငါ့မောင်အတွက် ဒီအဘိုးကြီးကို လည်ပင်းဖြတ်ပေးရမှာလား .... "

ရုတ်တရက်မေးသည်။

ကော့ဖေးဟုန်မှာ မျက်လုံးပြူးသွားပြီး အလျင်အမြန်ခေါင်းခါပြသည်။

"မဟုတ်ပါဘူး မမချန် .... ဒါ ကျွန်တော့်မိတ်ဆွေပါ .... "

"ဟင် .... မင်းမိတ်ဆွေကလည်းကွာ .... မင်းနဲ့တော့ တခြားစီပဲ .... အဝတ်အစားကလည်း စုတ်ပြတ်ပေကျံနေတယ် .... အသက်ကလည်း သခ်ၤဂြိုဟ်ခြေတစ်ဘက်လှမ်းနေပြီ .... "

ပန်းချီဝ့ဝမ်းသခင်မက ဂိုဏ်းချုပ်ကြီးကို အမြင်ကတ်ဟန်နှင့် ပြောနေသည်။

"သူက ဟောဟိုဇရပ်ပေါ်က မိန်းကလေးကို အတွင်းအားနဲ့ ကုပေးမလို့ပါ .... သူကုပေးနေတဲ့အချိန်မှာ ရန်သူရောက်လာရင် ကျွန်တော်က သိုင်းပညာမတတ်တော့ ဒုက္ခရောက်မှာပဲ၊ အဲဒါကြောင့် မမချန်ကို အကူအညီတောင်းတာပါ .... "

"ကူညီဖို့တော့ ဝန်မလေးပါဘူး .... ဒါပေမယ့် မမချန်သိချင်တာ တစ်ခုတော့ရှိတယ်ကွယ့် .... ဇရပ်ပေါ်က မိန်းကလေးနဲ့ ငါ့မောင်နဲ့

က ဘာတော်လဲကွယ် .... "

ထိုအချိန်တွင် .... ကိုက်ပန်ဂိုဏ်းချုပ်ကြီးက ကော့ဖေးဟုန်ကို မျက်စိမှိတ်ပြသည်။

ကော့ဖေးဟုန်ကလည်း .... သဘောပေါက်လိုက်သည်။ သွေးမတော်သားမစပ် မိန်းကလေးဆိုလျှင် မမချန် ကူညီချင်မည် မဟုတ်ချေ။

သူက မျက်နှာငယ်လေးနှင့် ဖြေလိုက်၏။

"အောင်မယ်လေး တော်ပါသေးရဲ့ကွယ် .... မမချန်က မင်းချစ်သူများ ဖြစ်နေမလားလို့ စိုးရိမ်ပြီး မေးတာပါ .... မင်းညီလေးဆိုတော့လည်း ကူညီရတာပေါ့ .... ကဲ .... အဘိုးကြီး .... ရှင် အတွင်းအားနဲ့ ကုလို့ရမယ်ဆိုတာ ကုပေတော့ .... ရောက်လာမဲ့ အန္တရာယ်ကိုတော့ ကျွန်မတာဝန်ထား .... "

မိန်းကလေးများ၏ သဘောကို ကော့ဖေးဟုန် သိ၏။ သူသည် ရုပ်ရည်ရူပကာကို ဘန်းပြပြီး ရွှပ်ပွေနေသူမဟုတ်သော်လည်း မိန်းကလေးများ၏ အတွင်းသဘောကိုတော့ ကောင်းစွာ ရိပ်မိသည်။

ကိုက်ပန်ဂိုဏ်းချုပ်ကြီးသည် ငါးစာတစ်ခုကို တွေ့ရှိလိုက်သည်။ ထိုငါးစာကား ကော့ဖေးဟုန်၏ ရုပ်ရည်ပင်တည်း။ ကော့ဖေးဟုန်၏ ရုပ်ရည်တစ်ခုတည်းရှိနေလျှင်လည်း အသုံးဝင်မည်မဟုတ်ချေ။

ဗုဒ္ဓဘာသာဝင်များ ပြောကြသလို လှူဒါန်းမည့်ပုဂ္ဂိုလ်လည်း ရှိမှ၊ အလှူခံပုဂ္ဂိုလ်လည်းရှိမှ၊ လှူဒါန်းမည့်အရာဝတ္ထုလည်းရှိမှ အလှူဒါန ဖြစ်မြောက်သလိုမျိုးဖြစ်နေသည်။ ကေ့ဖေးဟုန်၏ရုပ်ရည်တစ်ခုတည်းရှိ၍လည်း သူ ဆောင်ရွက်လိုသည့်ကိစ္စအတွက် ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ချေ။

ကေ့ဖေးဟုန်၏ရုပ်ရည်မျိုးကို နှစ်ခြိုက်တတ်သည့် အမျိုးသမီးမျိုး ရှိနေပြီး သိုင်းပညာအထူးကျွမ်းကျင်မှသာ သူ၏အမှုကိစ္စကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုမိန်းမမျိုး အဘယ်နေရာမှာ ရှိမည်ကို ကေ့ဖေးဟုန် မသိပေ။ ကိုက်ပန်ဂိုဏ်းချုပ်ကြီးသာ သိသည်။ ထို့ကြောင့် ပန်းချိုင့်ဝှမ်းသခင်မဆီသို့ သူ့ကို စေလွှတ်လိုက်ခြင်းဖြစ်ပေသည်။ ပန်းချိုင့်ဝှမ်းသခင်မသည် ချောသည်။ လှသည်။ ကေ့ဖေးဟုန်ကို စိတ်ဝင်စားသည်။ ထို့ကြောင့် သူမစိတ်ဝင်စားသော ယောကျ်ားပျိုနှင့် ချစ်ကြိုးသွယ်နေသည့် မိန်းကလေးရှိနေပါက သူမ၏ကူညီမှုသည် အချည်းအနှီး ဖြစ်ရပေတော့မည်။ ထို့ကြောင့် ကေ့ဖေးဟုန်အား အထက်ပါ မေးခွန်း မေးလိုက်ခြင်းဖြစ်သည်။

ဂိုဏ်းချုပ်ကြီးကလည်း စိတ်ချသွားဟန်ဖြင့် သက်ပြင်းချလိုက်သည်။

သတိလစ်နေသည့် မိန်းကလေးအနီးသို့ လျှောက်လာပြီး တင်

ပျဉ်ခွေထိုင်ချလိုက်သည်။

ထို့နောက် သူလက်ဖဝါးကို မိန်းကလေး၏ နှလုံးသားတည့်တည့် ကျောပြင်ပေါ်သို့တင်၍ ဝိတ်နေသော သွေးလမ်းကြောင်းများကို ရှာ၍ မှုတ်ပေးနေသည်။

ကေ့ဖေးဟုန်က ဂိုဏ်းချုပ်ကြီးထံ အာရုံရောက်နေသည်မှာ မည်မျှကြာသွားသည်မသိ။

ပန်းချိုင့်ဝှမ်းသခင်မက ကေ့ဖေးဟုန်လက်ကို ဆတ်ခနဲ ဆွဲလိုက်မှ သတိပြန်ဝင်လာသည်။

"ငါ့မောင် မမချန်နောက်ကို လာနေစမ်း .... ရန်သူလာနေပြီ၊ ခြေသံကြားတယ် .... "

ကေ့ဖေးဟုန်က သူမစိတ်ကျေနပ်အောင် ခိုင်းသည့်အတိုင်း သူမနောက်ကွယ်၌ ရပ်နေလိုက်သည်။

ကေ့ဖေးဟုန်နားထဲ၌ မည်သည့်အသံမျှ မကြားရ၍ ပန်းချိုင့်ဝှမ်းသခင်မ၏ စကားကို သံသယဖြစ်နေမိသည်။

ပန်းချိုင့်ဝှမ်းသခင်မက ဇရပ်ရှေ့တွင် ချုံနွယ်ဝိတ်ပေါင်းများထူထပ်စွာ ပေါက်ရောက်နေသော နေရာသို့ စူးစိုက်ကြည့်နေရာမှ အော်ငေါက်လိုက်လေ၏။

"ဟေ့ ဘယ်သူတွေလဲ .... သတ္တိရှိရင် ရဲရဲတင်းတင်းဝင်ခဲ့ပါ

လား .... သူနိုး သူ့ဂုက်လို ဘာဖြစ်လို့ ပုန်းလျှိုးကွယ်လျှိုး လုပ်နေရ တာလဲ .... "

ကော့ဖေးဟုန်မှာ ပညာသင်မျှသာဖြစ်သည်။

ပန်းချိုင့်ဝှမ်းသခင်မကတော့ ပညာရှင်ဖြစ်သည်။သူကတော့ မြင်သည်။ သူမအော်လိုက်သောအခါ ငြိမ်သက်နေသော ချုံပုတ်ထဲမှ ယိမ်းထိုးလှုပ်ရှားသွားလေတော့သည်။

အခန်း(၇)

ပစ္စုပ္ပန်သို့ဆိုက်ရောက်ခြင်း

"ဝုန်း .... ဝုန်း .... "

လူရိပ်နှစ်ခု ကျမ်းပစ်၍ ထွက်လာလေ၏။

တစ်ယောက်မှာ ကျပုလူဝကြီး၊ တစ်ယောက်က ဆန့်ကျင်ဘက် ဝိန်ရှည်ရှည်။

ထိုလူနှစ်ယောက်သည် ပန်းချိုင့်ဝှမ်းသခင်မနှင့် မလှမ်းမကမ်း တွင် ရပ်လိုက်ကြသည်။

"ဟာ .... ဘယ်သူများလဲလို့ .... ငါတို့ သိပ်တွေ့ချင်နေတဲ့ ပန်းချိုင့်ဝှမ်းသခင်မချန်ပါလားဟော .... "

လူဝကြီးက အသံအစ်အစ်ဖြင့် ပြောသည်။

လူဝကြီးနှင့် ဝိန်ရှည်ရှည်လူကြီးတို့သည် ပန်းချိုင့်ဝှမ်းသခင်မ

ကို တွေ့လိုက်ရသောအခါ ဆတ်ဆတ်လူး အရူးထနေကြတော့သည်။ ဤသည်မှာ သိုင်းလောက၏ မမှန်မကန် ကောလာဟလသတင်းများကြောင့်လည်း ဖြစ်သည်။

ပန်းချီငှမ်းသခင်မသည် လျှပ်ပေါ်လော်လီသည်ဟူ၍လည်း ကောင်း၊ ချစ်တမ်းကစားတတ်သည်ဟူ၍လည်းကောင်း သိုင်းလောကဌ ကောလာဟလ သတင်းစကားပြန့်ကားလျက်ရှိသည်။ တကယ်တော့ ဤသတင်းမမှန်ပါ။ သို့သော် ပန်းချီငှမ်းသခင်မသည် ရုပ်ရည်ချောမောသောသူများကို စိတ်ဝင်စားမှုရှိသည်ကတော့ မှန်သည်။

လူဝကြီးက ရယ်ရင်း ....

"အလှနတ်သမီးကလေး ချန်ကတော့ လှပြီးရင်းလှ .... ချောပြီးရင်း ချောနေတော့တာပဲ .... ဘယ်လို အလှဆေးတွေမျှား ရထားသလဲ မသိဘူး .... "

ပန်းချီငှမ်းသခင်မက နှာခေါင်းရှုံ့လိုက်၏။

"ရှင်တို့ တော်တော်အရူးထနေကြတာပေါ့လေ .... အရူးတကာ့ အရူးတွေမှာ ဒီလိုအရူးမျိုးက အဆိုးဆုံးပဲ .... ကုရာနတ္ထိ ဆေးမရှိဆိုတာ ဒီလိုရောဂါမျိုးအတွက် ပြောတာပေါ့ .... "

ဝိန်ဝိန်ရှည်ရှည်လူကြီးက တဟီးဟီး ရယ်ပြီးပြောသည်။

"ဘာ .... ကုရာနတ္ထိဆေးမရှိတဲ့ ဟုတ်လား .... ကျုပ်တို့မှာ

အဲဒီရောဂါရှိနေတာ ကြာပြီ .... ဘာဆေးမှလည်း မလိုဘူး .... ကျုပ်တို့ကို မင်းတို့ ကုသရမယ်လို့ ဘယ်သမားတော်ကမှလည်း မပြောဘူး၊ ယောကျ်ားတိုင်း ဒီရောဂါရှိကြတာပဲကွယ် .... အချစ်ကလေးက ဘယ်နဲ့ ကျုပ်တို့ကိုမှ ဒီရောဂါရှိနေတယ်လို့ ပြောရတာလဲ .... "

ပန်းချီငှမ်းသခင်မက မဲ့မဲ့ရဲ့ရဲ့ဖြင့် ပြော၏။

"ဒီရောဂါက ယောကျ်ားတိုင်းမှာ ရှိတာ မှန်တယ် .... ဣန္ဒြေသိက္ခာရှိတဲ့ ယောကျ်ားတွေဟာ ဘယ်တော့မှ ရှင်တို့လို အရူးမထကြဘူး .... အခု ကြည့်လိုက်စမ်းပါဦး .... ရှင်တို့ မှန်ထဲမှာ ပြန်ကြည့်လိုက်စမ်း၊ ရှင်တို့လောက် မျက်နှာပြောင်တဲ့လူတွေ ဒီလောကမှာ မရှိဘူးဆိုတာ ရှင်တို့ တွေ့သွားမယ် .... "

ပန်းချီငှမ်းသခင်မက ခါးခါးသီးသီး အပြတ်ပြောသည်။ လူဝကြီးနှင့် ဝိန်ဝိန်ရှည်ရှည်လူကြီးတို့ကတော့ တဟီးဟီးနှင့် ရယ်နေကြသည်။

လူဝကြီးက ....

"အချစ်သခင်မလေး ဘယ်လိုများ လုပ်ချင်သတုံး .... ကျုပ်တို့နဲ့ လုပ်ချင်ရာလုပ်လို့ရပါတယ် .... "

ပန်းချီငှမ်းသခင်မက ရှဲရှာစွာပြောသည်။

"ရှင်တို့က နှစ်ယောက်ဆိုတော့ .... ကဲပါလေ .... နှစ်ယောက်

စလုံးပဲ ရှေ့တက်ခဲ့ကြပါ .... ရှင်တို့လိုချင်တာရှိရင် လာယူကြပါ .... တစ်ယောက်စီ တက်လာကြရင် အချိန်ကုန်နေတယ် .... ဒီတော့ အချိန်မကုန်အောင် တစ်ပြိုင်နက် တက်လာခဲ့ကြပါ .... "

ပန်းချိုင့်ဝှမ်းသခင်မက စိန်ခေါ်လိုက်၏။ သူမ၏ အမူအရာကတော့ ခပ်အေးအေးပင်။ တိုက်ပွဲဝင်မည့်ပုံမရှိပေ။

လူဝကြီးက ....

"ကဲ .... ဒီလိုဆိုရင် ကျုပ်တစ်ယောက်ပဲ ဝင်လိုက်မယ် .... ကျုပ်နဲ့ ချစ်ပွဲဝင်ပြီးမှ သူ့အလှည့်ပေါ့ .... ကဲ .... လာပြီ"

လူဝကြီးသည် လူနှင့်မလိုက်အောင် ပေါ့ပါးစွာ လေထဲခုန်ပျံဝင်လာ၏။ အလွန်လည်း လျင်မြန်သည်။ ပန်းသခင်မအား လက်ဝါးနှင့် ရိုက်လိုက်သည်။

ပန်းသခင်မသည် လူဝကြီး ဝင်လာသည်နှင့် ဖျတ်ခနဲ ဘေးသို့ ရှောင်ထွက်သွားသည်။

လူဝကြီးက ရယ်ရင်းအော်ပြောသည်။

"အချစ်ကလေးက ရှောင်ထွက်သွားတာကိုး .... ဘယ်လိုလဲ၊ ကျုပ်တို့ကို ထိပ်တိုက်မတွေ့ရဲဘူးလား .... "

"ထွီ .... ရှင်တို့ကိုလား ထိပ်တိုက်မတွေ့ရဲမှာ .... ကျွန်မ လက်နဲ့ ရှင်တို့ကို ရိုက်ရင် ခွေးကိုရိုက်သလို ဖြစ်သွားမှာပေါ့ .... လက်တောင်

သနေသေးတယ် .... ဒါကြောင့် ရှောင်လိုက်တာ .... "

လူဝကြီးသည် သူ့ကို ခွေးထက် ယုတ်ညံ့အောင်ပြောသော်လည်း စိတ်မဆိုးချေ။ တဟဲဟဲ ရယ်နေ၏။

"ပြောပါ .... ပြောပါ အချစ်ကလေးရယ်၊ အချစ်ကလေး ပြောတာတွေကို ကိုကိုတို့က အထအနမကောက်ပါဘူး၊ ချစ်လို့ကြည်စယ်နေကြတာပဲ မှတ်ပါတယ်၊ ကဲ တစ်ချက်လောက် ကြည့်လိုက်စမ်းပါဦး"

လူဝကြီးသည် "မိုးနဂါးကျောကွင်းဖမ်း" သိုင်းကွက်ဖြင့် ပန်းချိုင့်ဝှမ်းသခင်မအား လက်ဖြင့်ခုတ်လိုက်၏။ ခြေထောက်ကလည်း ပန်းချိုင့်ဝှမ်းသခင်မကို လှမ်းကန်သေးသည်။ သူတို့က်ကွက်က ကြည်စယ်သည့်တိုက်ကွက်တော့မဟုတ်ချေ။ ပန်းချိုင့်ဝှမ်းသခင်မ သူ၏လက်တွင်းသို့ သက်ဆင်းသွားနိုင်သည်။

ပန်းချိုင့်ဝှမ်းသခင်မကလည်း လျင်သည်။ သူမသည် ကိုယ်ကို ကော့၍ရှောင်လိုက်သည်။ မိုပြိုဟုထင်လိုက်ရသော်လည်း လွတ်သွားသည်။

ပန်းချိုင့်ဝှမ်းသခင်မက ရယ်သည်။

"အဲဒါကြောင့်ပြောတာပေါ့ .... ဝင်ပါ .... နှစ်ယောက်စလုံး ဝင်ကြပါလို့ တစ်ယောက်တည်းတိုက်နေတော့ အချိန်ကုန်တာပေါ့"

လူဝကြီး မျက်နှာအနည်းငယ်နီလာသည်။ သူ၏လေသံက

စောစောကလိမချို့သာတော့ပေ။ အနည်းငယ်မာလာသည်။

"မင်းအပြောမကြီးနဲ့ .... မင်းကို အလွန်ဆုံး နောက်ငါးကွက်ပဲ အချိန်ပေးမယ် .... ငါးကွက်အတွင်းမှာ မင်းကိုမိစေရမယ် .... "

လူဝကြီးသည် လျင်မြန်စွာလှုပ်ရှားလေတော့သည်။ သူ၏ ခြေလက်များမှာ အရိပ်ထနေသည်။ လေသည် တဝီးဝီးမြည်နေ၏။ လူဝကြီး အစွမ်းကုန်တိုက်နေခြင်းဖြစ်သည်။ သို့သော် ပန်းချီငှဝမ်းသခင်မကတော့ ရှောင်ရဲသာ ရှောင်သည်။ လုံးဝပြန်မတိုက်ပေ။

ပန်းချီငှဝမ်းသခင်မက ရယ်၍ ....

"အခုဆိုရင် သုံးကွက်တောင်ရှိသွားပြီ .... စတိုက်ချိန်နဲ့ပေါင်းလိုက်ရင် စုစုပေါင်း ငှက်ကွက်တော့ရှိနေပြီ .... ကျွန်မကိုထိဖို့မပြောနဲ့ ကျွန်မအရိပ်ကိုတောင် ရှင်ထိအောင် မတိုက်နိုင်ပါကလား .... "

ရယ်သံက ချိုလွင်လှ၏။ သို့သော် လူဝကြီး၏နားထဲသို့မူ ခါးခါးသီးသီးတိုးဝင်သွားသည်။

ထိုစဉ် ဝိန်ရှည်ရှည်လူကြီးက သတိပေးလိုက်၏။

"ဒေါသ သိပ်မထုတ်နဲ့၊ သူက ဒေါသထွက်အောင် စပေးနေတာ၊ အဲဒါကို သတိထားလိုက် .... မဟုတ်ရင် ခံရလိမ့်မယ် .... "

လူဝကြီးသည် သူဒေါသကို ထိန်းလိုက်၏။ သူအမှုအရာသည် စတွေ့စကလို မချိုမချဉ်ပြန်ဖြစ်လာ၏။

ဝိန်ရှည်ရှည်လူကြီးက လှမ်းအော်လိုက်သည်။

"နောက်ကိုပြန်ဆုတ်လိုက်"

လူဝကြီးခုန်ဆုတ်သွား၏။

ပန်းချီငှဝမ်းသခင်မနှင့် သိုင်းလောက လူဆိုးကြီးနှစ်ယောက်တို့သည် စောစောကလို ရင်ဆိုင်မိကြတော့သည်။

ဝိန်ရှည်ရှည်လူကြီးက ....

"အေး .... ကွာ .... အလှနတ်သမီးချန်ပဲ .... ချန်ရေ .... ကျွန်တော်မျိုးတို့ကို ချန်ရဲ့ ပန်းချီငှဝမ်းထဲ ခေါ်သွားပါလားဗျာ .... ဟင်း .... ဟင်း .... ဟင်း .... ဒီမှာ အချစ်အိပ်မက်ကလေးတွေမက်ပြီး အချစ်ပွဲကြီး နဲ့လိုက်ကြရရင်တော့ .... "

"တိတ်စမ်း .... ရှင်တို့ အသက်တိုချင်ပြီနဲ့ တူတယ် .... "

ပန်းချီငှဝမ်းသခင်မက ငေါက်လိုက်၏။ ဝိန်ရှည်ရှည်ကြီးက ဒဏ်ရာရထားသဖြင့် အဝတ်ဖြင့်စည်းထားသော သွေလက်ကြီးကို ခါယမ်းရင်း ....

"ပြီးတော့မှ သခင်မချန်နဲ့ ဆွေးနွေးကြတာပေါ့ .... အခု ဟောဟိုရေပေါ်က မိန်းကလေးကို သတ်လိုက်ဦးမယ် .... "

"ရှင်တို့ ရှေ့ကိုတစ်လှမ်းမတိုးပါနဲ့ .... "

"ဗျာ .... ဘယ်လို သခင်မချန်က ကျွန်တော်တို့ ရေပေါ်

"သခင်မလေး .... သခင်မလေးကို ကျွန်တော် .... ကျွန်တော် သိပ် .... သိပ်ချစ်တယ် .... ကျွန်တော့်ကို သခင်မလေး နိုင်းချင်ရာ နိုင်းပါတော့ .... သခင်မလေးကသာ သေဆိုရင် ခုချက်ချင်း ကျွန်တော့် လည်ပင်းကို ဖြတ်မယ် .... "

တစ်မှုဟုတ်ချင်း အပြောင်းလဲကြီး ပြောင်းလဲသွားသော ဂျပု လူဝကြီး၏ အပြုအမူကို မြင်ရသောကြောင့် ကော့ဖေးဟုန် မျက်လုံး ပြူးသွားလေတော့သည်။

ဝိန်ရှည်ကြီးမှာလည်း မယုံကြည်နိုင်အောင် အံ့အားသင့်လျက် ငေးကြည့်နေ၏။

ပန်းချိုင့်ဝှမ်းသခင်မက ....

"ဟား .... ဟား .... ဟား .... တွေ့ပြီမဟုတ်လား .... ပန်း ချိုင့်ဝှမ်းသခင်မကို စော်ကားရင် ဒီလိုရူးသွားရမယ်ဟေ့ .... အဲဒါ အချစ် ရူး ပန်းပွင့်အဆိပ်သင့်သွားတာပေါ့ .... "

ထို့နောက် လူဝကြီးကို လက်ညှိုးငေါက်ငေါက်ထိုးလျက် ....

"ကဲ .... ရှင် အခုချက်ချင်း ဒီကထွက်ပြီး နေထွက်တဲ့ အရှေ့ တည့်တည့်လျှောက်သွားပေတော့ .... ဘယ်တော့မှ နောက်ကိုပြန် လှည့်မလာနဲ့ .... လူတွေက ကမ္ဘာကြီးလုံးတယ်လို့ ပြောကြတယ်.... ကမ္ဘာကြီးက တကယ်လုံးနေတယ်ဆိုရင် ရှင် တစ်နေ့နေ့ ဒီနေရာကို

တက်တာ မစောင့်နိုင်တော့ဘူးတဲ့လား .... ခုချက်ချင်း ပန်းချိုင့်ဝှမ်း ကို သွားချင်ပြီလား .... ခင်ဗျားစောင့်ပါဦးဗျာ .... ဟား .... ဟား .... ဟား .... "

စကားဆုံးသည်နှင့် လူဝကြီးက ပန်းချိုင့်ဝှမ်းသခင်မကို ခုန်အုပ် လိုက်သည်။

ပန်းချိုင့်ဝှမ်းသခင်မက လှစ်ခနဲ ရှောင်ထွက်လိုက်ပြီး လေထဲ တွင်ရှိသော လူဝကြီးထံသို့ ခရမ်းရောင်ပန်းပွင့်တစ်ဆုပ်နှင့် ပစ်ပေါက် လိုက်၏။

ခရမ်းရောင်ပန်းပွင့်ကလေးများ အသံမမြည်ဘဲ ရောက်လာ သောကြောင့် ဂျပုလူဝကြီး သတိမထားလိုက်မိချေ။

သူမျက်နှာ ဝအစ်အစ်ကြီးကိုထိမှ ....

"အား .... "

ဟု အသံနက်ကြီးဖြင့်အော်ပြီး ဧရပ်ပေါ်မှ ကျသွားလေသည်။

"ပန်းနဲ့ပေါက်တာလည်း နာတာပဲ .... "

ဝိန်ရှည်ရှည်သည် သူ့အစ်ကိုက နောက်ပြောင်နေသည် ထင်ပြီး ရယ်စရာပြောသည်။

ဂျပုလူဝကြီးသည် ဒယီးဒယိုင်နှင့် လဲကျရာမှ ဒယီးဒယိုင်ဖြင့် ပြေးဆင်းလာသည်။

"အေးကွယ် .... သူသွေးကြောတွေ မွှင်သွားပါပြီ .... သြော်၊ ဒါနဲ့ အခုလိုကူညီတဲ့ချန်ကိုက ကျေးဇူးတင်စကား ပြောရဦးမယ်"

ပြောလျက် သူခေါင်းပေါ်မှ စည်းထားသော အဝတ်စကို ဖြုတ်လိုက်လေတော့သည်။ ပန်းချီဌဝမ်းသခင်မသည် ကိုက်ပန်ဂိုဏ်းချုပ်ကို မှတ်မိသွားသည်။

"အို .... ရှင့်ကို အစောက ရှင်မှန်းသိရင် ကျွန်မ မကူညီပါဘူး၊ ဟင်း .... ရှင်မှန်းမသိလို့ .... "

သူမက မုန်းတီးဟန်ဖြင့် ပြောသည်။

ထို့နောက် ကော့ဖေးဟုန်ဘက်လှည့်၍ ....

"ကဲ .... မောင်လေး .... မမသွားတော့မယ် .... ဒီလူကြီးရှိတဲ့နေရာမှာ မမ မနေချင်ဘူး .... နောက်များ မမချန်ကို သတိရရင်ဖြင့် ပန်းချီဌဝမ်းကိုလာခဲ့ပါ .... "

သူမသည် စကားဆုံးသည်နှင့် ချဲ့ဂွယ်ဝိတ်ပေါင်းများကြားသို့ လှစ်ခနဲ ပြေးဝင်ပျောက်ကွယ်သွားတော့သည်။

ဂိုဏ်းချုပ်ကြီးက ရယ်မောလျက်ပြောသည်။

"သခင်မချန်ဟာ ငါရှိတဲ့နေရာကို မနေရဲဘူးကွ .... တစ်ခါတုန်းက ငါ အရက်မူးမူးနဲ့ သူ့ကိုတွေ့တော့ ဝါးစိမ်းတုန်းရိုက်ပြီး ဆုံးမဖူးတယ် .... ချန်ဟာ အားနည်းချက်တစ်ခုရှိတယ် .... အဲဒါက သူမျက်နှာ

ပြန်ရောက်လာမှာပဲ .... အဲဒီတော့မှ ရှင့်ကို အဆစ်ပြေဆေးပေးမယ်၊ ကဲ .... သွားတော့ .... "

ဂျပ္ပလူဝကြီးသည် နားဝေတိမ်တောင်နှင့် သတိလစ်နေသူပမာ အရှေ့အရပ်ဆီသို့ စည်သည်အိပ်မက်ထဲ လမ်းလျှောက်သလို တစ်လှမ်းချင်း လျှောက်သွားလေတော့၏။

ထိုအခါမှ ပိန်ရှည်ကြီးသည် သူအစ်ကိုနောက် ပြေးလိုက်သွားပြီး ....

"အစ်ကို .... အစ်ကို .... ဒါ ဘယ်သွားမလို့လဲ .... ပြန်လာခဲ့လေ .... အစ်ကို ပြန်လာခဲ့လေ .... "

ဂျပ္ပလူဝကြီးမှာ နောက်ကိုလှည့်မကြည့်။

"ငါ ရှေ့တည့်တည့်ကို လျှောက်သွားရမယ် .... နောက်ကို ဘယ်တော့မှ မလှည့်ဘူး .... အရှေ့ကိုလျှောက်ရမယ် .... "

သူနှုတ်မှ တတွတ်တွတ်ရေရွတ်လေတော့၏။

"ဟား .... ဟား .... ဟား .... ကောင်းတယ်ဟေ့ .... ကောင်းတယ် .... သိပ်ကောင်းတယ် .... ဒီကောင် အချစ်ရူးရူးသွားပြီ .... "

ဧရပ်ပေါ်၌ ကိုက်ပန်ဂိုဏ်းချုပ်ကြီး မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

"ဟင် .... ဦး ကုလိုပြီးသွားပြီလား .... "

အပေါ့ပျက်မှာ သိပ်ကြောက်တဲ့စိတ်ပဲ .... အဲဒီအားနည်းချက်ကို ငါက သိတော့ ဝါးစိမ်းတုတ်နဲ့ သူမျက်နှာကိုချည်း နှက်တာကွ .... ငါက လည်း မူးမူးနဲ့ဟေ့ .... ခွေးရိုက်တုတ်သိုင်းကို သူ မရှောင်နိုင်ဘူးလေ၊ မျက်နှာကိုချည်းထိတာ ဖူးရောင်နေတာပဲ .... အဲဒီကတည်းကစပြီး ငါမြင်ရင် အဝေးကြီးကတည်းက ရှောင်ပြေးတော့တာပဲဟေ့ .... ဟား၊ ဟား .... ဟား .... မင်းမှတ်ထား .... ငါကိုတွေ့ရင် သူ ဝေးဝေးက ပြေးတော့တာပဲ .... "

ကော့ဖေးဟုန်မှာ ကိုက်ပန်ဂိုဏ်းချုပ်ကြီး ပြောနေသည်ကို နားထောင်နေသော်လည်း မကြား။

သူ့အကြည့်က ဇရပ်ပေါ်ရှိ မိန်းမပျိုထံသို့ ရောက်နေလေသည်။

"ကြည့်မနေနဲ့ဟေ့ .... ဇရပ်ပေါ်တက်သွား .... ကောင်မလေး သတိရပြီ .... သွေးလမ်းကြောင်းပွင့်စမို့ အားမပြည့်သေးလို့ မှိန်းနေတာ .... "

ကော့ဖေးဟုန်မှာ မဝံ့မရဲနှင့် ဇရပ်ပေါ်သို့ တက်သွားပြီး မိန်းမပျိုအနီးသို့ ဖြည်းဖြည်းချင်း တိုးကပ်ကြည့်သည်။

ကျောက်ပေါက်မှာ မျက်နှာကလေးသည် ယခုတော့ သွေးရောင်လွှမ်းနေပြီမို့ ဝိုး၍ ချစ်ခင်ဖွယ်ကောင်းနေ၏။ ကျောက်ပေါက်မာ ကြောင့်သာ။ သူရုပ်သွင်မှာ အဆင်ပြေသည်။

သူမ၏ဝိတ်ထားသော မျက်လုံးများ ပွင့်လာပြီး ....

"ကျွန်မ အသက်ကိုကယ်ခဲ့တဲ့အတွက် အစ်ကို့ကို ကျေးဇူးတင်ပါတယ်ရှင် .... "

ချိုမြတိုးညင်းသော အသံလေးက သူမထံမှ တွက်ပေါ်လာသည်။ ကော့ဖေးဟုန်က အလျင်အမြန်ပြောလေ၏။

"အို .... အစ်ကိုကယ်တာ မဟုတ်ပါဘူး .... ဒီဦးကြီးကယ်တာပါ .... ကျေးဇူးတင်ချင်ရင် ဒီဦးကြီးကို ကျေးဇူးတင်ပါ .... "

သို့သော် ဂိုဏ်းချုပ်ကြီးက ခပ်ပြတ်ပြတ်ပြောဖ၏။

"ဟေ့ .... ဒီကလေးမကို ဟိုကျပုလွဝ ညီအစ်ကိုလက်ထဲက မင်း အသက်စွန့် ကယ်ခဲ့တာပါကွ .... ငါက မင်းဆန္ဒအရ အကူအညီပေးခဲ့တာပဲ .... မင်းကိုပဲ ကျေးဇူးတင်ထိုက်တာပေါ့ .... "

မိန်းမပျိုက ရွှင်လန်းစွာဖြင့် ထထိုင်သည်။

ကော့ဖေးဟုန်က ကြင်နာကရုဏာသက်စွာ မေးလိုက်၏။

"ညီမ သက်သာသွားပြီလား .... "

"ဟုတ်ကဲ့ အစ်ကို .... ညီမနာမည် ချူချင်းချင်းလို့ခေါ်ပါတယ်၊ အစ်ကို့နာမည်က ဘယ်လိုခေါ်ပါသလဲဟင် .... "

ဟု ချူချင်းချင်းဟူသော မိန်းမပျိုလေးက ချစ်စဖွယ်မေးလာသည်။

"အစ်ကို့နာမည်ကော့ဖေးဟုန်ပါကွယ် .... ညီမ ချူချွင်းချင်း ဝေဒနာသက်သာသွားပြီလား .... အစ်ကို ဘယ်လိုက်ပို့ပေးရမလဲ"

"ဩော် .... အစ်ကို ကော့ဖေးဟုန်ရယ် .... ချူချင်းချင်းကို ချက်ချင်းပဲ နှင်နေပြီလား .... "

"အို .... ဒီလိုသဘောနဲ့ပြောတာ မဟုတ်ပါဘူး .... ချူချင်းချင်းရယ် .... အစ်ကိုက ကူညီရင် အစအဆုံးကူညီမယ့် သဘောပြောတာပါ .... "

ကော့ဖေးဟုန်က တောင်းပန်လိုက်ပြီး .... အားနာသွားသောကြောင့် မျက်နှာလွဲလိုက်သည်။

ဂိုဏ်းချုပ်ကြီးက အော်ပြောလေ၏။

"ကဲ .... ငါသွားတော့မယ်ဟေ့ .... "

"ဗျာ .... ဦးသွားတော့မယ်ဆိုတော့ ချူချင်းချင်းနဲ့ ကျွန်တော် နှစ် .... နှစ်ယောက်တည်း .... "

"နှစ်ယောက်တည်း ဘာဖြစ်လဲကွ .... မင်း ချူချင်းချင်းကို လိုက်ပို့လိုက်ပေါ့ .... အန္တရာယ် ဘာမှမစိုးရိမ်ရတော့ပါဘူး .... ချူချင်းချင်းက ကျောက်ထွင်းသိုင်းပညာကို အကုန်အစင်တတ်ကျွမ်းထားတာပဲ .... အတွင်းဒဏ်ပျောက်သွားပြီဆိုတော့ စိတ်ချရပါပြီ .... "

"ဟုတ်ပါတယ် ဆရာကြီးရှင့်၊ အခုဆိုရင် ကျွန်မ ဘယ်အန္တရာယ်

ကိုမှ မမှတော့ပါဘူး ... "

"ကဲ .... ကြားတယ် မဟုတ်လား ကော့ဖေးဟုန်၊ အဲဒီတော့မင်း ချူချွန်းချွန်းကို ကျောက်စက်မိုးမျော်လိုက်ဂူရောက်အောင် လိုက်ပို့ပေးလိုက် .... ပြီးရင် နှင်းဖုံးတောင်တန်းပေါ်ကိုသွား .... "

ကော့ဖေးဟုန်က ရိုးသားစွာမေးလေ၏။

"နှင်းဖုန်းတောင်တန်းပေါ်ကိုသွားပြီး ကျွန်တော် ဘာလုပ်ရမှာလဲ ဦးကြီးရယ် .... "

ဂိုဏ်းချုပ်ကြီးက လေးနက်တည်ငြိမ်သော အသံဖြင့် ....

"နှင်းဖုံးတောင်တန်းပေါ်မှာ .... လူသူအရောက်အပေါက်နည်းတယ် .... အဲဒီမှာ တစ်နှစ်တိတိ မင်း သိုင်းပညာလေ့ကျင့်ရမယ်"

"ဩော် .... ဦးကြီးက ကျွန်တော့်ကို သိုင်းပညာသင်ပေးမလို့ကိုး .... "

"ဟ .... ငါသင်မပေးပါဘူးကွ .... "

"ဟင် .... ဒီလိုဆို ကျွန်တော်က ဘာသိုင်းပညာကို လေ့ကျင့်ရမှာလဲ .... "

"မဟာဘူတသိုင်းပညာလေကွာ .... "

"ဟင် .... "

ကော့ဖေးဟုန် မျက်လုံးပြူးသွား၏။

ချူချင်းချင်းသည် ကော့ဖေးဟုန်က သူမအသက်ကို ကယ်တင်ပေးခဲ့သည့်အတွက် ကျေးဇူးတင်သဖြင့် 'မဟူရာ' မည်ရှိသော မြင်းလိမ္မာကြီးတစ်ကောင် လက်ဆောင်ပေးလိုက်သည်။

ကော့ဖေးဟုန်သည် မြင်းလိမ္မာကြီး မဟူရာကိုစီးလျက် နှင်းဖုံးတောင်တန်းရှိရာသို့ ခရီးဆက်ခဲ့၏။

လက်တပြုပြုနှင့် နူတ်ဆက်၍ ကျန်ရစ်ခဲ့သော ချူချင်းချင်း၏ ဝမ်းနည်းကြေကွဲနေသော မျက်နှာလေးကို ပင်လယ်လိုင်းလုံးကြီးများ နောက်ခံပြုလျက် မြင်ယောင်နေမိတော့သည်။

သူသည် နှင်းဖုံးတောင်တန်းပေါ်၌ တစ်နှစ်တိတိ မဟာဘူတသိုင်းပညာကျမ်းကို အပြင်းအထန် လေ့ကျင့်ခဲ့သည်။

နှင်းဖုံးတောင်တန်းသည် (၁၂)ရာသီပတ်လုံး ချမ်းအေးနေသောကြောင့် မလှုပ်ချင် မရှားချင် ဝိရိယမဲ့ ပျင်းရိတတ်သူများအဖို့ သွေးခဲ၍ သေဆုံးသွားပေလိမ့်မည်။

ကော့ဖေးဟုန်ကတော့ သိုင်းပညာကို စုံမက်မြတ်နိုးသူဖြစ်၍ မနားမနေ လှုပ်ရှားလေ့ကျင့်နေသောကြောင့် နှင်းဖုံးတောင်တန်းကြီး၏ အအေးဓာတ်မှာ သူ့အတွက် အမောဖြေဆေးဖြစ်နေတော့သည်။ ရာသီဥတုက သူ့ကို ကူညီနေသည်။

တစ်နှစ်ပြည့်မြောက်၍ မဟာဘူတသိုင်းပညာကျမ်းကို ကျွမ်း

"အေး .... မင်းရှင်ဘတ်ထဲမှာ ဝှက်ပြီး သယ်လာတဲ့ သိုင်းကျမ်းကို တတ်မြောက်အောင် တစ်နှစ်တိတိ နှင်းဖုံးတောင်ပေါ်မှာ လေ့ကျင့်ခဲ့ရမယ် .... "

"ကျွန်တော့်မှာ ဒီသိုင်းကျမ်းရှိတယ်ဆိုတာ ဆရာကြီး ဘယ်လိုလုပ်သိ .... "

"ကဲ .... အဲဒါတွေ မေးမနေနဲ့တော့ ... ရော့ .... မြေပုံ .... မင်း သိုင်းပညာတတ်မြောက်အောင်မြင်ရင် .... မြေပုံလမ်းညွှန်အတိုင်း လိုက်လာခဲ့ .... ရေနဲ့ပြန်တွေ့ရမယ် .... အဲဒီတော့ မင်းကို အားလုံးရှင်းပြမယ် .... ကဲ .... ငါသွားပြီဟော့ .... မှာထားတာတွေ မမေ့နဲ့"

ကိုက်ပန်ဂိုဏ်းချုပ်ကြီးက မြေပုံပေးခဲ့ပြီး .... ဝါးစိမ်းတုတ်ကို ထောက်လျက် ဧရုပ်ထဲမှ ခုန်ထွက်သွားတော့သည်။

ကော့ဖေးဟုန်က လက်ထဲမှ မြေပုံကို နောက်ကျောတွင် လွယ်ထားသော အထုပ်ထဲထည့်ထားလိုက်၏။

"ကဲ .... ချူချင်းချင်းရေ .... အစ်ကိုတို့လည်း အချိန်ရှိတုန်း ခရီးထွက်လိုက်ကြရအောင် .... "

သို့နှင့် ကော့ဖေးဟုန်က မြောက်ဘက်ပင်လယ်စပ်တွင်ရှိသော ကျောက်စိမ်းမိုးမျှော်လိုဏ်ဂူသို့ ချူချင်းချင်းကို လိုက်ပို့ပေးသည်။

ကော့ဖေးဟုန် အစအဆုံးကူညီခြင်း၏ ဖြစ်တော့သည်။

ကျွမ်းကျင်ကျင် နှိုင်းချိန်သဘောပေါက် တတ်ကျွမ်းသွားသည်။

တစ်ချိန်က သူမျက်စိဖြင့် မြင်တွေ့ခဲ့ဖူးသော ကိုက်ပန်ဂိုဏ်း ချုပ်ကြီး၏ ဒဂိုးပြားကို လက်ညှိုးနှင့် တောက်၍ တိုက်ခိုက်သော ပန်း စကြာလက်တောက်သိုင်းကွက်ကို လည်းကောင်း၊ ချူချင်းပန်းချိုင့်ဝှမ်း သခင်မ၏ ကိုယ်ဖော့သိုင်းပညာကိုလည်းကောင်း ပြန်လည်စဉ်းစား ဆင်ခြင်ပြီး သဘောပေါက်တတ်ကျွမ်းသွားတော့၏။

ကော့ဖေဟုန်သည် သိုင်းပညာအစုံအလင်ကို မတတ်ကျွမ်း သေးသော်လည်း တော်တော်ထက်မြတ်သည့် သိုင်းပညာအချို့ကိုတော့ စဉ်းစားဆင်ခြင်ပြီးရရှိခဲ့သည်။

မဟာဘူတ .... သိုင်းပညာတတ်မြောက်ခြင်း၏ အကျိုးပေ တည်း။ သူသည် မဟာဘူတသိုင်းပညာတတ်မြောက်ပြီးသောအခါ သူ၏ဆရာ တာအိုကန်နှင့် ကိုက်ပန်ဂိုဏ်းချုပ်ကြီးတို့ထံ ပြန်ဖို့စိတ်ကူး သည်။

သို့သော် ....

"ဟင် .... ငါ အခွင့်ရတုန်း၊ ပညာရှာရမယ်၊ ဆရာကြီးတွေနဲ့ပြန် တွေ့ရင် ပညာရမှာမှန်ပေမဲ့ ကိုယ်တွေ့ပညာကိုတော့ ရမှာမဟုတ်ဘူး၊ ဒီတော့ စူဟော်မြို့ကလေးကိုသွားမဲ့အစား မြောက်ဘက်နယ်မြို့တစ်မြို့ ကိုသွားရမယ်၊ အဲဒီနယ်ခြားမြို့မှာလည်း သိုင်းပညာမျိုးစုံတတ်တဲ့လူ

တွေရှိရမယ် .... ဒါမှ ငါပညာတိုးမှာ .... "

ဤကား ကော့ဖေးဟုန်၏အတွေးတည်း။ ဤအတွေးကို တွေး မိခြင်းမှာလည်း သူဆရာနှင့် ကိုက်ပန်ဂိုဏ်းချုပ်ကြီးတို့သည် သူအား နှစ်ကာလကန့်သတ်မပေးလိုက်သည့်အချက်ကြောင့် ဖြစ်သည်။

"မင်းတစ်နှစ်ကုန်ရင် ပြန်လာခဲ့ရမယ်"

"တစ်နှစ်ခွဲကုန်ရင် ပြန်လာခဲ့ရမယ်"

"နှစ်နှစ်ကြာရင် ပြန်လာခဲ့ရမယ် .... "

ဆရာကြီးတို့က ဤသို့ ကန့်သတ်ချက်မပေးလိုက်ကြပေ။

ထိုအခါ ကော့ဖေးဟုန်သည် စမ်းသပ်ကြည့်လိုသည့် လူယေ မျာ်း၏သဘာဝအတိုင်း မြောက်ဘက်နယ်ခြားမြို့များသို့ ထွက်ခွာသွား ရန် ယတိပြတ်ဆုံးဖြတ်လိုက်မိတော့သည်။

"ကဲ .... မဟူရာရေ .... နှင်းဖုန်းတောင်ပေါ်မှာ စားစရာ သောက်စရာရှားရှားပါးပါးနဲ့ နေခဲ့ရတာတွေကို မေ့ပစ်လိုက်တော့၊ ငါ လည်း အစားကောင်း အသောက်ကောင်းစားပြီး မင်းလည်း ဝဝလင် လင် စားရမဲ့ မြောက်ဝိုင်းခရီးဆက်ကြစို့ .... "

သူသည် ပြောရင်း စိတ်လက်ပေါ့ပါးစွာ မဟူရာကိုစီးရင်း ခရီး နှင်လေတော့၏။

အခန်း(၈)

စီယွင်မြို့ အတွေ့အကြုံ

စီယွင်မြို့ .... ။

စီယွင်မြို့ကား နယ်ခြားရှိ မြို့ကလေးများထဲမှ မြို့တစ်မြို့သာတည်း။ ကော့ဖေးဟုန်သည် စီယွင်မြို့ကိုမရောက်မီ ရံဖန်ရံခါတွေ့ရသော တောရွာကလေးများ၌ ဝင်ရောက်စနည်းနာခဲ့၏။

"လူကလေး ခရီးထွက်လာတာလား .... "

တောရွာမှ အဘိုးအိုတစ်ဦးက မေးလိုက်၏။ သူသည် လူသူအရောက်ပေါက်နည်းသော ဤတောရွာကလေး၌ နေနေသူဖြစ်သော်လည်း နယ်စပ်မြို့များသို့ ကုန်ရောင်းကုန်ဝယ် သွားဖူးသူဖြစ်လေသည်။ လူရည်လည်းလည်သည်။

"ဟုတ်ကဲ့ပါ အဘို့ .... ကျွန်တော် ဝူဟော်ကလာခဲ့တာပါ....

အဲဒီနယ်ခြားမြို့ကလေးမှာ ကျွန်တော့်ဦးလေးတစ်ယောက်ရောက်နေတယ်လို့ သတင်းကြားပါတယ် .... ဦးလေးဟာ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက ပျောက်ဆုံးသွားတာပါ .... စီယွင်မြို့က ကုန်သည်တစ်ယောက်ရောက်လာတော့မှ အဲဒီသတင်းကိုကြားပါတယ် .... ကြားကြားခြင်းလိုက်လာခဲ့တာပါပဲ .... ကျွန်တော့်ရဲ့အဒေါ် သူဇနီးက တွေ့ချင်နေတယ်လေ .... "

ကော့ဖေးယုန်သည် နေရာသစ်လူသစ်များစွာနှင့် ဆက်ဆံရမည်ဖြစ်သဖြင့် အမှန်အတိုင်း မပြောတော့ချေ။ မိမိ၏ မုသားစကားမှာလည်း အခြားသူကို ဒုက္ခမရောက်စေနိုင်သဖြင့် မုသားမပါလက်ာမရောဆိုသည့်စကားအတိုင်း အခြေအနေမှန်ကို ဖုန်းကွယ်ပြီးပြောဆိုလိုက်သည်။

"အေး .... အေး .... အဘိုးလည်းထင်သားပဲ .... ဒီလောက်ဝေးတဲ့နယ်ခြားမြို့ကိုလာတာဟာ ရိုးရိုးခရီးသွားမဖြစ်နိုင်ဘူးလို့ .... အေး .... စီယင်အကြောင်း ပြောပြရတာပေါ့ကွယ် .... "

အဘိုးအိုသည် ကော့ဖေးယုန်အား သူအိမ်ရှေ့ရှိ ကုပ်ပျစ်တွင် ထိုင်ရန် ညွှန်ပြလိုက်သည်။ ထို့နောက် သူ ဆေးတံအိုးကို ဆေးဖြည့်ပြီး မီးညှိလိုက်လေ၏။

ကော့ဖေးယုန်ကလည်း မြင်းကို အိမ်တိုင်တစ်တိုင်တွင် ချည်

နောင်ကာ ကွပ်ဖျစ်တွင်ဝင်ထိုင်လိုက်သည်။

အဘိုးအိုသည် သူ့ရှင်းပြမည့်စကားကို လုံးဝမဆိုသေးဘဲ ထွေ့ဖေးယုန်၏ မြင်းကြီးကိုကြည့်လိုက်လေ၏။

"မင်းရဲ့ အိမ်မွေးခြံပေါက်မြင်းလား .... "

"မဟုတ်ပါဘူးအဘိုး .... မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးတာပါ .... "

"တကယ်မြင်းပဲနော် .... မဆုံးရှုံးစေနဲ့ .... အဘိုးက အသွားအလာများတော့ မြင်းအကြောင်းလည်း အတော်အတန်သိတယ်"

"ဟုတ်ကဲ့ပါအဘိုး .... အဘိုးပြောမဲ့စကားကိုဆက်ပါဦး .... ကျွန်တော်မရောက်ဘူးတဲ့မြို့ဆိုတော့ အဆိုးအကောင်းသိထားရတာပေါ့ .... "

အဘိုးအိုက ခေါင်းညိတ်သည်။

"ဒီလိုကွ .... အဲဒီမြို့တွေဟာ နယ်ခြားမြို့တွေဆိုတော့ စီးပွားရေးလုပ်ငန်း ဘာမှမရှိကြဘူးကွယ် .... သူတို့မြို့ကို ကုန်ရောင်းလာတဲ့လူတွေတော့ ရှိတာပေါ့ကွယ် .... မြို့ရဲ့စားရေးသောက်ရေးက ရှိသေးတယ်မဟုတ်လား .... "

"ဟုတ်တာပေါ့ .... "

"အဲဒီမြို့ရဲ့ တကယ့်စီးပွားရေးက လောင်းကစားဝိုင်းတွေပဲကွ"

"ဟုတ်လား .... အဲဒါဆိုရင် အဲဒီမြို့ကို ကျွန်တော့်ဦးလေးရောက်နေတယ်ဆိုတာ ဖြစ်နိုင်တယ် .... ကျွန်တော့်ဦးလေးက လောင်းကစား တယ်ဝါသနာပါတာပဲ .... လောင်းကစားနဲ့တွေ့ရင် ထမင်းမေ့ဟင်းမေ့ပဲ .... "

"အင်း .... ဖြစ်နိုင်တာပေါ့ .... အဲဒီမြို့မှာ ကြီးစိုးနေတဲ့ လူတန်းစားတစ်ရပ်လည်းရှိသေးတယ် .... အဲဒီလူတွေကိုတော့ မင်းကြပ်ကြပ်သတိထားရလိမ့်မယ်"

ကော့ဖေးဟုန် မျက်လုံးပြူးသွားသည်။ သူက ပြန်မေးလိုက်၏။

"ဘယ်လိုလူတန်းစားလဲဗျာ .... "

"သိုင်းသမားတွေပဲကွ .... သိုင်းသမားဆိုပေမဲ့ ဒီလိုလောင်းကစားဝိုင်းတွေ အကြီးအကျယ်ဖွင့်ထားတဲ့မြို့မှာ ဘယ်မှာ သူတော်ကောင်းသိုင်းသမားရှိနိုင်မှာလဲကွာ၊ အထက်လမ်းသိုင်းသမားတစ်ယောက်မှမရှိဘူး .... အင်း ရှိရင်တော့ ရှိနေနိုင်တာပေါ့ .... ရေမျှားရေနိုင်၊ မီးမျှားမီးနိုင်ဆိုတာလိုဖြစ်နေတော့ သူတို့လည်း အသာလေးရွက်ပုန်းသီးလို ဖုန်းကွယ်နေကြရတာပေါ့ကွာ .... "

အဘိုးအိုက ကော့ဖေးဟုန်အား မေးလိုက်၏။

"မင်းကော သိုင်းပညာတတ်သလား"

ရုတ်တရက်မေးလိုက်ခြင်းဖြစ်၍ ကော့ဖေးဟုန်ကြောင်သွား

သည်။ ထို့နောက် အသာအယာပြုံးကာ ပြန်ဖြေလေ၏။

"အနည်းအကျဉ်းတော့ တတ်ပါတယ်ဗျာ .... "

အဘိုးအိုက သူ့ဆေးတံကို ပြန်မှာလိုက်ပြီး ....

"အေး .... အနည်းအကျဉ်းတတ်ရင်တော့ အဲဒီအနည်းအကျဉ်းကို တတ်ကြောင်း တစ်ကွက်မျှထုတ်မပြလေနဲ့ .... ပြမိရင်တော့ မင်းသေပြီသာမှတ်၊ မင်းဦးလေးကို အဝိစိမှာသွားရှာရလိမ့်မယ် .... "

"ဟုတ်ကဲ့ပါခင်ဗျာ .... ကျွန်တော် မှတ်သားထားပါတယ်"

"အေးအေး .... မင်းဟာ လူရည်သန့်ကလေးဖြစ်လို့ အဘိုးက ဒီစကားတွေပြောပြနေမိတာ .... ကဲ .... ကဲ .... အိမ်မှာ စားစရာတော့ ထူးထူးထွေထွေမရှိဘူး .... ထမင်းပဲဖြစ်သလိုစားပြီး ခရီးဆက်ပေတော့ .... "

အဘိုးအိုသည် သူ့စကားကို နိဂုံးချုပ်လိုက်သည်။

ကော့ဖေးဟုန်က ....

"မစားတော့ပါဘူးအဘိုးရယ် .... အဲဒီဗဟုသုတတွေကို သိရတဲ့အတွက် ကျွန်တော် အဘိုးကို တကယ်ပဲ ကျေးဇူးတင်ပါတယ် .... ကျွန်တော် ရှောင်နိုင်၊ ဆောင်နိုင်တာပေါ့ခင်ဗျာ .... ကဲ .... ကျွန်တော့်ကို ခွင့်ပြုပါဦးနော် .... "

ကော့ဖေးဟုန်သည် ဖုတ်ဖက်ခါထရပ်လိုက်၏။

အဘိုးအိုက ဆေးတံခဲလျက် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ .... ကောင်းပြီ .... မင်းအတွက် ဘေးရန်အန္တရာယ်ကင်းရှင်းပါစေလို့ အဘိုးဆုတောင်းပေးလိုက်ပါရဲ့ကွယ် .... "

ကော့ဖေးဟုန်သည် အဘိုးအိုကို ဂါရဝပြုလိုက်ပြီး မြင်းကြီးကို ချည်တိုင်မှ ဖြုတ်ယူလိုက်၏။ ထို့နောက် မြင်းပေါ်သို့ ခုန်တက်ကာ အဘိုးအိုကို နှုတ်ဆက်လိုက်၏။

"သွားပြီ အဘိုးရေ .... "

အဘိုးအိုသည် လက်ပြကျန်ရစ်ခဲ့၏။

အဘိုးအိုဘဝကား အထီးကျန်ဆန်လှ၏။ သားမြေးများမရှိဘဲ သူ့တစ်ကိုယ်တည်းနေနေရသဖြင့် ခေတ္တအဖော်ဖြစ်သော ကော့ဖေးဟုန်ကို ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့သည်။ သူ့အတွေ့အကြုံဖြစ်သော စီယွင်မြို့အကြောင်း ပြောပြခဲ့သည်။ ကော့ဖေးယုန်အဖို့ကား အကျိုးများစွာရှိခဲ့လေသည်။ သူသည် ထိုမြို့သို့ ကြက်ဖအသွင်ဖြင့် ဝင်၍မဖြစ်ပေ။ ကြက်မအသွင်ဖြင့်သာ ဝင်ရပေတော့မည်။

ကော့ဖေးဟုန်သည် မဟူရာကို ခပ်သွက်သွက်စီးလာခဲ့သည်။ နောက်ထပ်နှစ်ညကြာမြင့်ခဲ့ပြီးနောက် နံနက်စောစောတွင် စီးယွင်မြို့ကလေးကို လှမ်းမြင်လိုက်ရ၏။ တောင်ကုန်းပေါ်မှ ကြည့်မြင်ရခြင်းဖြစ်၍ စီးယွင်မြို့ကလေးကို ကောင်းစွာတွေ့နေရသည်။ နှင်းများပြိုကွဲသွား

သူသည် မြင်းကြီးမဟူရာကိုစီးလျက် လမ်းမတန်းအတိုင်း ခပ်ဖြည်းဖြည်းစီးလာသည်။ ဝါယာပတ်ဝန်းကျင်ကိုလည်း လေ့လာကြည့်ရှုသည်။ တစ်နေရာတွင်တော့ ဆိုင်တစ်ဆိုင်ကို မြင်လိုက်ရသည်။

"ပုဆိန် တည်းခိုခန်း .... "

တည်းခိုခန်းနာမည်က ဆန်းသည်။ ထူးခြားသည့် ဤအမည်မျိုး ပြည်မတွင် မည်သည့်အရပ်ဒေသ၌မျှ ပေးမည်မထင်ပေ။

ဤမြို့၌တော့ တွေ့နေရပေပြီ။ မည်သို့ပင်ဖြစ်စေ သူဝင်၍ စုံစမ်းရမည်ဖြစ်ပေသည်။ သူသည် မြင်းကို ချည်တိုင်၌ချည်လိုက်ပြီး အတွင်းသို့ဝင်လိုက်၏။ ကောင်တာတွင် လူတစ်ဦးထိုင်နေသည်။ ဆိုင်စာရေးဖြစ်ပုံရသည်။ လူကတော့ မိုက်ဂိုက်အပြည့်နှင့်ဖြစ်သည်။

"ဒီဆိုင်မှာ အခန်းတစ်ခန်းလိုချင်တယ် ရမလား .... "

အောက်ထပ်တစ်ခုလုံး ခန်းမကြီးဖြစ်သည်။ စားပွဲများစွာရှိပြီး လူများလည်းသောက်နေကြသည်။ အချို့မှာ သာမန်အရပ်သားများဖြစ်ပုံရပြီး အချို့ဝိတော်တော်များများကတော့ ရိုင်းစိုင်းမိုက်ကန်းသည့် အမူအရာမျိုးရှိကြသည်။ ဤလူများကို ဂရုမစိုက်ဘဲ ကော့ဖေးဟုန်က မေးမြန်းလိုက်ခြင်းဖြစ်သည်။

ဆိုင်စာရေးသည် လူကသာ မိုက်ပုံပေါက်နေသော်လည်း အပြောအဆိုကတော့ ချိုသာသည်။ ယဉ်ကျေးသည်။ နယ်ခြားမြို့နှင့်

၍ ဤမြို့ မြင်နိုင်ခြင်းဖြစ်သည်။

သူသည် မြင်းကို အသားကျစီးကာ မြို့ထဲသို့ ဝင်လာခဲ့သည်။ မြို့စောင့်တပ်သားဟူ၍ တစ်ယောက်မျှ မတွေ့ရချေ။ မြို့အဝင်အဝတွင် သူ့ကို မိုက်ကန်းကန်းကြည့်နေသော လူနှစ်ယောက်ကိုတွေ့ရသော်လည်း သူက မသိကျိုးကျင်ပြုကာ မြို့ထဲဝင်လာခဲ့သည်။ ဤသို့မဝင်၍လည်း မဖြစ်ချေ။ သူတို့ကို မိုက်ကန်းကန်းကြည့်ရပါမည်လားဟု သွားပြီး ရန်လုပ်နေ၍လည်း မဖြစ်ချေ။ သူတစ်ပါးအရပ်၌ ကိုယ်က ကြက်ဖ မဟုတ်ပါလား။

နောက်တစ်ကြောင်းမှာ ဤမြို့ကို အုပ်ချုပ်သော မြို့စားမြို့ပိုင်ကတော့ ရှိရမည်အမှန်ပင်။ သို့သော် နယ်ခြားမြို့ဖြစ်၍ အခြေအနေအရ အုပ်ချုပ်စီမံနေပုံရသည်။ ထို့ကြောင့် မြို့စောင့်တပ်သားများကို မတွေ့ရခြင်းဖြစ်ပေလိမ့်မည်။

ကော့ဖေးဟုန်သည် တည်းခိုခန်းတစ်ခန်းခန်းကို ငှားရမည်ဖြစ်ကြောင်း သူသိသည်၊ ထိုတည်းခိုခန်း၌နေထိုင်ကာ မြို့တွင်းကို ဗဟိုပြု၍ တစ်မြို့လုံး၊ ပတ်ဝန်းကျင်နယ်တစ်ခုလုံးသို့ လည်ပတ်ရမည်ဖြစ်သည်။ အဘိုးအိုပြောစကားအရ အောက်လမ်းသိုင်းသမားများ ကြီးဆိုးမည့်နေရာဖြစ်သဖြင့်အတိုက်အခိုက်ရှိလိမ့်မည်ကိုတော့သူကြိုတင်တွေးမိသည်။

"အင်း .... ငါ .... တည်းခိုခန်းတစ်ခုတော့ ရအောင်ရှာရမှာပဲ"

မလိုက်အောင် ချိုသာယဉ်ကျေးနေသည်။

"ဟာ .... ရပါတယ်ဆရာလေး .... ရပါတယ် .... ကြည့်ရတာ ဆရာလေးက ဒီမှို့.ကတော့ ဟုတ်ပုံမရဘူး .... နေပြည်တော်ကလား တခြားတစ်မြို့.မြို့.ကလာတာလားမသိဘူး .... အခန်းဟော အစား အသောက်ရော အားလုံးရပါတယ် .... "

"ဒါဖြင့်ရင် ကျုပ် အခန်းတစ်ခန်းငှားမယ် .... တစ်ပတ်ငှားမယ်၊ နေတာကြာရင် ကြာသလောက် ဆက်ငှားသွားမယ် .... ကျုပ်ဦးလေး တစ်ယောက်မျောက်နေတာ အတော်ကြာနေပြီ .... ကျုပ်လည်း မြို့.အနှံ့လိုက်ရှာနေရတာကြာပြီ .... အခု ဒီမှို့.မှာ သတင်းကြားလို့ ကျုပ် လိုက်လာရတာ .... "

"ဟာ .... ဖြစ်နိုင်ပါတယ် .... ဖြစ်နိုင်ပါတယ် .... နယ်ခြားမြို့. ဆိုတော့ ဘယ်သူမဆိုရောက်လာနိုင်ပါတယ် .... လူမျိုးစုံလည်း ရောက်လာမစဲတသဲသဲနဲ့ပါ .... ကျွန်တော်တို့ တည်းခိုခန်းမှာလည်း လူမျိုးစုံ တည်းခိုနေကြတာပဲ .... ရပါတယ် .... "

ကော့ဖေးဟုန်၏ရုပ်ရည်မှာ ချောမောသားနားလှသဖြင့် ဤမြို့. သားများနှင့် အတော်ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဆိုင်စာရေးက ကော့ ဖေးဟုန်ကိုကြည့်ပြီး ဤဆိုင်၌ တစ်လလောက်ဆက်နေလျှင် ဆိုင်က ငွေ မည်မျှရနိုင်သည်ကို တွက်နေသည်။ အထက်တန်းစားလူတစ်

ယောက်၏ ပါသမျှငွေကို အကုန်ယူနိုင်ရန် သူတွက်ချက်နေသည်။

ဤသို့ပင် ဆိုင်ထဲမှ လူအချို့ကလည်း တွက်ချက်နေကြသည်။ ဤလူကို တိုက်ခိုက်လုယက်လိုက်လျှင် ငွေမည်မျှရမည်ကို တွက်ချက် နေသည်။

အချို့က ထို့တက်ပို့ဆိုးသည်။ ထိုသူများကား လူသတ်ရန်ဝန် မလေးသော လူများဖြစ်ကြသည်။ လူအမျိုးမျိုးတို့၏မျက်လုံးအစုံသည် လူရည်သန့် ကော့ဖေးဟုန်ပေါ်၌ ကျရောက်နေလေ၏။

"ငုံမြင်းကြီး အပြင်မှာရှိနေတယ် .... ခင်ဗျားတို့ တည်းခိုခန်းမှာ မြင်းစောင်းရှိတယ်မဟုတ်လား .... ကျုပ်မြင်းကို မြင်းစောင်းထဲပို့ချင် တယ် .... "

ထိုအခါ ဆိုင်စာရေးက ပျာပျာသလဲပြော၏။

"ဟာရပါတယ် ဆရာလေး .... ရပါတယ် .... ကျွန်တော့်အလုပ် သမားတစ်ယောက်ကို ချက်ချင်းပဲ မြင်းစောင်းထဲပို့ခိုင်းလိုက်မှာပါ .... ဟဲ .... ဟဲ .... ဟဲ တစ်ခုတော့ ရှိပါတယ်နော် .... လူလည်း အဖိုးအခ ပေးပြီးတည်းရသလို မြင်းအတွက်လည်း အဖိုးအခပေးရမှာပါဆရာ လေး"

"ကိစ္စမရှိဘူး .... ကျသင့်သလောက် ကျုပ်ရှင်းမယ် .... ကျုပ် မြင်းကိုသာ မြင်းစောင်းထဲပို့ပေးပါ .... "

ဆိုင်စာရေးသည် အလုပ်သမားတစ်ဦးအား အော်ခေါ်လျက် မြင်းကို မြင်းစောင်းထဲပို့ပြီး အစာကျွေးမွေးရန် မှာကြားစေခိုင်းလေ၏။

ကော့ဖေးဟုန်က ဆက်ပြောလိုက်၏။

"ကျုပ်လည်း ခရီးထွက်လာခဲ့တာကြာတော့ အစားအသောက် ငတ်ခဲ့တယ် .... ကျုပ် တစ်ခုခုစားလိုက်ဦးမယ် .... "

"ရပါတယ် .... ရပါတယ် .... ဆရာလေးကြိုက်တဲ့နေရာမှာထိုင်ပါ .... အစားအသောက်၊ အရက် အစုံကြိုက်တာရနိုင်ပါတယ် .... ကြိုက်တဲ့ စားပွဲမှာသာထိုင်ပါ .... မကြာခင် ဆိုင်လုလင်လေးတွေရောက်လာမှာပါ .... "

ကော့ဖေးဟုန်သည် ခန်းမကြီးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး လွတ်နေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ သူထိုင်လိုက်သည်နှင့် ဆိုင်လုလင်ကလေးတစ်ယောက် ရောက်ရှိလာပြီး မေးလေ၏။

"ဆရာလေး ဘာများ မှာမှာပါလဲခင်ဗျာ .... "

ကော့ဖေးဟုန်က ဝါးစိမ်းအရက်ကို အရင်ဆုံးမှာကြားပြီး အစားအသောက်များကို မှာကြားလိုက်၏။ ဆိုင်လုလင်ကလေးက သေချာစွာနားထောင်ပြီး ဆိုင်နောက်ဘက်သို့ ခပ်သွက်သွက်ပြေးဝင်သွားလေ၏။

"ဒီကောင်လေး ဘာကြောင့် ပြေးဝင်သွားတာလဲ .... ရိုးမှ

ရိုးရဲ့လားမသိဘူး .... "

ကော့ဖေးဟုန်သည် ထိုသို့တွေးလိုက်မိသော်လည်း .... နှဂို ကတည်းက လူရိုးလူကောင်းဖြစ်၍ မကြာမီမေ့သွားသည်။

သူစားပွဲသို့ ပထမဆုံးရောက်လာသည်မှာ ဝါးစိမ်းအရက်ပင်။ ထို့နောက် မှာကြားထားသည့် အစားအစာများ တစ်ခုပြီးတစ်ခု ရောက်လာသည်။ ကော့ဖေးဟုန်သည် အေးအေးဆေးဆေးပင် စားသောက်နေလေ၏။ ဆိုင်တွင်းမှ သူ့အား အကဲခတ်နေသော မျက်လုံးများကား အပုံအပင်ပင်၊ အချို့စားသောက်ပြီးသူများလည်း ထသွားကြ၏။

ကော့ဖေးဟုန်ကတော့ အေးအေးဆေးဆေးပင်။ သူ၌ တကယ်လည်း ပူပင်စရာမျှ ရှိမနေပါချေ။ သူက ဆရာသမားများ အချိန်ကန့်သတ်ပေးမထားသဖြင့် သူ အတော်အတန်ပညာရပြီး အတွေ့အကြုံရာလို၍ ဤနယ်ခြားမြို့ကလေးသို့ ထွက်လာခြင်း မဟုတ်ပါလား။

သူ အရက်ခွက်ပြန်ချလိုက်စဉ် သူ့ရှေ့ရှိ ခုံတစ်လုံးပေါ်သို့ ခြေထောက်တစ်ဖက် လာတင်သည်ကို တွေ့လိုက်ရသည်။

သူ မော့ကြည့်လိုက်၏။ ရက်စက်ကြမ်းကြုတ်သည့်မျက်နှာထားကို တွေ့လိုက်ရသည်။ ရုပ်ဆိုးဆိုးလူနှစ်ယောက်ကလည်း ထိုသူ၏ ဓားနက်ခွံရုပ်လျက်ရှိနေကြ၏။

"မင်းဟာ ဒီမြို့ကိုလာတဲ့ ည့ည့်သည်နဲ့တူတယ်"

ကော့ဖေးဟုန်သည် ခွက်ထဲမှ လက်ကျန်အရက်ကို မော့ချလိုက်၏။ ကော့ဖေးဟုန်၏မျက်နှာမှာ ချောမောလှပသလောက် တည်ငြိမ်အေးဆေးနေသည်။

"ဟုတ်ပါတယ်ဗျာ .... ဧည့်သည်ပါ .... "

သူက သူစကားကို ဆက်ပြောလေ၏။

"တခြားဧည့်သည်တော့ မဟုတ်ပါဘူး .... ဦးလေးပျောက်တာကို လာရှာတဲ့ဧည့်သည်ပါ .... ခင်ဗျားတို့ ဘာကိုသိချင်သေးသလဲ"

ထိုလူက မဲ့ရွဲ့လိုက်ပြီး ....

"ငါတို့ကို ဒီမြို့က လူတွေကို မိုက်ကြေးခွဲစားနေတဲ့လူတွေလို့ ပြောကြတယ် .... ဟုတ်တယ် .... ဒီမြို့မှာ ငါတို့ဟာ မိုက်ကြေးခွဲစားနေတဲ့လူတွေပဲ၊ အေး .... ဒီမြို့ကိုလာတဲ့ဧည့်သည်ဆိုရင်လည်း ငါတို့က မိုက်ကြေးခွဲတာပဲ .... ကဲ .... မင်းမှာပါတဲ့ငွေတစ်ဝက်ကို ငါ့ကိုပေးစမ်း .... "

ကော့ဖေးဟုန်က တအံ့တသြမော့ကြည့်သည်။

"ဘာ .... မိုက်ကြေးခွဲတယ် ဟုတ်လား .... "

"မင်း ဘာတအံ့တသြဖြစ်နေတာလဲ .... ပါတဲ့ငွေတွေကို မြန်မြန်ထုတ် .... "

"ဒီမြို့မှာ မြို့စောင့်တပ်သားတွေ မရှိတော့ဘူးလား ....

"ဟား .... ဟား .... ဟား"

"ဟား .... ဟား .... ဟား"

ရယ်သံများသည် ခန်းမထဲ၌ ပွက်လောရိုက်သွားသည်။

"ဟား .... ဟား .... ဟား .... ဒီမြို့ဟာ နေပြည်တော်နဲ့ဝေးတာမို့ အစောင့်တွေလည်း ရှောယိမ်းလိုက်ဘာသားယိမ်းလိုက်နေကြတာပဲ .... ဘာလဲ .... မင်းက သူတို့ကိုတိုင်မလို့လား .... "

"သူတို့မှာ တာဝန်ရှိတာပဲ .... "

"ဘာတာဝန်လဲ .... သူတို့ ကောင်းကောင်းအနားယူနေကြတယ် .... မင်းမသေချင်ဘူးမဟုတ်လား .... ကဲ .... ငွေထုတ်လေကွာ .... "

"ကျုပ်က ကျုပ်ဆီက ဘာပစ္စည်းမှ မပေးချင်ဘူးဗျာ .... ကဲ ခင်ဗျားတို့ ဘာလုပ်ချင်သလဲ .... "

ကော့ဖေးဟုန်က အေးစက်စက်ပြောလိုက်သည်။

ထိုသူက ဓားကိုမထုတ် ဝါးအိမ်ကို လျှပ်တစ်ပြက်လှုပ်ရှားလိုက်၏။

"ဝိုး .... "

ဓားအိမ်သည် ကော့ဖေးဟုန်၏ ဦးခေါင်းထက်ဆီသို့ ပြေးဝင်သွား၏။

"ဟာ .... "

ဓားအိမ်က လျင်မြန်သလောက် ကော့ဖေးဟုန်က ပို၍ ပိုလျင်မြန်နေသည်။

"ဝိုး .... "

ဓားအိမ်သည် ကော့ဖေးဟုန်၏ဦးခေါင်းပေါ်မှ ကျော်ထွက်သွားလေ၏။

"ဟား .... ဟား .... ဟား .... ခိုးချင်လိုက်တာလည်း ပြာလို့လက်နှေးလိုက်တာလည်းချာလို့ဆိုတာ မင်းပဲ .... သူများကို တိုက်ခိုက်ချင်ရင် နည်းနည်းပါးပါးတော့ ပြန်ဦးမှပေါ့ကွာ .... "

ထိုလူက ဒေါသတကြီး သူ့ဓားကို ဆွဲထုတ်လိုက်၏။

"ရွှမ်း .... ရွှမ်း .... ရွှမ်း"

သူလူနှစ်ယောက်ကလည်း ဓားကိုဆွဲထုတ်လိုက်ကြ၏။ ထိုနှစ်သုံးယောက်သား ဝိုင်းခုတ်ကြတော့သည်။

လူတစ်ယောက်ကို လူအများ ဝိုင်းဝန်းတိုက်ခိုက်ရာတွင် အများဆုံး လူငါးယောက်သာ တိုက်ခိုက်နိုင်သည်။ ထိုသည်မှာလည်း စနစ်တကျ တိုက်ခိုက်မှသာ တိုက်ခိုက်နိုင်ခြင်းဖြစ်သည်။ စနစ်တကျ မတိုက်ခိုက်နိုင်ပါက အချင်းချင်းထိုးခုတ်မိတတ်ကြသည်။

လူသုံးယောက်တိုက်ခိုက်လျှင်တော့ အကောင်းဆုံးဖြစ်သည်။

ကိုယ့်အချင်းချင်းလည်း မတိုက်ခိုက်နိုင်။ မထိခိုက်နိုင်။ တိုက်ရသည့် ခွင်မှာလည်း ကျယ်ပြန့်သည်။ သို့သော် ခုခံနိုင်စွမ်းကိုတော့ ကြည့်ရသည်။

သာမန်လူဆိုလျှင်တော့ တစ်ခဏချင်းနိုင်နိုင်သည်။ သာမန်လူထက် ပိုစွမ်းနေလျှင်တော့ သုံးယောက်မပြောနှင့် ငါးယောက်ပင်လျှင်နိုင်အောင် မတိုက်ခိုက်နိုင်ချေ။ အားလုံးလည်း ပြန်ဆုံးရှုံးနိုင်သည်။

ယခုလည်း ခေါင်းဆောင်လုပ်သူက ရုတ်ရုတ်စက်စက်ထိုးခုတ်တိုက်ခိုက်သည်။ ကော့ဖေးဟုန်က ဓားကိုပင်မကိုင်ဘဲ ခေါင်းဆောင်၏ဓားကိုင်လက်ကို ဆွဲယမ်းလိုက်သည်။ ခေါင်းဆောင်၏ဓားက တပည့်၏ဓားကို ခုခံလိုက်သည်။ တပည့်တစ်ဦး၏ဓားကိုင်လက်ကိုလည်း ကော့ဖေးဟန်က ခြေထောက်နှင့်ဆတ်ခနဲ လှမ်းကန်လိုက်ရာ ထိုလူ လက်ကျိုးသွားပြီး ဓားလည်းလွတ်ကျသွားသည်။

"အီး"

ထိုလူက နာကျင်စွာအော်လိုက်ပြီး တိုက်ပွဲစည်းအပြင်သို့ လွှင့်ထွက်သွား၏။ သုံးယောက်တစ်ယောက် တိုက်ပွဲမှ နှစ်ယောက်တစ်ယောက် တိုက်ပွဲသို့ ပြောင်းလဲသွားချေပြီ။

"မင်းက အလာချည်းပဲ"

ခေါင်းဆောင်က ဒေါသထွက်မျက်နှာကြီးမဲကာ ပြောလိုက်၏။

သူက ကော့ဖေးဟုန်၏ဝမ်းဗိုက်သို့ လျင်မြန်စွာ ဓားကိုထိုးလိုက်၏။ သူတပည့်ကလည်း ကော့ဖေးဟုန် သွားမည့်ဘက်သို့ ခုတ်ချလိုက်သည်။ သူက အပိုင်တွက်ထားခြင်းဖြစ်သည်။

"ဝိုး .... "

ကော့ဖေးဟုန်သည် ရင်ဝသို့ဝင်လာသည့်ဓားကိုမရှောင်ဘဲ လက်ဝါးနှစ်ဖက်နှင့် ဖမ်းညှပ်လိုက်သည်။ ဓားက ရင်ဝသို့ တိုးဝင်မလာနိုင်တော့ချေ။ ကော့ဖေးဟုန် ရှောင်ကိုရှောင်လာရမည်ဟု အပိုင်တွက်ထားသည့် လူဆိုးလူမိုက်၏ဓားချက်သည်လည်း လွဲချော်သွားရသည်။

ထိုလူဆိုးအား ကော့ဖေးဟုန်းက ခြေထောက်ဖြင့် လွှဲကန်လိုက်လေ၏။

"သွားစမ်း .... "

"ဝိုး .... "

"ဝုန်း .... "

ထိုလူဆိုးမှာ ဓားတခြား လူတခြားလွင့်သွားပြီးနောက် ထမလာနိုင်တော့ချေ။ မေးရိုးကျိုးသွားဟန်တူသည်။

ခေါင်းဆောင်လူဆိုးမှာ သူ၏ဓားကို ရှေ့သို့ ထိုးသွင်းရန် ကြိုးစားသော်လည်း မရဘဲ ရှိနေသဖြင့် အလန့်တကြား နောက်သို့ဆွဲထုတ်ယူရန် ကြိုးစားနေသည်။ သူသည် ချွေးသီးချွေးပေါက်များ ကျနေ၏။

ကော့ဖေးဟုန်က သွားစေ့၍ ပြောလိုက်လေ၏။

"မင်း .... ကြိုးစားစမ်း .... မင်းရဲ့ဓားကို မင်းပြန်ထုတ်ယူနိုင်ရင် ငါ ခေါင်းအဖြတ်ခံမယ် .... "

ခေါင်းဆောင်လူဆိုးသည် အခြေအနေရိပ်စားဖိသွားသည်။ သူသည် လွယ်လွယ်နှင့်အလျှော့ပေးမည့်သူတော့ မဟုတ်ပေ။ သူသည် ဓားကိုလွတ်လိုက်ပြီး ကော့ဖေးဟုန်ကို ဝိတ်ကန်လိုက်သည်။

"သွားစမ်း .... "

"ဝိုး .... "

ကော့ဖေးဟုန်ကလည်း မြန်သည်။ သူ့ဓားကိုလွတ်လိုက်သည်နှင့် သူ့ဘယ်ဘက်လက်ကလည်း ဓားကိုလွတ်လိုက်ပြီး လူဆိုးခေါင်းဆောင်၏ခြေထောက်ကိုရိုက်ပြီး ခါထုတ်သည်။ ကော့ဖေးဟုန်၏ ကာကွယ်လိုက်သည့်ရိုက်ချက် မည်မျှပြင်းထန်သည်ကို ခေါင်းဆောင်လူဆိုး၏အော်သံက သက်သေပြနေ၏။

"အား .... "

"ကျွတ် .... ကျွတ် .... ကျွတ်"

ခေါင်းဆောင်လူဆိုး ခွေကျသွားသည်။ သူ့ခြေထောက်ကျိုးသွားလေပြီ။

"မင်း .... ဒီမြို့ထဲကလူတွေ မြို့ထဲကိုဝင်လာတဲ့ဧည့်သည်တွေ

ကို အနိုင်ကျင့်ချင်သေးသလား .... "

ခေါင်းဆောင်လူဆိုး၏မျက်နှာမှာ ရှဲ့မဲ့နေ၏။ သူ စကားမပြော နိုင်တော့ပေ။

ကော့ဖေးဟုန်က ခေါင်းဆောင်ကားကို ဘေးသို့ ခြေနှင့်ကန် ထုတ်လိုက်ပြီး ....

"မင်းတို့ ဒီဆိုင်ထဲကထွက်သွားကြစမ်း .... "

ခေါင်းဆောင်လူဆိုးမှာ ရှဲ့မဲ့ရှဲ့မဲ့ဖြင့် တရွတ်ဆွဲကာ ဆိုင်ထဲမှ ထွက်ခွာသွားရလေတော့၏။



အခန်း(၉)

သတင်း

တိုက်ပွဲမှာ အချိန်မကြာမြင့်လှချေ .... ။ ကော့ဖေးဟုန်သည် အေးဆေးစွာ ဆက်လက်အရက်သောက်၊ အစားစားနေတော့၏။

ကောင်တာစာရေးက သူ့လူများကိုလှမ်းအော်လေ၏။

"ဟေ့ .... လာကြစမ်း .... ဟိုလူနှစ်ယောက်ကို ဆိုင်ပြင်ကိုပို့ လိုက် .... "

သူသည် ကော့ဖေးဟုန်ကို လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလေ ၏။

"ဆရာလေး .... ကျွန်တော့်ဆိုင်ကို ခုလိုစောင့်ရှောက်တာကို ကျေးဇူးတင်ပါတယ်ခင်ဗျာ .... ဆရာလေး စားတာသောက်တာတွေ ကို ကျွန်တော်တို့ အဖိုးအခမယူပါဘူး .... ဆရာလေးကြိုက်သလောက်

နေထိုင်စားသောက်နိုင်ပါတယ်ခင်ဗျာ .... "

ကော့ဖေးဟုန်အား တိုက်ချင်ခိုက်ချင်သောခန်းမထဲမှ မျက်လုံးများသည် ကော့ဖေးဟုန်ကိုယ်ပေါ်မှ ရွှေ့လျားသွားကြတော့၏။ သူတို့၏ အစားအသောက်များထဲသို့ ပြန်လည်ရွှေ့ပြောင်းသွားကာ စားကြသောက်ကြလေတော့သည်။

ကော့ဖေးဟုန်သည် စားသောက်ပြီးနောက် သူသောကိုယူ၍ အပေါ်ထပ်တည်းခိုမည့်အခန်းသို့ တက်လာခဲ့သည်။ သူသည် ခရီးကြမ်းကြီးကို ထွက်လာခဲ့ရပြီး. မပင်ပန်းသော်လည်း အတော်အတန် တိုက်ခိုက်လိုက်ရသဖြင့် နွမ်းနယ်နေသလိုဖြစ်နေသဖြင့် အိပ်ရာထဲဝင်လဲချလိုက်၏။ သူ မကြာမီမှာပင် အိပ်ပျော်သွားလေတော့သည်။

မည်မျှ အိပ်ပျော်သွားသနည်းဆိုသော် နေ့အချိန်လွန်မြောက်၍ ညအချိန်သို့ပင် ရောက်ရှိသွားသည်။ သူသည် အခန်းထဲသို့ တောက်လျှောက်ဝင်လာပြီး အခန်းထဲရှိ ကွပ်ပျစ်ပေါ်တွင် လဲအိပ်ချခဲ့သည်။ အခန်းတံခါးပိတ်ရန် မေ့လျော့ခဲ့သည်။ ဤသည်မှာ ..,. သူအတွက် ပြဿနာကြီးတစ်ရပ် ကြုံလာခြင်းဖြစ်သည်။

အခန်းထဲသို့ လူလေးယောက်ရောက်ရှိလာခြင်းပင်တည်း။ ထိုလူလေးယောက်မှာ စားပွဲထိုးလုလင်ကလေး၏ လက်ထောက်ချက်ကြောင့် ရောက်ရှိလာခဲ့ကြသူများဖြစ်သည်။ ထိုသူလေးယောက်

သည် နေ့လယ်က စားသောက်ဆိုင်ခန်းမ၌ ရှိနေခဲ့ကြသူများဖြစ်သည်။ သူတို့သည် အိပ်မောကျနေသည့် ကော့ဖေးဟုန်အားကြည့်ပြီး တီးတိုးပြောလိုက်၏။

"သူကို နှိုးမနေနဲ့ .... နှိုးရင် ကျားကို နှိုးသလိုဖြစ်နေလိမ့်မယ်၊ ဒီတော့ သူ့ဇက်ကို ဝိုင်းလိုက်တာသာအကောင်းဆုံးပဲ .... "

"ဟုတ်တယ် .... သူကို အသေသတ်ပြီး သူပစ္စည်းတွေကို ယူလိုက်ရုံပဲ၊ ကြည့်ရတာ အထက်တန်းလွှာထဲကဖြစ်ပုံရတယ်ကွ .... သတ်ရတာတောင် နှမြောတယ် .... "

ကျန်တစ်ယောက်က ထိုသူအပြောကို မနှစ်မျိုဟန်ဖြင့် ပခုံးကို ပုတ်လိုက်သည်။

"အဝိုတွေပြောမနေနဲ့ .... လုပ်စရာရှိတာကိုလုပ် .... ဒီကောင် နိုးလာရင် ငါတို့အသေအကြေတိုက်ရမှာ .... ဒီကောင့်သိုင်းပညာက မဆိုးဘူး .... "

ထိုအခါ ပခုံးအပုတ်ပြောခံရသူက သူ့ဓားကိုဆွဲထုတ်လိုက်၏။ ကွပ်ပျစ်ရှေ့သို့သွားရပ်ပြီး ကော့ဖေးဟုန်၏လည်ပင်းကိုဖြတ်ရန် ဓားကို မြှောက်လိုက်လေ၏။ သူသည် ဓားမြှောက်ရင်းမှ နောက်သို့လှည့်ပြောလိုက်၏။ သူကိုယ်သူ စိတ်ချဟန်မတူပေ။

"ဖြစ်ပါ့မလားကွ .... "

နောက်ကလူက ဒေါသသံနှင့်ပြောလိုက်၏။

"မင်းရှေ့ကလူက ငှက်ပျောတုံးထက် ဘာမမသာဘူး .... ခုတ်သာချလိုက်"

ထိုအချိန်တွင် ကော့ဖေးဟုန်၏မျက်လုံးများက မှင်လာလေပြီ။ သူသည် ဓားမိုးထားသူကို စူးစိုက်ကြည့်နေ၏။ ထိုအချိန်တွင် ဓားမိုးသူ၏ အကြည့်သည် ကော့ဖေးဟုန်ပေါ်သို့ ပြန်လည်ရောက်ရှိလာလေ၏။ ကော့ဖေးဟုန်က သူ့ကိုစိုက်ကြည့်နေသည်ကိုတွေ့လိုက်ရသောအခါ အကြီးအကျယ်တုန်လှုပ်သွား၏။

"ဟင် .... "

"ဘာဖြစ်နေတာလဲ ခုတ်ချလိုက် .... "

ဟု တီးတိုးတိုက်တွန်းသံထွက်လာလေ၏။

ထိုစဉ် ....

"မင်းတို့ ဘာလုပ်နေကြတာလဲ .... "

ကော့ဖေးဟုန်၏အသံနှင့်အတူ ဓားကိုင်လက်ကို ဖမ်းချုပ်လိုက်ပြီး ထိုသူကို ချောင်ထဲသို့ ပစ်လွှတ်လိုက်လေ၏။

"ပုန်း .... "

ထိုလူမှာ လက်ကျိုးသွားပြီး ခွေးပစ်ဝက်ပစ်လဲကျသွားလေတော့၏။

ကျန်သုံးဦး ထိတ်လန့်တကြားဖြစ်သွားပြီး ဓားများကို ဆွဲထုတ်လိုက်ကြ၏။ သူတို့သည် ကျားကိုမနှိုးဘဲ သတ်ရန်ဆုံးဖြတ်ခဲ့ကြ၏။ သူတို့ကတော့ မနှိုးပါ။ သို့သော် ကျားက သူ့ဘာသာနိုးလာသဖြင့် တိုက်ရန်ိုက်ရမည့်အခန်းသို့ ရောက်ရှိလာခဲ့သည်။ သူတို့အားလုံး ကော့ဖေးဟုန်ကို ဝင်ရောက်ထိုးခုတ်တိုက်ခိုက်ကြလေ၏။

ကော့ဖေးဟုန်သည် သူ၏ကွပ်ဖျစ်ဘေးတွင်ထားရှိသော သူ့ဓားကို အမိအရကောက်ကိုင်ကာ သုံးယောက်စလုံးအား ခုခံလေ၏။ သူတို့၏ သိုင်းပညာမှာ မညံ့ကြသဖြင့် ကော့ဖေးဟုန်သည် သတိထားပြီး ခုခံရသည်။ သတိဆိုသောစကားလုံးကို သူ သိုင်းပညာစတင်သင်ကြားစဉ်ကပင် ဆရာကြီးကပြောဆိုသွန်သင်ခဲ့သည်မဟုတ်ပါလား။

"မင်းတို့တွေ ဘာလိုချင်လို့လဲ .... "

ကော့ဖေးဟုန်က တိုက်ရင်းခိုက်ရင်း ခုခံရင်းမေးလိုက်၏။

လူတစ်ယောက်က အေးစက်စွာပြောလေ၏။

"မင်း .... အသက်ကိုပဲ .... "

ကော့ဖေးဟုန်သည် အားရပါးရ လှိုက်လဲစွာရယ်မောလေတော့၏။

"မင်းတို့လိုချင်တာက အများကြီးပဲ .... ဒါပေမဲ့ မင်းတို့ရဲ့သိုင်းပညာက နည်းနည်းလေးပဲရှိနေသေးတယ်၊ ဘယ်လိုလုပ်ပြီး မင်းတို့လို

ချင်တာကိုရပါ့မလဲ .... မင်းတို့ သည်ထက်ကြီးစားထားဖို့ကောင်းတယ်၊ မင်းတို့ရမဲ့ဆုလာဘ်ကတော့ ဒဏ်ရာပဲ .... "

ကော့ဖေးဟုန်သည် အချိန်ဆွဲမနေတော့ပေ။ တရွမ်းရွမ်းဖြင့် ပြင်းထန်စွာ တိုက်ခိုက်လေတော့၏။ သို့သော် သူသည် အရမ်းကာရော အသေအကြေမတိုက်ခိုက်ပေ။ သူတို့ ဒဏ်ရာရရုံလောက်သာ တိုက်ခိုက်သည်။

"ရွမ်း .... ရွမ်း .... ရွမ်း"

"အား .... အင့် .... အု"

ထိုသုံးယောက်မှာ ကော့ဖေးဟုန်ကို မယှဉ်နိုင်ပေ .... ။ သုံးယောက်စလုံး ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။

"ပြေးဟေ့ .... ပြေး"

သူတို့သည် ဒရောသောပါး တရွတ်ဆွဲပြေးထွက်သွားကြ၏။ ပထမဆုံး လက်ကျိုးဒဏ်ရာရသွားသူလည်း လျင်မြန်စွာ လိုက်ပါသွား၏။ ကော့ဖေးဟုန်၏အခန်း၌ တိတ်ဆိတ်သွားခဲ့လေပြီ။

"ဟင်း .... ဒီမှို့ရဲ့ ကြိုဆိုပုံကလည်း သိပ်အခြေအနေမကောင်းပါလား၊ ဘာပဲဖြစ်ဖြစ် ရန်ပွဲနှစ်ခုကိုတော့ ငါ အောင်မြင်လိုက်တာပဲ၊ ဒီထက်ကြမ်းကြမ်းတမ်းတမ်းကြိုဆိုကြရင်တော့ ငါ သတိထားရလိမ့်မယ်၊ အတွေ့အကြုံမရဘဲ ဒဏ်ရာရသွားလို့တော့ မဖြစ်ဘူး"

ကော့ဖေးဟုန်သည် တစ်ကိုယ်တည်း တီးတိုးရေရွတ်မိလေ၏။ သူသည် တံခါးအပြင်သို့ ခေါင်းပြူကြည့်ပြီး တံခါးပိတ်လိုက်သည်။

"ငါကလည်း တော်တော်မှေတတ်တာပဲ .... တံခါးမပိတ်မိတော့ ဒီကောင်တွေ အလွယ်တကူဝင်လာနိုင်တာပေါ့ .... တော်သေးတယ် ငါနိုးလာပေလို့ပဲ .... "

တကယ်တော့ ကော့ဖေးဟုန် သတိထားပြီး အိပ်စက်ခဲ့သည်သာဖြစ်သည်။ ထို့ကြောင့် သူနိုးလာခြင်းဖြစ်သည်။ သူသည် ပြတင်းတံခါးပါပိတ်လိုက်ပြီး ကွပ်ပျစ်ပေါ်တက်၍ အိပ်လိုက်လေတော့သည်။

ကော့ဖေးဟုန်သည် စားသောက်ပြီးသည်နှင့် ဆိုင်အပြင်သို့ ထွက်ပြီး မြင်းကြီးမဟူရာအပေါ် သို့တက်လိုက်သည်။ သူသည် မြင်းကို အသားကျစီးကာ မြို့ကိုလှည့်လည်ကြည့်ရှုလေတော့သည်။

နယ်ခြားမြို့ကလေးဆိုသော်လည်း ပြည်ပမှ မြို့များနှင့်မတူဘဲ သူပနည်းသူဟန်ဖြင့် အတော်ကလေးစည်ကားသည်။ ကုန်စည်တန်းရှိသည်။ ဈေးဆိုင်များရှိသည်။ ခေါင်းရွက်ဗျပ်ထိုးအထမ်းအပိုးနှင့်ရောင်းချသူများရှိသည်။ လမ်းဘေးတွေ့သူများကိုလည်း အကဲခတ်ကြည့်သည်။ တွေ့ရသူအများစုသည် မိုက်ကန်းကန်းပေါက်နေကြသော်လည်း ရိုးသား အေးချမ်းသည့်မျက်နှာပိုင်ရှင် မြို့သူမြို့သားအချို့ကိုလည်း တွေ့ရှိခဲ့ရသည်။

"အင်း .... နယ်ခြားမြို့ဆိုတော့ လုပ်စားကိုင်စားရတာ ခက်ခဲကြမ်းတမ်းတယ် .... ဒီတော့ လူတွေလည်း စိတ်ကြမ်းကိုယ်ကြမ်းဖြစ်နေမှာပေါ့ .... ဒီကြားထဲ နေပြည်တော်က အစောင့်တပ်သားတွေတောင် ပုတ်သင်ညိုလိုအရောင်ပြောင်းနေရတော့ ပိုဆိုးတာပေါ့"

ကော့ဖေးဟုန်သည် ဤသို့ပင် ရေရွတ်မလေ၏။ သူသည် မြို့ကိုလှည့်ပတ်ကြည့်ရှုပြီးနောက် မြင်းကြီးကို နောက်ပြန်လှည့်လိုက်သည်။ မိမိတည်းခိုရာ ပေါက်ဆိန်တည်းခိုခန်းသို့ ပြန်လာခဲ့သည်။ သူသည် ကောင်းကင်ကိုမော့ကြည့်လိုက်သောအခါ နေမွန်းတည့်နေပေပြီ။

ကော့ဖေးဟုန်း အိပ်ရာမှ ထလိုက်သည်။ တစ်ညလုံး အနှောင့်အယှက်မရှိဘဲ သတိဝီရိယနှင့် အိပ်စက်ခဲ့ရသည်။ အဖွဲ့နှစ်ဖွဲ့သည် သူကို တိုက်ခိုက်ရန်ကြိုးစားခဲ့သော်လည်း နောက်ထပ် ဘေးရန်အန္တရာယ်တော့ မကြုံရတော့ပေ။

ကော့ဖေးဟုန်သည် ကိုယ်လက်သန့်စင်ပြီးနောက် စားသောက်ခန်းအထဲသို့ ဆင်းလာခဲ့သည်။ သူသည် နံနက်စောစော စားသောက်ရမည့် အစားအစာများကို အေးဆေးစွာမှာကြားစားသောက်လိုက်သည်။

"အင်း .... ဒီနေ့ မြို့ထဲလျှောက်ကြည့်ရမယ် .... "

သူသည် ဤသို့တွေးလိုက်ပြီး ကောင်တာစာရေးအား သူ၏ မြင်းကြီးကိုထုတ်ပေးရန် ပြောလိုက်သည်။ ကောင်တာစာရေးကလည်း အလုပ်သမားတစ်ယောက်ကို အော်ဟစ်အမိန့်ပေးလိုက်ရာ ထိုအလုပ်သမားက မြင်းကြီးမဟူရာကို ဆိုင်အပြင်၌ချည်ထားပေးလိုက်လေ၏။

"အင်း .... နေမွန်းတောင်တည့်နေပြီ .... ငါ မနက်စာ ပြန်စား တာ အကောင်းဆုံးပဲ .... ညနေကျမှ မြို့.ရဲ့.အနောက်ပိုင်းကို လျှောက် ကြည့်မယ် .... "

သူသည် မြင်းကို ခပ်သွက်သွက်စီးလာခဲ့သည်။ မကြာမီပင် တည်းခိုခန်းသို့ ပြန်ရောက်လာလေ၏။ မြင်းကြီးကို **အလုပ်သမား**၏ လက်သို့ ထည့်ခဲ့ပြီး စားသောက်သည့် ခန်းမကြီးထဲသို့ ဝင်လာတော့ သည်။

ကောင်တာစာရေးက ပြုံးချိုစွာနှုတ်ဆက်လေ၏။

"ဆရာလေး .... မြို့.အနှံ့လျှောက်လည်ပြီးပြီလား .... "

"မြို့.အနှံ့တော့ မဟုတ်ပါဘူးကွာ .... မြို့.အနောက်ဘက်ကို တော့ ညနေကျမှ လျှောက်ကြည့်မယ်လို့ ဆုံးဖြတ်ထားတယ် .... "

"ဒါထက် ဆရာလေးရဲ့ ဦးလေးအကြောင်းကော စုံစမ်းကြည့် သေးသလား .... "

"ဟင့်အင်း .... မစုံစမ်းရသေးပါဘူး .... စုံစမ်းရင်လည်း မြို့.ထဲ လိုက်စုံစမ်းလို့ရမလဲ .... တည်းခိုခန်းတွေ စားသောက်ဆိုင်တွေနဲ့ အငှားတည်းခိုလို့ရမဲ့ အိမ်တွေမှာ လိုက်စုံစမ်းရမှာပေါ့ .... ဒါမှ သဲလွန်စ ရှာ .... "

"ဟုတ်ပါတယ်ခင်ဗျာ .... ဒီမြို့.ရောက်စလူက ဘယ်အသိ

မိတ်ဆွေရှိမလဲ .... စားသောက်ဆိုင်တွေ တည်းခိုခန်းတွေကို လိုက် စုံစမ်းရမှာပေါ့ .... ဘယ်သူမဆို စားဖို့နဲ့အိပ်ဖို့က ပထမဦးဆုံးလိုအပ်တာ ပဲလေ .... "

စာရေး၏စကားမှာ ယထာဘူတကျလေ၏။

"ကဲ .... ကဲ .... မင်းစကားကောင်းမနေနဲ့ .... ငါ မနက်စာစား ဖို့ မင်းကောင်တွေကို မှာလိုက်ဦး .... နေ့လယ်ပိုင်းမှာ ငါ ခဏာန်းမယ် .... "

"ဟုတ်ကဲ့ပါ .... ဟုတ်ကဲ့ပါ .... ဟော့ကောင်တွေလာကြစမ်း"

စာရေးသည် စားပွဲထိုးများကို အော်ငေါက်မှာကြားနေလေ၏။

ကော့ဖေးဟုန်သည် စားသောက်ပြီးနောက် သူတည်းခိုသည့် အခန်းသို့ တက်သွားလေ၏။

သူနေ့လယ်တရေးအိပ်နေရာမှ နိုးလာသောအခါ တစ်ဘက်ခန်း မှ တီးတိုးစကားသံများကို ကြားရလေ၏။

"ဒီစားသောက်တည်းခိုခန်းအောက်မှာ မြေအောက်ခန်းရှိတယ် ကွ .... "

တီးတိုးတစ်သံကပြောလိုက်၏။

နောက်တစ်ယောက်က တီးတိုးမေးခွန်းထုတ်ပြန်သည်။

"မင်းက ဘယ်လိုလုပ်သိသလဲ .... "

ကောဖေးဟုန်သည် တီးတိုးသံများကို ချောင်းနားထောင်နေခြင်း မဟုတ်ပေ။ တီးတိုးသံများက သူနားထဲသို့ တိုးဝင်လာခြင်းဖြစ်သည်။ စိတ်ဝင်စားစရာများဖြစ်နေသဖြင့် သူ ဆက်လက်နားစွင့်မိသည်ကတော့ အမှန်ပင်။

ဒုတိယ တီးတိုးသံထွက်လာသည်။

"ငါ .... တစ်ခုတော့စဉ်းစားမိတယ် .... မြေအောက်ခန်းဆိုတာ အရက်တွေသိုလှောင်တတ်တယ် .... နှိပ်စက်တဲ့ပစ္စည်းကိရိယာတွေရှိတတ်တယ်၊ နောက်ရှိတတ်တဲ့ပစ္စည်းတစ်မျိုးကတော့ ရွှေငွေရတနာတွေပဲ .... "

"ဟုတ်တယ် .... မင်းပြောတာဖြစ်နိုင်တယ်"

"ရွှေငွေရတနာတွေထားရင်လည်း ရွှေငွေရတနာနည်းနည်းထားမှာမဟုတ်ဘူး၊ ရွှေငွေရတနာအများအပြားထားတတ်တယ်၊ ဒီတည်းခိုခန်းဟာ ရိလ္လဂိုဏ်းရဲ့ဌာနချုပ်လို့ ငါသတင်းသဲသဲကြားထားတယ် .... ရိလ္လဂိုဏ်းရဲ့ တကယ့်ဌာနချုပ်ဖြစ်ရင်လည်း အဲဒီပစ္စည်းတစ်မျိုးမျိုးကတော့ တကယ်ရှိနေနိုင်တယ် .... "

"ဟဲ .... ဟဲ .... ဟဲ .... မင်းနဲ့ငါလို ညအလုပ်သမားတွေအတွက်တော့ ကြိုးစားကြည့်ရင် မမှားဘူးဆိုတဲ့အလုပ်ပေါ့နော် .... "

"ဒါပေါ့ကွာ .... "

"ငါ မနေ့ညက အပေါ့အပါးထသွားတယ် .... အောက်မှာ မီးရောင်လက်ခနဲတွေ့လိုက်ရတော့ ငါစိတ်ထဲတစ်မျိုးကြီးဖြစ်သွားတယ်၊ မင်းတို့ငါတို့အလုပ်ကလည်း ညအလုပ်သမားတွေမဟုတ်လား၊ ငါ စိတ်ဝင်စားသွားတာပေါ့၊ ဒါနဲ့ ငါလည်း အသာချောင်းကြည့်လိုက်တော့ လူသုံးယောက် သူခိုးသူဝှက်တွေလို လွယ်ရှာတာတွေ့ရတယ်၊ နောက်ပြီး မျောက်သွားကြတယ် .... "

"ဟုတ်ပြီ .... သူတို့ မြေအောက်ခန်းထဲဆင်းသွားတာပေါ့"

"သေချာတာပေါ့ကွာ .... ငါကလည်း ညအလုပ်သမားဆိုတော့ အောက်ကိုဆင်းပြီး လိုက်ချောင်းတယ်၊ နောက်ဘက် မီးဖို ချောင်မှာ အလုပ်သမားတွေ နေ့နေတာ၊ တခူးခူးနဲ့ ဟောက်အိပ်နေတာ ဆူညံနေတာပဲ .... အဲဒီလူသုံးယောက်ကိုတော့ လုံးဝမတွေ့ရတော့ဘူး၊ ဒါနဲ့ ငါလည်း အလုပ်သမားတွေကြားထဲက ဖြတ်ဝင်ပြီး နောက်ဆုံးအခန်းကိုဝင်ပြီးစုံစမ်းတော့ မြေအောက်ဆင်းတဲ့ကြမ်းပြင်လို လုပ်ထားတဲ့တံခါးတစ်ချပ်တွေ့တယ်၊ အမှန်မှာက အဲဒီမှာ အစောင့်တစ်ယောက်ယောက်တော့ ရှိဖို့ကောင်းတယ် .... "

"သူတို့အဖွဲ့အစည်းဟာ ဒီမြို့မှာ ဘယ်သူကိုမှ ဂရုမစိုက်တဲ့အဖွဲ့အစည်းဖြစ်နေလို့ ဒီလိုအစောင့်မထားတာပေါ့ကွာ .... "

တီးတိုးသံများ ခေတ္တတိတ်သွား၏။

ကော့ဖေးဟုန်သည် ညအလုပ်သမားဆိုသော အထူးပြုချက်ကို ယခုမှ သဘောပေါက်သွားသည်။ ဤလူနှစ်ယောက်သည် ညလူများပေကိုး။ ရှင်းရှင်းပြောလျှင်တော့ သူခိုးနှစ်ယောက်သာဖြစ်သည်။

တစ်ယောက်က ....

"တို့ ဒီနေ့ည လုပ်ငန်းစကြရအောင် .... "

တစ်ယောက်က သဘောတူ၏။

"ကောင်းတယ် .... "

ထို့နောက် တီးတိုးသံများ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။ ကော့ဖေးဟုန်သည် တွေးနေလိုက်၏။

"အဲ .... ဒီလိုဆိုရင် ညနေမှာ လေ့လာရေးခရီးထွက်ဖို့ မလိုတော့ဘူး၊ ညဘက်မှာ ငါလည်း လူပ်ရှားရတော့မယ်၊ အခြေအနေကြည့်ပြီး ဝင်လူပ်ရှားရမှာပေါ့ .... "

ထိုနေ့တစ်ညနေလုံး၌ ကော့ဖေးဟုန် အခန်းထဲမှမထွက်တော့ပေ။ အခန်းထဲ၌သာ နားနေလေတော့သည်။

အခန်း(၁၀)

လက်စားချေမည့်သူ

ညသန်းခေါင် .... ။

ကော့ဖေးဟုန်သည် တစ်ဘက်မှ ညလူနှစ်ယောက်၏လူပ်ရှားမှုကို စောင့်နေသည်။ မကြာမီ တစ်ဘက်အခန်းတွင်းမှ လူပ်ရှားသံများကို ကြားရသည်။ ဖြည်းဖြည်းချင်း တံခါးဖွင့်လိုက်သည်ကို သိလိုက်ရပြီး ထိုသူနှစ်ယောက် ထွက်ခွာသွားသည်ကို သိလိုက်ရလေ၏။

ကော့ဖေးဟုန်လည်း ခြေကိုဖွနင်းကာ ထလိုက်သည်။ သူသည် တံခါးကိုတွန်းဖွင့်ပြီး ကြည့်လိုက်သောအခါ အမဲရောင်အရိပ်နှစ်ရိပ် အောက်ထပ်သို့ ဆင်းသွားသည်ကိုတွေ့လိုက်ရလေ၏။ သူလည်း အသာထွက်လိုက်ပြီး ထိုအရိပ်များနောက်သို့ သတိထားပြီး လိုက်လေတော့၏။

ထိုအရိပ်များ နောက်ဖေးခန်းထဲသို့ဝင်သွားသောအခါ သူ အသာကိုယ်ရှိန်သပ်နေလိုက်ရသည်။ ခဏအကြာမှ သူ ဝင်လိုက်သည်။

"ခူး .... ခူး .... ခူး"

"ခေါ .... ခေါ .... ခေါ"

လုပ်သမားများ၏ ဟောက်သံများကို ကြားလိုက်ရသောအခါ ဆိုင်အလုပ်သမားများ အိပ်နေကြသည့်အခန်းဖြစ်ကြောင်း သူသိလိုက်သည်။ သူသည် အသံမကြားအောင် သတိထားရင်း ထိုအခန်းကိုကျော် ဖြတ်လိုက်သည်။

နောက်တစ်ခန်းမှာ မီးဖိုချောင်ဖြစ်လေ၏။ သူသတိထား၍ ကြည့်လိုက်သောအခါ အခန်းထောင့်တစ်နေရာတွင် ကြမ်းပြင်ပမှာပြု လုပ်ထားသည့် အံဝှက်ကို တွေ့လိုက်ရတော့သည်။

"ဒါဟာ မြေအောက်ဥမင်တံခါးပဲ .... "

ကောဖေးဟုန်သည် တီးတိုးရေရွတ်ပြီး အံဝှက်တံခါးကို ဖွင့်လိုက်သည်။ အံဝှက်တံခါးမှ အသာလျှောက်ဆင်းလိုက်သည်။ လှေကားထစ်များကိုစမ်းမိသည်။ သူသည် လှေကားတစ်လျှောက်ဆင်းသက်လာလေတော့၏။

ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင်မှောင်နေ၏။ ကောဖေးဟုန်သည် မှောင်ထဲ၌ ကျင်သားရနေသဖြင့် လူပ်ရှားမှုများကို

ဝိုးတဝါးတွေ့မြင်ရသည်။ သူ့ရှေ့၌ တိုက်ခိုက်မှုများကို တွေ့မြင်ရသဖြင့် အသာကိုယ်ရှိန်သပ်ပြီး ကြည့်ရှုလိုက်ရသည်။

ညဉ့်လူနှစ်ယောက်နှင့် မြေအောက်ဥမင်အခန်းမှအစောင့်များ တိုက်ခိုက်ခြင်းဖြစ်ပုံရပေလိမ့်မည်။ ကြည့်ရသည်မှာ လူနှစ်ယောက်သည် အတင့်ရဲရဲဝင်ဓါကြသဖြင့် အစောင့်များနှင့် တိုက်ခိုက်ခြင်းဖြစ်ပုံရသည်။ ကံကောင်းသည်မှာ ကောဖေးဟုန်ကို မည်သူမျှ တားဆီးတော့မည့်လူမရှိတော့ခြင်းပင်တည်း။

ညဉ့်လူနှစ်ယောက်၏သိုင်းပညာကလည်း မဆိုးလှပေ .... ။ သို့သော် အစောင့်နှစ်ယောက်ဖြစ်ဟန်တူသူနှစ်ဦးက ပို၍သိုင်းပညာကောင်းနေသည်။ အဝေးမှကြည့်၍ ဝိုးတဝါးသာတွေ့မြင်ရသော်လည်း အနိုးကပ်နေသူတို့ကတော့ တစ်ယောက်တိုက်ကွက်တစ်ယောက်က မြင်သိနေပေလိမ့်မည်။ ညဉ့်လူနှစ်ယောက်သည် အပြင်းအထန်ခုခံကြသော်လည်း အစောင့်နှစ်ယောက်၏သိုင်းပညာကိုမယှဉ်နိုင်သဖြင့် ပြိုလဲကျသွားလေတော့၏။ နှစ်ယောက်စလုံး အဖမ်းခံလိုက်ကြရသည်။ အစောင့်နှစ်ယောက်က ဆွဲထူပြီး အတွင်းသို့ခေါ်ဆောင်သွားသည်။

ဤဆိုင်၏မြေအောက်ခန်းမှာ အတော်ကျယ်ဝန်းသည်။ လူတကာက တည်းခိုစားသောက်ဆိုင်ဟုသာ သိထားသဖြင့် ဤမြေအောက်ခန်းရှိသည်ကို လူမသိကြပေ။ အားလုံး လွယ်လွယ်ကူကူ လူပ်

ရှားနိုင်သည်။ မည်သည့်အဖွဲ့.အစည်းက လှုပ်ရှားနေပါသနည်း။ ကော့ဖေးဟုန် မသိပါချေ။

သူသည် တတ်နိုင်သမျှ နံရံခြံကပ်ပြီး လှုပ်ရှားသည်။ ရုန်သူက သူ့အား ထင်ထင်ရှားရှားမတွေ့.မြင်နိုင်ချေ။ ရှေ့.ခြံ မီးရောင်လင်းနေသည်ကို တွေ့.မြင်လိုက်ရ၏။ ထို့ကြောင့် ကော့ဖေးဟုန် ပို၍သတိထားလိုက်သည်။ သတိမထားပါက ညဉ့်လူနှစ်ယောက်ကဲ့သို့ ဒုက္ခရောက်သွားမည် မဟုတ်ပါလား။

ဤမြေအောက်ခန်းခြံ လူအတော်များများရှိနေကြောင်း သူတွေ့.ရသည်။ အားလုံးလိုလိုပင် ပေါ့ပေါ့ဆဆ လှုပ်ရှားနေကြသည်။ အစောင့်နှစ်ယောက်ထားသည်မှာမှန်သော်လည်း ညဉ့်လူနှစ်ယောက်မည်သည့်အမှားကို ကျူးလွန်လိုက်မိကြသည်မသိပေ။ ထိုအစောင့်နှစ်ယောက်ကို မကျော်နိုင်ခဲ့ကြပေ။ ကျော်လွှားလည်း မြေအောက်ခန်းခြံ လူများနေသဖြင့် သူတို့ အမိခံရဖို့များသည်။

ကော့ဖေးဟုန်သည် အလင်းရောင် အနည်းငယ်ရှိသည့်နေရာသို့ပင် မဝင်တော့ချေ။ မှောင်ရိပ်ထဲမှာပင် နေလိုက်သည်။ အခြေအနေကို စောင့်ကြည့်လိုက်သည်။

အလင်းရောင်အောက်ခြံ မြင်လိုက်ရသည်မှာ မြင့်မားသည့် ခံ့ရည်ကြီးတစ်ခုခြံ ခေါင်းစွပ်နှင့်လူတစ်ဦးရှိနေပြီး လက်ဝဲ၊ လက်ယာခြံ

လူနာနှစ်ယောက် ရပ်နေသည်။ သူတို့နောက်ခြံ လူသုံးယောက်ရပ်နေပြီး အလယ်လူကိုမြင်လိုက်ရသောအခါ ကော့ဖေးဟုန် ကြက်သေ,သေသွားတော့သည်။

ထိုသူကား ပုဆိန်တည်းခိုခန်း၏ ကောင်တာစာရေးပင်တည်း။

ထိုသူသည် အဘယ့်ကြောင့် ဤမြေအောက်ခန်းသို့ရောက်နေရသနည်း။ ကော့ဖေးဟုန်သည် ထိုအဖြေကို လျင်မြန်စွာ မတွေးနိုင်ပါ။ မြင်ကွင်းကိုသာ အရေးတကြီး ကြည့်နေမိသည်။

ကုလားထိုင်နှင့် ထိုင်နေသူသည် ကားစင်တိုင်ခြံ ချည်နှောင်ခံထားရသူတစ်ဦးအား စူးစိုက်ကြည့်နေ၏။ ကားစင်တိုင်ခြံ ချည်နှောင်ခံထားရသူမှာ သွေးအလိမ်းလိမ်းနှင့်ဖြစ်နေပြီး မိန်းမငယ်တစ်ယောက်ဖြစ်ကြောင်း ကော့ဖေးဟုန် တွေ့.လိုက်ရသည်။

ကော့ဖေးဟုန်သည် လူဖြောင့်လူမှန်တစ်ဦးဖြစ်သည်။ မတရားတာကို မလုပ်ပေ။ မတရားမှုကိုလည်း ရှုံ့မုန်းသည်။ မိန်းကလေးတစ်ဦးအား ကားစင်တိုင်တွင် ချည်နှောင်ထားပြီး နှိပ်စက်နေသည်ကို သူမကြည့်ရက်နိုင်ပေ။ သူ၏ဓားရိုးကို ဆုပ်ကိုင်မိလေ၏။

"မင်း .... စိတ်မလောနဲ့ .... အသာစောင့်ကြည့်ဦး .... သူတို့ဘာတွေဆိုတာကို မင်းမသိသေးဘူး .... "

ကော့ဖေးဟုန်သည် သူကိုယ်သူ သတိပေးလိုက်လေ၏။ သူ၏

ဓားရိုးကိုကား ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားသည်။

ကားစင်တိုင်အနီးမှလူသည် မိန်းကလေး၏ဆံပင်ကိုဆွဲပြီး မျက်နှာကိုလှန်လိုက်၏။ မိန်းမချောတစ်ဦးပေတည်း။ သွေးသံရဲရဲများက သူမ၏မျက်နှာကို မဖုံးကွယ်နိုင်ချေ။

"ဟင်း .... မိန်းမလှလေးပါလား"

ကော့ဖေးဟုန်မှာ .... အသံထွက်မိတော့မလိုဖြစ်သွားသည်။ သို့သော် သူသည် အချိန်မီ ထိန်းသိမ်းလိုက်ရသည်။

ခေါင်းစွပ်အနက်နှင့် ကုလားထိုင်ပေါ်မှလူက အေးစက်စွာ မေးလေ၏။

"ပြောစမ်း .... မင်းက ငါ့ကိုလုပ်ကြံချင်လို့ရမလား .... မင်း ဘယ်သူဘယ်ဝါဆိုတာကို ပြောစမ်း .... "

မိန်းကလေး၏မျက်နှာ၌ မထိတရိအပြုံးပေါ်လာသည်။

"ကျွန်မနာမည်အမှန်ကို ရှင့်ကိုပြောပြလိုက်မယ် .... "

ခေါင်းစွပ်အနက်နှင့်လူက ပြောလိုက်၏။

"ငါ့လူတွေ စစ်တုန်းကပြောခဲ့တာ မင်းနာမည်မဟုတ်ဘူးလား။ ဘာလဲ ငါ့လူတွေကို မင်းလိမ်ညာပြောခဲ့သလား .... "

မိန်းကလေးက ရယ်လိုက်ကာ ....

"ရှင့်လူတွေ ကျွန်မကို နှိပ်စက်စစ်တုန်းက ကျွန်မနာမည်မှန်

ကို မပြောခဲ့ဘူးရှင့် .... အခု ရှင့်ကိုတွေ့တော့မှ ကျွန်မက နာမည်အမှန်ကို ပြောပြမှာ၊ ဘာကြောင့်ဖြင့်ပြောတယ်ဆိုတာလည်း ရှင်သိချင်သေးသလား .... "

ခေါင်းစွပ်အနက်နှင့်လူက မခိုးမခန့်ရယ်လိုက်လေ၏။

"ငါသိချင်ချင် မသိချင်ချင် မင်းကို ငါမေးရင် မင်းဟာ အမှန်တွေကိုပဲ ဖွင့်ပြောမယ် .... မပြောလို့ကတော့ ဒီအခန်းထဲမှာရှိတဲ့ နှိပ်စက်တဲ့ပစ္စည်းတွေကို မင်းကြည့်ထား .... မင်းသေလည်းမသေရဘူး .... ငါသိချင်တာတွေ တစ်လုံးမကျန်ဖွင့်ပြောသွားစေရမယ် .... "

သူက လက်ကိုဝှေ့ယမ်းရင်းပြောသည်။

ကော့ဖေးဟုန်သည် အခန်းကို မျက်လုံးကစားလိုက်၏။ အခန်းတွင် စင်နှစ်ခုရှိရာ စင်နှစ်ခုစလုံးတွင် သံညှပ်၊ သံချွန်၊ ကျာပွတ်၊ မီးဖို၊ လက်ညှပ်ခြေညှပ်၊ သံကွင်း၊ ဆူးချွန် စသည့်နှိပ်စက်စရာပစ္စည်းမျိုးစုံကို တွေ့လိုက်ရသည်။

သံညှပ်ဆိုသည်မှာ တစ်ကိုယ်လုံးကို ညှပ်ထဲတွင် ညှပ်လိုက်ပြီး ဝက်အူဖြင့် တဖြည်းဖြည်း တင်းရစ်သောကြိုယာဖြစ်သည်။ နောက်ဆုံး အရိုးကြိုးကြေသည်အထိ ညှပ်ခံရနိုင်သည်။ သံချွန်မှာ ခန္ဓာကိုယ်အနှံ့အပြား ထိုးသွင်းနိုင်သည့် သံချွန်ဖြစ်သည်။ ခြေလက်၊ ခန္ဓာကိုယ်၊ဦးခေါင်းနှင့် နောက်ဆုံး မျက်လုံးအထိ ထိုးစိုက်နိုင်သည်။ ကျာပွတ်

ကတော့ လိပ်ကျောက်မြီးကျာပွတ်ဖြစ်သည်။ ကျာပွတ်တွင် အထစ်များရှိနေသဖြင့် ငိုက်ပြီးဆွဲလိုက်သည်နှင့် အရိုက်ခံရသူအား များကြာကြာနိုင်သည်။ နောက်ဆုံး အရိုးပေါ်သည်အထိ ရိုက်နိုင်သည်။ မီးဖိုမှာသံချွန်ကို ရဲနေအောင် မီးဖုတ်နိုင်သည့် မီးဖိုဖြစ်သည်။ လက်ညှပ်ခြေညှပ်ဆိုသည်မှာ ယခု မိန်းကလေး၏လက်တွင်ညှပ်ထားသည့် လက်ညှပ်သံကွင်းမျိုးဖြစ်သည်။ ခြေထောက်ကိုစွပ်ပြီး ချုပ်နှောင်ထားနိုင်သည့် ခြေကွင်းစွပ်ခြေညှပ်သံကွင်းဖြစ်သည်။ သံကွင်းနှင့် ဆူးချွန်စသည်ဟိုမှာလည်းမိန်းကလေးကိုနှိပ်စက်ခဲ့သည့်ပစ္စည်းများပြစ်ပုံရသည်။

ကော့ဖေးဟုန်တစ်ခုမြင်လိုက်ရသည်မှာ ညဉ့်လူနှစ်ယောက်ကို ကားစင်တိုင်နှစ်ခုတွင် မိန်းကလေးကဲ့သို့ ဖမ်းချုပ်ထားသည့် မြင်ကွင်းကိုတည်း။

"အင်း .... သူတို့လည်း ကံမကောင်းဘူး .... "

ကော့ဖေးဟုန်သည် တစ်ကိုယ်တည်း ရေရွတ်မိလေ၏။ သူသိလိုက်သည်။ ဤမိန်းကလေးကို စစ်မေးပြီးလျှင် ညဉ့်လူနှစ်ယောက်အား စစ်မေးလေတော့မည်။ ရိုးရိုးတန်းတန်းမေးသည့် မေးခွန်းများကို ညဉ့်လူနှစ်ယောက် စိတ်ကျေနပ်လောက်အောင်ဖြေနိုင်လျှင်တော့ အခြားရှုရှာစက်ဆုပ်ဖွယ်ရာမြင်ကွင်းများကို မြင်ရမည်မဟုတ်ချေ။ မဖြေနိုင်လျှင်တော့ ကော့ဖေးဟုန်ကြည့်နေနိုင်တော့မည်မဟုတ်ချေ ....။

အလိမ္မာသုံး၍ ကိုယ့်ကိုယ်ကိုယ် ဆုံးမနိုင်မည် မဟုတ်တော့ချေ။

"ကဲ .... ပြောစမ်းပါဦး .... မင်းနာမည်အမှန်က ဘယ်သူလဲ"

အသံကြားလိုက်ရသဖြင့် ကော့ဖေးဟုန်၏အကြည့်များသည် ခေါင်းစွပ်နက်နှင့်မိန်းကလေးတို့ထံရောက်သွားပြန်လေ၏။ ခေါင်းစွပ်နက်နှင့်လူကမေးလိုက်ခြင်းဖြစ်သည်။

မိန်းကလေးက ရယ်၍ပြန်ပြောလေ၏။

"ရှောင်ရီမေလေ .... ရှောင်ရီမေတဲ့ .... ကဲ ရှင်သိပြီလား"

ခေါင်းစွပ်နက်နှင့်လူသည် တုန်လှုပ်သွားလေ၏။ ခန္ဓာကိုယ်ပင် ဆတ်ခနဲ ဖြစ်သွားသည်။ ခေါင်းစွပ်နက်နှင့်လူက အေးစက်စက်မေးလေ၏။

"မင်း .... ရှောင်ကျင်းနဲ့ဘာတော်သလဲ .... "

ထိုအခါ မိန်းကလေးက ခွက်ထိုးခွက်လန်ရယ်လေ၏။

"ငါ့မေးခွန်းထဲမှာ ဘာမှရယ်စရာမပါဘူး .... "

ခေါင်းစွပ်နက်က အေးစက်စွာပြောလေ၏။

မိန်းကလေးက ရယ်သံနှောရ၍ ပြောလေ၏။

"ပါတာပေါ့ .... ပါတာပေါ့ရှင် .... ကျွန်မမျိုးရိုးနာမည်က ရှောင်လေ .... ရှောင်ကျင်းဆိုတာက ကျွန်မဖေဖေရဲ့နာမည်ပေါ့ .... ရီကျင်းဂိုဏ်းချုပ်ဆိုတာ ကျွန်မဖေဖေပေါ့ .... ကဲ ရှင့်နားထဲမှာ ရှင်းရှင်းလင်း

လင်းဖြစ်သွားပြီပေါ့ .... "

"သြော်ဟော် .... ငါသိပါပြီ .... မင်းက မင်းအဖေသေတဲ့ကိစ္စ အတွက် လက်စားချေဖို့ လိုက်လာခဲ့တာကိုး .... ဟဲ .... ဟဲ .... ဟဲ မင်းကိုသိထားအောင် ငါ တစ်ခုပြောပြလိုက်မယ် .... ငါတို့ သိုင်း လောကဟာ တိရစ္ဆာန်လောကလိုပဲ နိုင်ရာစားတဲ့လောကပဲ .... မင်း အဖေသေရတာ ဘာမှမဆန်းပါဘူး .... ငါ့ကိုမနိုင်ရင် သူသေရမှာပဲ.... သူနိုင်ရင် ငါလည်းသေရမှာပဲ .... ဒါကို မင်းက မကျေနပ်ဘဲလိုက်လာ တော့ .... မင်းပဲ အသက်သေရမှာပဲ .... "

"ထို .... "

မိန်းကလေးက ထိုခနဲ တစ်ချက်ထွေးလိုက်လေ၏။

"ဘာနိုင်ရာစားတဲ့လောကလဲ .... ကျွန်မအဖေကို ရှင်က ရိုးရိုး တန်းတန်းအနိုင်ယူတာဆိုရင် ဘာမှ စိတ်ဆိုးစရာမရှိဘူး .... ကျွန်မ အဖေစားတဲ့အစာထဲမှာ ရှင်က အားပျော့ဆေးတွေထည့်ကျွေးပြီးမှ အနိုင်ယူတာမဟုတ်လား .... ဒါကို လက်လွတ်ထွက်ပြေးလာတဲ့ ကျွန်မအဖေရဲ့တပည့်က ပြောတာပဲ .... ကျွန်မအဖေရဲ့တပည့်လည်း ပြောပြီးတာနဲ့ အသက်ထွက်သွားတယ် .... "

"ဟား .... ဟား .... ဟား .... "

"ဟား .... ဟား .... ဟား .... "

ခေါင်းစွပ်နက်သည် တဟားဟားရယ်ပြီးနောက် သူ၏ခေါင်းစွပ် ကြီးကို ဆွဲဖြုတ်ပစ်လိုက်သည်။ ဝိန်ရှည်သော ကောက်ကျစ်သော အမူအရာရှိသည့်လူကြီးတစ်ဦး၏မျက်နှာပေါ် လာသည်။

"မင်းက မှန်မှန်ကန်ကန်ပြောနေမှတော့ ငါက ခေါင်းစွပ်ကြီး ဘာစွပ်ထားစရာလိုသေးမှာလဲ .... မင်းဟာ ငါ့လက်ထဲရောက်နေပြီ၊ မင်းအဖေသွားတဲ့လမ်းကို မင်းလိုက်သွားနိုင်အောင် ငါက ပို့ပေးရမှာ ပေါ့၊ ပို့မပေးခင် မင်းကျန်းကျန်းမာမာဖြစ်အောင် စားသောက်နေလိုက် ပါဦး .... ပြီးမှ .... ပြီးမှ .... ဟား .... ဟား .... ဟား"

"ကျွန်မ ဒီမြို့ကိုဝင်လာခဲ့တာ တစ်ယောက်တည်းပဲ .... ရှင်ဟာ ရိုကျောက်ဖြစ်မယ်ဆိုတာကို ရှင့်ပုံပန်းမြင်ရုံနဲ့သိတယ်၊ ရှင့်ကို သူသေ ကိုယ်သေတိုက်ဖို့လာခဲ့တာပဲ .... ရှင်ဟာ တကယ်တမ်းရဲရင့်တယ်ဆို ရင် ကျွန်မကို အခုချက်ချင်းလွှတ်ပေး .... တစ်ယောက်ချင်းတိုက်မယ်"

"ဟား .... ဟား .... ဟား .... ပုံလွှားဂိုဏ်းရဲ့ဂိုဏ်းချုပ်တစ် ယောက်ကို မင်းလိုသိုင်းသမားက တစ်ယောက်ချင်းတိုက်မယ်တဲ့လား။ ခက်ပြီ .... ခက်ပြီ .... ခက်နေပြီ"

"ဘာခက်ပြီလဲ .... ဘာမျှားခက်ခဲနေသလဲ .... ရှင်သတ္တိရှိရင် လွှတ်ပေးလိုက်စမ်းပါ .... "

"မင်းက နို့နဲ့တောင်မစင်သေးတဲ့မိန်းကလေးပဲ .... မင်းမှာ

အပိုအသက်ဆယ်ချောင်းဆောင်ထားလို့လည်း ငါကိုမနိုင်ဘူး .... ဒါကြောင့်မို့ မင်းကိုငါမတိုက်ပါဘူး .... အေး .... ငါတပည့်တွေရဲ့လက်ထဲ မင်းကိုအပ်လိုက်ဖို့အတွေးတော့ ငါမှာရှိနေတယ် .... သူတို့စိတ်ကြိုက်လုပ်ပြီးရင် မင်းအဖေရဲ့နောက်ကို မင်းလိုက်သွားပေတော့"

မိန်းကလေး ရှောင်ရီမေက အားကုန်ကျုံးအော်တော့၏။

"လူမသမာကြီး .... ဒါဟာ ဂိုဏ်းချုပ်ကြီးတဲ့လား .... ပျံလွှားဂိုဏ်းဆိုတာ အဲဒီလိုအကျင့်သီလမရှိတဲ့ဂိုဏ်းတဲ့လား .... "

ရီကျောက်သည် မဲ့ရွဲ့လိုက်၏။

"ငါတို့ဂိုဏ်းကို အကျင့်သီလမရှိတဲ့ဂိုဏ်းလို့ နင်ပြောရက်တယ်၊ ငါတို့လိုအောက်လမ်းဂိုဏ်းတွေအားလုံးကို လိုက်မေးစမ်းကြည့်ပါဦး၊ ဘယ်ဂိုဏ်းက အကျင့်သီလရှိတဲ့ဂိုဏ်းလဲဆိုတာ တရုတ်ပြည်တစ်ပြည်လုံးမှာရှိတဲ့ အောက်လမ်းဂိုဏ်းမှန်သမျှ ဘယ်ဂိုဏ်းမှအကျင့်သီလမရှိဘူးကွ .... "

ရှောင်ရီမေသည် သူမ၏ဒေါသကို အတော်ထိန်းလိုက်ရသည်။ သွေးများ ဖုံးလွှမ်းနေသည်။ သူမမျက်နှာတစ်ခုလုံး ရဲရဲတွတ်နေသည်။ နှိမြန်းနေသည်။

"ဟင်း .... ရှင့်ပျံလွှားဂိုဏ်းကို ဂုဏ်တင်မနေနဲ့ .... တရုတ်တစ်ပြည်လုံးမှာရှိတဲ့ အောက်လမ်းဂိုဏ်းတစ်ဝက်လောက်ဟာ ရုက်

စက်တယ်၊ ရိုင်းစိုင်းတယ်၊ မိုက်ကန်းတယ်၊ ဒါပေမဲ့ အဲဒီတစ်ဝက်လောက်ဟာ မယုတ်မာကြဘူးရှင့် .... ရှင်က ဝါးလုံးရှည်နဲ့ ချီးသုတ်ရမ်းနေတာပဲ .... "

"အေး .... ငါတို့ဂိုဏ်းကတော့ ရုက်စက်တယ် .... မိုက်ကန်းတယ် .... ယုတ်မာတယ် .... နင့်ကို ဘယ်လိုအပြစ်ပေးမယ်ဆိုတာ ငါ အဓိန့်ပေးပြီးပြီ .... သူ့ကို ဟိုအခန်းထဲဆွဲသွင်းလိုက်ကြစမ်း၊ အဲဒီအခန်းထဲမှာ သူ အားမွေးပါစေဦး၊ ပြီးတော့မှ မင်းတို့ကို ငါဆုချမယ်"

အစောင့်လေးယောက်သည် သူမ၏ခြေလက်များကို ဆွဲဖြုတ်လိုက်ကြပြီး လေးဘက်လေးတန် ဆွဲခေါ်သွားကြ၏။ သူတို့သည် အလုံခန်းတစ်ခုဆီသို့ဆွဲခေါ်သွားပြီး အခန်းတံခါးကို ဝုန်းခနဲပိတ်လိုက်ကြ၏။

"ဝုန်း .... "

တံခါးသံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ကော့ဖေးဟုန်သည် အံကြိတ်မိလိုက်သည်။ သူလုပ်ရမည့် အလုပ်တစ်ခုကိုလည်း မြင်လာမိသည်။

"နေနှင့်ဦးပေါ့ ရီကျောက် .... မင်းမိုးကောင်းနိုင်ရင် သုံးလေးရက်ပေါ့ .... "

ကော့ဖေးဟုန်သည် စိတ်ထဲမှ ပျံလွှားဂိုဏ်းချုပ် ရီကျောက်ကို ကြိမ်းလိုက်မိသည်။ သူသည် ရီကျောက်ကိုသာမက ပျံလွှားဂိုဏ်းတစ်

ဂိုဏ်းလုံးကို ရှင်းလင်းပစ်ရန် စိတ်ဆုံးဖြတ်လိုက်မိသည်။

"အင်း .... ဟိုနှစ်ကောင်ကိုစောင့်ကြည့်ရဦးမယ် .... "

သူထင်သည့်အတိုင်းပင် .... ပုံလွှားဂိုဏ်းချုပ်သည် ညဉ့်လူနှစ်ယောက်ဆီသို့ ဦးလှည့်သွားလေတော့၏။ ညဉ့်လူနှစ်ယောက်ကို စစ်မေးပေတော့မည်။ ညဉ့်လူနှစ်ယောက်ဖြစ်၍ ပြင်းထန်သောအပြစ်ဒဏ်ပေးမည်မထင်ပေ။ ဒုစရိုက်လောကဋ္ဌ သူခိုးများသည် အနည်းနှင့်အများ ပါဝင်ပတ်သက်နေကြသည်မဟုတ်ပါလား။ သို့သော် ပုံလွှားဂိုဏ်း မည်မျှရက်စက်သည် မရက်စက်သည်က အဓိကဖြစ်သည်။ ကော့ဖေးဟုန်သည် သူ၏ပြန်ထွက်လမ်းကို ကြည့်လိုက်၏။ ညဉ့်လူနှစ်ယောက်အား စစ်မေးသည်ကို သူကြည့်မနေလျှင် သူလွတ်လမ်းကတော့ လွယ်ကူသည်။ အဘယ်ကြောင့်ဆိုသော် မြေအောက်ဥမင်တံခါးစောင့်နှစ်ဦးစလုံးသည် သူတို့၏ မူလတာဝန်ကို မထမ်းဆောင်ကြတော့ပေ။ ညဉ့်လူနှစ်ယောက်ထံ၌ ဝိုင်းဝန်းတောက်ကူနေကြသည် မဟုတ်ပါလော။

ကော့ဖေးဟုန်သည် စဉ်းစားလိုက်၏။

"ဒီသူခိုးနှစ်ယောက်ကိုကယ်ဖို့က အရေးကြီးသလား၊ ဟိုရှောင်ရီမေဆိုတဲ့ မိန်းကလေးကိုကယ်ဖို့က အရေးကြီးသလား .... "

သူသည် ရှောင်ရီမေကိုလည်း ကယ်ချင်၊ သူခိုးနှစ်ယောက်ကို

လည်း ကယ်ချင်နေ၏။ သူ၌ နှုးညံ့သိမ်မွေ့သည့် နှလုံးသားရှိနေသည်မဟုတ်ပါလော။ သို့သော် ညဉ့်လူနှစ်ယောက်မှာ လူကောင်းများမဟုတ်ပေ။ သူခိုးများသာ ဖြစ်နေသော သူခိုးဆိုသည်မှာ မမိလျှင်လွတ်နေမည်ဖြစ်သော်လည်းမိသွားပါကအပြစ်ဒဏ်ခံရမည်သာဖြစ်သည်။

ရှောင်ရီမေကတော့ သူခိုးမဟုတ်ပေ။ ဖခင်အတွက် အသက်စွန့်၍ လက်စားချေလိုသူဖြစ်၏။ ဤနှယ်ခြားမြို့ကလေးသို့ တစ်ကိုယ်တည်း စွန့်စွန့်စားစား လာရောက်ရဲခြင်းကပင်လျှင် သူမ၏ခိုင်ကြည်သော စိတ်ဓာတ်ကိုဖော်ပြနေသည်။ ထို့ပြင် ပုံလွှားဂိုဏ်းကြီးတစ်ဂိုဏ်းလုံးကိုတစ်ယောက်တည်းဆန့်ကျင်ရဲသူဖြစ်သည်။အာဂမိန်းကလေးပင်။

"ငါဟာ ရှောင်ရီမေကိုပဲ ကယ်သင့်တယ်၊ သူခိုးနှစ်ယောက်ကိုတော့ အခြေအနေအရ ကယ်သင့်ရင်ကယ်ရမှာပဲ၊ ငါ့ထွက်လမ်းကောင်းနေတုန်း၊ ပြန်ထွက်ထားရမယ်၊ ရှောင်ရီမေကို သူတို့တစ်ပတ်လောက်နဲ့သတ်မှာမဟုတ်ဘူး၊ အဲဒီတော့ ငါစီစဉ်စရာတွေကို ပြန်စီစဉ်ထားတာကောင်းမယ် .... "

ကော့ဖေးဟုန်သည် သူတစ်ပါးအား ကူညီရန်ဝန်မလေးသူဖြစ်သည်။ ယခုတွင် ရီမေကိုကယ်တင်ရန်စဉ်းစားပြီး ထိုအတိုင်းလုပ်ဆောင်ရန် ဆုံးဖြတ်လိုက်တော့သည်။

အခန်း(၁၁)

အယောင်ဆောင်မျက်နှာဖုံး

သူသည် နောက်သို့တစ်ချက်ကြည့်ပြီး မှောင်ထဲသို့ ဆုတ်ခွာလာလေ၏။ အမှောင်ထဲ၌ မည်သူမျှရှိမနေပေ။ ဂိုဏ်းသားသုံးလေးဆယ်လောက်သည် ရှေ့၌သာမဲနေကြသည်။ ဤသည်မှာ ဤမြို့ထဲ၌ သူတို့တစ်ဂိုဏ်းတည်းသာလျှင် ကြီးစိုးမင်းမူနေ၍လည်း ဖြစ်နိုင်သည်။ တစ်ဂိုဏ်းသည် မင်းမူနေလျှင် မည်သူကိုမျှ ဂရုမစိုက်ကြတော့ပေ။ အပြိုင်အဆိုင်ဂိုဏ်းများရှိနေလျှင်တော့ သတိဝီရိယရှိနေနိုင်သည်။

ဂိုဏ်းချုပ်နှင့် လက်ဝဲရံလက်ယာရံတို့နောက်၌ ရပ်နေသည့် လူသုံးယောက်ထဲ၌ပါဝင်နေသော ကောင်တာစာရေး၏အဆင့်ကိုလည်း သူ ခန့်မှန်းကြည့်သည်။ သူ့ရှေ့၌ ဂိုဏ်းချုပ်နှင့် လက်ဝဲရံ၊ လက်ယာရံတို့သာရှိသည်။ ထို့ကြောင့် ကောင်တာစာရေး၏အဆင့်

သည် မသေးလှပေ။ ဌာနခွဲမှူးအဆင့်လောက်ရှိနေနိုင်သည်။ သူသည် ကောင်တာစာရေးလုပ်ပြီး အခြေအနေများကို စောင့်ကြည့်နေပုံရသည်။

ကောင်တာစာရေးသည် သူကိုလည်း ပျူငှာစွာ ဆက်ဆံသည်။ သူ သိုင်းပညာကောင်းကောင်းတတ်ကြောင်း ရိပ်မိပုံရသည်။ ကော့ဖေးဟုန်က ရုန့်ပွဲနှစ်ပွဲဆက်ဖြစ်လိုက်သောအခါ ကော့ဖေးဟုန်မှာ စောင့်ကြည့်ခံရသည့်သူဖြစ်ကြောင်း ရိပ်မိသွား၏။ ယခုလည်း ကော့ဖေးဟုန်ကို စောင့်ကြည့်နေသူနှစ်ယောက်မှာ အရက်မူးလွန်ပြီး အိပ်ပျော်သွားသဖြင့်သာ ကော့ဖေးဟုန် စိတ်လွတ်ကိုယ်လွတ် လူပ်ရှားနိုင်ခြင်းဖြစ်သည်။

ကော့ဖေးဟုန်သည် အတွေးစများကို ဖြတ်တောက်ပြီး သူ၏ထွက်လမ်းကို ဂရုစိုက်လိုက်၏။ အစောင့်အချို့ဖြတ်သန်းသွားကြသော်လည်း နံရံအောက်ခြေ၌ဝပ်နေသော ကော့ဖေးဟုန်ကို သူတို့ မတွေ့ကြချေ။ ဤသို့ဖြင့် ကော့ဖေးဟုန်သည် မြေအောက်ဥမင်တံခါးကို အောင်မြင်စွာ ဖြတ်ကျော်လာနိုင်သည်။

သူသည် ဆိုင်အမှုထမ်းများကိုကြည့်လိုက်၏။ အားလုံး အိပ်ကောင်းဆဲပင်။ သူစားပွဲ၌ လာရောက်မေးမြန်းသော ဆိုင်လုလင်ကလေးမှာမူ အောက်ထပ်ရှိ ဂိုဏ်းသားများထဲ၌ရောက်ရှိနေဟန်တူ၏။

ကော့ဖေးဟုန်သည် သူ့အပေါ်ထပ်အခန်းထဲသို့ ဝင်လိုက်ပြီး ကွပ်ပျစ်ပေါ်တက်အိပ်လိုက်လေတော့သည်။ သူ နှစ်ခြိုက်စွာ အိပ်မျော်သွားလေ၏။

"ဆရာလေး .... ဆရာလေး"

"ဆရာလေး .... ဆရာလေး"

ကော့ဖေးဟုန် မည်မျှ အိပ်မျော်နေသည်မသိပေ။ အခန်းအပြင်မှ ဆူညံစွာခေါ်နေသံကို ကြားလိုက်ရသည်။

ကော့ဖေးဟုန်သည် အိပ်ရာမှ လူးလဲထလိုက်၏။

"ဘယ်သူလဲကွ၊ ဆူညံနေတာပဲ၊ ကမ္ဘာပျက်တာကျနေတာပဲ"

ထိုအခါကျမှ အခန်းအပြင်ဘက်မှ သက်ပြင်းချသံကြားရသည်။

"ဟင်း .... တော်ပါသေးရဲ့ .... ဆရာလေးရှိနေတာကိုး .... ကျွန်တော်တို့ဆိုင်ရဲ့စာရေးကြီးက ဆရာလေးကို နှိုးခိုင်းလိုက်လို့ပါ .... ဆရာလေးဆင်းမလာဘူးတဲ့ .... အတော်နေမြင့်နေပြီတဲ့ .... ဆရာလေးကို သွားနှိုးစမ်းလို့ခိုင်းလိုက်လို့ပါ .... "

"အေး .... မင်း .... အခု .... ငါရှိနေတာကို ဘိုးပြီမဟုတ်လား။ မင်းရဲ့စာရေးကြီးကို ပြောလိုက်စမ်းပါ။ ငါ့ကို အထူးဂရုစိုက်တဲ့အတွက်

အထူးကျေးဇူးတင်ပါတယ်လို့၊ ငါပြောတာကြားတယ်နော် .... အဲဒီ အတိုင်း မင်းပြန်ပြောလိုက် .... ငါ ကိုယ်လက်သန့်စင်ပြီး ရဲခန်းမထဲကို ဆင်းလာခဲ့မယ် .... "

"ဟုတ်ကဲ့ခင်ဗျာ .... ဟုတ်ကဲ့ .... "

ဆိုင်လုလင်ကလေး ပြေးဆင်းသွားတော့သည်။

ကော့ဖေးဟုန်သည် အေးအေးဆေးဆေးပင် ကိုယ်လက်သန့်စင်လိုက်သည်။ ပြီးမှ ခန်းမထဲသို့ ဆင်းလိုက်သည်။

ကောင်တာစာရေးက ပြုံးချိုစွာ နှုတ်ဆက်လေ၏။

"ဆရာလေးနိုးလာပြီလား .... ကျွန်တော်က စိတ်ပူလို့ ဆရာလေးကို နှိုးခိုင်းလိုက်တာပါ .... စိတ်မဆိုးပါနဲ့နော် .... "

ကော့ဖေးဟုန်သည် ကောင်တာစာရေး၏မျက်နှာကို အသေအချာကြည့်လိုက်၏။

"တယ်လည်းတတ်နိုင်တဲ့လူပဲ .... "

ကော့ဖေးဟုန်၏စိတ်ထဲမှ တွေးလိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ .... ကျုပ်က .... ကျေးဇူးတင်တဲ့ အကြောင်းကိုလည်း ခင်ဗျားရဲ့စားပွဲထိုးဆိုင်လုလင်ကလေးကို ပြောခိုင်းလိုက်ပါတယ် .... ကဲ .... ကဲ .... ကျုပ်စားဖို့သောက်ဖို့ကို ခင်ဗျားပဲ စီစဉ်ပေးပါ .... "

ကောင်တာစာရေးသည် ကော့ဖေးဟုန်အတွက် အစားအသောက်များမှာကြားပေးလေတော့၏။

ကော့ဖေးဟုန်သည် အစားအသောက်များကို စိမ်ပြေနပြေစားသောက်ရင်း ရှောင်ရီမေအား ကယ်တင်ရမည့်ကိစ္စကို စဉ်းစားနေ၏။

"ငါ အပြင်ထွက်ရမဲ့ကိစ္စရှိသေးတယ်၊ ဒီကောင်က ပုံလွှားဂိုဏ်းမှာ ဂိုဏ်းခွဲမှူးတစ်ယောက်ဖြစ်နေနိုင်တာမို့ ဒီကောင့်ကို ခိုင်းလို့တော့ မဖြစ်ဘူး .... "

ကော့ဖေးဟုန်သည် စိတ်ထဲမှ ပြောလိုက်မိ၏။

"ကဲ .... ကျွန်ုပ်အပြင်သွားဦးမယ် .... ကျုပ်အတွက် ဘာမှမပူပါနဲ့ .... ဒီမြို့မှာ ကျုပ်လေ့လာစရာတွေအများကြီးရှိသေးတယ် .... "

ကော့ဖေးဟုန်သည် ပြောပြောဆိုဆို ထရပ်ပြီး အပြင်သို့ထွက်လာလေ၏။ ဆိုင်ပြင်၌ သူမြင်းကြီး မဟူရာကို အဆင်သင့်တွေ့ရသည်။ သူသည် မြင်းကြီးကို တစ်ချက်ပုတ်လိုက်ပြီးနောက် မြင်းပေါ်သို့ တက်လိုက်၏။ ထို့နောက် ဈေးဘက်သို့ မြင်းကို ဦးတည်လိုက်လေတော့သည်။

မကြာမီ ဈေးတန်းသို့ သူရောက်ရှိလာလေ၏။ သူသည် အနီးရှိလူတစ်ဦးကို မေးမြန်းပြီး မြင်းကို အသားကျစီးလာ၏။ ဈေးထဲ၌ သူ

ဝယ်ယူလိုသည်များကို ဝယ်ပြီး အိတ်တစ်လုံးနှင့်ထည့်လာ၏။ မကြာမီ သူသည် တည်းခိုမန်းသို့ ပြန်ရောက်လာသည်။

သူသည် တည်းခိုခန်းရှေ့သို့ တည့်တည့်မတ်မတ်မသွားဘဲ တည်းခိုခန်းဘေးသို့သွားသည်။ မြင်းကြီးကို တစ်ချက်မျှ ပွတ်သပ်ပြီး ကောင်တာစာရေးစားပွဲရှိရာဘက်သို့ ဖြည်းညင်းစွာ တိုးသွားလေ၏။ နံရံခြားနေသော်လည်း ကောင်တာစာရေး၏စားပွဲနှင့်နံရံသာ ခြားသောနေရာဖြစ်သည်။

ကောင်တာစာရေး၏ ကြိတ်၍ မေးနေသောလေသံကိုကြားရသည်။

"ဟေ့ကောင်တွေ .... ဒီကောင် ဘာတွေဝယ်တယ်ဆိုတာ မင်းတို့ မသိလာဘူးလား .... ဒီတစ်ခါ ဟိုနေ့ကလွန် အမှုးလွန်နေရင်တော့ သေပြီသဘောမှတ်၊ မင်းတို့ကို အပြစ်ပေးရမယ် .... "

တီးတိုးတောင်းပန်သောလေသံတစ်သံက ....

"ဂိုဏ်းခွဲမှုးရယ် .... ဟိုနေ့ညက ကျွန်တော်တို့ အသောက်လွန်သွားလို့ဖြစ်တာပါ .... တောင်းပန်ပါတယ်ခင်ဗျာ .... အခုကျွန်တော်တို့ တာဝန်တွေကျေလာပါတယ် .... "

"ပြောမှာပြောတာမဟုတ်ဘူး .... စကားကို အကုန်မပြောဘဲနဲ့ တစ်ဝက်နဲ့ရပ်ထားတယ် .... မင်းတို့တော့ သေတော့မှာပဲ .... "

"မဟုတ်ပါဘူးခင်ဗျာ .... ကျွန်တော်တို့ ဆက်ပြောမလို့ပါ .... ဟိုကောင် ဈေးထဲသွားတာခင်ဗျ .... ဟိုကျတော့ မီးပန်းနဲ့ဗျောက်အိုးရောင်းတဲ့ဆိုင်တွေကို သူ စုံစမ်းနေတယ်ခင်ဗျ .... နောက်တော့ အဲဒီဆိုင်တွေဆီ တန်းသွားတာပဲ၊ ပစ္စည်းတွေ တော်တော်များများဝယ်သွားတယ် .... ကျွန်တော်တို့ စုံစမ်းကြည့်တော့ သူဝယ်သွားတာ ယမ်းထုပ်တွေခင်ဗ .... သူ .... ဒီဘက်ကိုပြန်တာပဲ .... သူမရောက်သေးဘူးလားခင်ဗျာ .... "

ကော့ဖေးဟုန် သဘောပေါက်သွားသည်။ သူနောက်သို့ လူနှစ်ယောက်ကို နောက်ယောင်ခံလိုက်စေခြင်းဖြစ်တော့သည်။ နှစ်ယောက်က သူတို့ စုံစမ်းခဲ့ရသည်များကို ပြန်လည်အစီရင်ခံနေခြင်းဖြစ်သည်။

"သူနောက်ကို လိုက်နေတဲ့ မင်းတို့တောင် ပြန်ရောက်လာပြီ၊ သူက ပြန်မလာသေးဘူး၊ မြို့အနောက်ဝိုင်းများ သွားနေသလားမသိဘူး၊ တော်ကြာ သူလာရင် မင်းတို့နဲ့တိုးနေဦးမယ် .... သွားကြ .... ကိုယ်ယောင်ဖျောက်ထားကြ .... ဒီကောင့်သိုင်းပညာက အတော်အဆင့်မြင့်တယ် .... "

ကော့ဖေးဟုန်သည် အသံများကိုသာ ကြားနေရခြင်းဖြစ်သည်။ လူများကိုတော့ မမြင်ရချေ။ ထို့နောက် သူသည် မြင်းကိုဆွဲပြီး ဆိုင်

ရှေ့သို့ လျှောက်လာ၏။ သူကို ကောင်တာစာရေးက လှမ်းမြင်လိုက်ရသည်။

"ဟာ .... ဆရာလေး ဘယ်တွေလျှောက်သွားနေတာလဲ ခင်ဗျ"

ကော့ဖေးဟုန်က ပြုံးလိုက်သည်။ သည်လူ၏မျက်နှာဖုံးက မလုံခြုံပါကလားဟု သူတွေးလိုက်မိသည်။

"အေးဗျာ .... ကျုပ်က မြင်းမစီးချင်လို့ အောက်ကဆင်းလျှောက်လာတာဗျ .... အများသူငါ မြို့သားတွေလိုပေါ့ဗျာ .... "

သူက ခပ်ပြုံးပြုံးပင်ပြောလိုက်ပြီး မြင်းကို ချည်တိုင်တွင် ချည်လိုက်လေ၏။ အထုပ်ကိုဆွဲလျက် ဆိုင်ထဲသို့ ဝင်လာလေ၏။

ကောင်တာစာရေးက ကိုင်ထားသည့်အထုပ်ကို တစ်ချက် ကြည့်လိုက်ပြီး ....

"ဆရာလေး ဘာတွေများဝယ်လာပါလိမ့် .... "

ကော့ဖေးဟုန်သည် ပုံလွှားဂိုဏ်းသားနှစ်ယောက်နှင့် ကောင်တာစာရေးတို့ ပြောခဲ့ကြသည့်စကားများကို ကြားခဲ့ပြီးလေပြီ။ ထို့ကြောင့် သူသည် ငြင်းကွယ်ရန် မကြိုးစားတော့ပေ။ ကော့ဖေးဟုန်က သူလက်ထဲမှ အထုပ်ကိုမြှောက်ပြလိုက်၏။

"ယမ်းထုပ်တွေလေ .... ယမ်းထုပ်တွေဗျ .... ကျုပ်က နက်ဖြန်

ပြန်တော့မယ်လေ .... ကျုပ်ဦးလေးသတင်းတွေကို ကျုပ်စုံစမ်းကြည့်တော့ ဘာသတင်းအစအနမှ မရတော့ ကျုပ်လည်း အတော်စိတ်ပျက်တယ် .... ကဲ .... ဒီယမ်းထုပ်တွေကတော့ ကျုပ်အပြန်ခရီးမှာ သုံးဖို့လေ .... ဘာတွေသုံးမှာလဲကိုတော့ မမေးနဲ့ဗျ .... ကျုပ်မဖြေနိုင်ဘူး"

ကော့ဖေးဟုန်သည် ဖြောင့်ကွယ် ကွယ်လိုက်၏။ ကောင်တာစာရေးမှာ ဘာစကားမျှမပြောနိုင်တော့ပေ။ သူမျက်နှာက ပြုံးနေသော်လည်း မျက်လုံးများကမူ ကောက်ကျစ်စဉ်းလဲနေသည်။

"ဆရာလေး .... တစ်ခုခုများ စားဦးမှာလား ခင်ဗျ .... "

"ဟာ .... မစားတော့ဘူးဗျ .... ကျုပ် မြင်းကြီးကို မြင်းစောင်းထဲထည့်ပေးပါဦး .... ကျုပ်ကတော့ ကျုပ်အခန်းကိုပဲပြန်တော့မယ်၊ နက်ဖြန်ပြန်ဖို့အတွက် ပြင်ရဆင်ရဦးမယ် .... ညစာတော့ ဆင်းစားမယ်လေ .... ကျုပ်ဆင်းလာတာနဲ့ ညစာအသင့်ဖြစ်အောင် ခင်ဗျားစီစဉ်ပေးပါဗျာ .... "

"ဟုတ်ကဲ့ပါဆရာလေး .... ဟုတ်ကဲ့ပါ"

ကော့ဖေးဟုန်သည် သူ့အခန်းဆီသို့ တက်သွားလေတော့၏။

ကောင်တာစာရေးသည် ကောက်ကျစ်စဉ်းလဲသော မျက်စိအစုံဖြင့် ကော့ဖေးဟုန်၏ကျောပြင်ကို စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။ ကောင်တာစာရေးသည် လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။ ခန်းမ

တွင် ခွဲဝေ၍ထားလိုက်လေတော့၏။

"အင်း .... ဟိုသူခိုးနှစ်ယောက်လည်း ဘယ်လိုများဖြစ်နေမလဲ တော့မသိဘူး၊ ရှောင်ရီမေကို ဝင်ကယ်ရင်း သူတို့နှစ်ယောက်အသက် ရှင်နေရင်တော့ ဝင်ကယ်ရမယ်၊ ငါလည်း ဒီမြို့မှာနေဖို့ အကြောင်းမရှိတော့ဘူး၊ ပြည်မကို ပြန်တာပဲကောင်းလိမ့်မယ် .... "

သူသည် အစီအစဉ်ချနေလေ၏။ ညသန်းခေါင်ယံတွင် သူ တိုက်ခိုက်မည်။ သိုင်းပညာရော ယမ်းထုပ်များကိုပါ သူ သုံးရလိမ့်မည်ဟု သိနေသည်။

"ကိစ္စမရှိဘူး .... ဒီကောင်တွေဟာ သိုင်းပညာစွမ်းသိပ်မရှိဘူးလို့တော့ ထင်မှတ်ရတယ် .... ညကျမှ မီးစင်ကြည့်ကရတော့မှာပဲ၊ အခုတော့ အချိန်စောင့်ဖို့ပဲရှိတယ် .... "

ကော့ဖေးဟုန်သည် ညနေအထိ အချိန်စောင့်သည်။ ညဉ့်ဦးတွင် ခန်းမထဲသို့ဝင်သည်။ အစားအသောက်စားသည်။ အစားအသောက်မစားမီ သူယမ်းထုပ်များကို လူမရှိသည့် တစ်ခန်းကျော်အခန်းထဲရှိ ကွပ်ပျစ်များအောက်တွင် သွားဝှက်ရသည်။ သူ ထမင်းဆင်းစားချိန်တွင် ပုံလွှားဂိုဏ်းသားများ သူ့အခန်းထဲသို့ ဝင်ရှာမည်ကို သူသိသည်။

ထို့ကြောင့် ရှာဖွေနိုင်မည့်နေရာအားလုံးကို ချည်မျှင်ကြိုးများဖြင့် ကပ်ထားလိုက်သည်။ ထို့နောက် အောက်ခန်းမသို့ဆင်း၍ အေး

ထဲမှ စားသောက်သူများအဖြစ် ဟန်ဆောင်နေသူနှစ်ဦးသည် အပေါ်ထပ်သို့တက်သွားဘော့သည်။ သူတို့အားစောင့်ကြည့်ရန် တာဝန်ပေးလိုက်ခြင်းဖြစ်သည်။

ကောင်တာစာရေးသည် သူ့အလုပ်များကို ဆက်လုပ်သည်။

ကော့ဖေးဟုန်ကလည်း အခန်းထဲရောက်သည်နှင့် သူဝယ်ယူလာသည့် ယမ်းထုပ်များကို တစ်ထုပ်စီ တစ်ထုပ်စီ ဆယ်ထုပ်တိတိ ခွဲထုပ်လေတော့၏။ ထိုယမ်းထုပ်များတွင် စနက်တန်များကိုလည်း တပ်သည်။ သူသည် ယမ်းထုပ်များကိုထုပ်ရင်း တွေးတောနေမိ၏။

"အင်း .... ကိစ္စမှာ ဆောင်ရွက်တဲ့နေရာမှာ ငါ့မှာ အကူအညီမရှိဘူး၊ ပြည်မမှာဆိုရင် ငါ့ကိုကူညီမဲ့သူတွေအများကြီးရှိတယ်၊ ဒီမှာတော့ တစ်ယောက်မှ မရှိဘူး .... ဒီတော့ ငါ့ကိုကူညီမဲ့သူတွေကို ရှာရတာပဲ၊ ဒီယမ်းထုပ်တွေဟာ ငါ့ကို ကူညီမဲ့သူတွေပဲ .... ငါ့ကို ကူညီမဲ့သူတွေဆိုတော့ ငါမိတ်ဆွေတွေပဲပေါ့ .... မိတ်ဆွေတွေကို ရိုရိုသေသေဆက်ဆံရမယ် .... "

သူသည် ယမ်းထုပ်များကို တရိုတသေပင် ကိုင်တွယ်လေ၏။

"ငါ့မိတ်ဆွေတွေကို ရန်လုပ်မဲ့လူတွေကများတယ်၊ ဒီရန်သူတွေက ငါ့မိတ်ဆွေတွေကို ရန်မလုပ်နိုင်အောင် တားဆီးပေးရမယ် .... "

သူသည် တွေးတောရင်း ယမ်းထုပ်များကို ကွပ်ပျစ်အောက်

အေးဆေးဆေး ထမင်းစားတော့သည်။

"ဘယ်လိုလဲ စားလို့ကောင်းရဲ့လားဆရာလေး .... "

ကောင်တာစာရေးက သူစားပွဲမှ လှမ်းမေးသည်။

"ကောင်းပါ့ဗျာ .... ကောင်းပါ့ .... ခင်ဗျားဆိုင်က အစားအသောက်အားလုံး အတော်အရသာရှိတာပဲ .... ကျွေးပြီး အမြဲအမှတ်ရနေမှာပေါ့ဗျာ .... "

ကော့ဖေးဟုန်က လွမ်းတသသဖြစ်ဟန်ဖြင့် ပြောလိုက်၏။ စိတ်တွင်းကမူ ....

"အေး .... မင်း ဘယ်လိုဟန်ဆောင်ပြောပြော .... မင်းရဲ့ မျက်နှာဖုံးအောက်က မျက်နှာအမှန်ကို နက်ဖြန်မြင်စေရမယ် .... "

ကော့ဖေးဟုန်သည် အေးဆေးစွာ စားသောက်ရင်း အခန်းထဲမှ လူများကိုကြည့်လိုက်သည်။ လူပေါင်းစုံ စားသောက်နေကြသည်။ ဤမြို့.ကလေးမှာ ဒုစရိုက်ထူပြောသော မြို့.ကလေးဖြစ်သော်လည်း သူအနေဖြင့်မူ ရန်သတ္တုပြုမှု နှစ်ကြိမ်သာတွေ့.ကြုံခဲ့ရသည်။ ထို့ကြောင့် ဤမြို့.ကလေးမှာ သူအတွက် မဆိုးလှဟု သူယူဆသည်။

"ဒါပေမဲ့ .... နက်ဖြန်တော့ ဒီမြို့.ကတော့ ပွက်လောရိုက်ကျန်နေရစ်မှာ ငါမြင်ယောင်မိသေးတယ် .... ဘာဖြစ်လို့လဲဆိုတော့ မြေအောက်ဥမင်ခန်းထားတယ်၊ နှိပ်စက်တဲ့ပစ္စည်းတွေလည်းထားတယ်၊

သူတို့ပြောစကားတွေကြားပြီး ပုံလွှားဂိုဏ်းဟာ မတရားမှုတွေလုပ်နေတဲ့ အောက်လမ်းဂိုဏ်းတစ်ဂိုဏ်းဆိုတာသိထားတဲ့နောက်တော့ ဒီဂိုဏ်းကို ဖြိုခွင်းပစ်ရမှာ ငါတာဝန်ပဲ .... "

သူသည် စားသောက်ပြီးနောက် သူအခန်းဆီသို့ ထွက်ခွာရန် ကောင်တာစာရေးကို နှုတ်ဆက်လိုက်သည်။

"သွားမယ်ဗျာ .... "

"ဟုတ်ကဲ့ပါဆရာလေး .... ဟုတ်ကဲ့ပါ"

ကော့ဖေးဟုန် သူအခန်းသို့ တက်လာလေတော့၏။

သူနောက်ကျော ပေါက်ထွက်မတတ် ကောင်တာစာရေး စိုက်ကြည့်နေမည်ကို သူသိမိလေ၏။

"ဝုန်း .... "

သူသည် တမင်ပင် သူအခန်းတံခါးကိုဆောင့်၍ ပိတ်လိုက်လေ၏။ ထို့နောက် သူအခန်း၏အနေအထားကို ရှာဖွေစစ်ဆေးလေတော့သည်။ သူထင်သည့်အတိုင်းပင် ပုံလွှားဂိုဏ်းသားများက သူအခန်းအား ဝင်ရောက်မွှေနှောက်သွားမှန်းသိလိုက်သည်။

"ဟား .... ဟား .... ဟား .... မင်းတို့လောက်မပါးရင် ငါလူမဟုတ်ဘူးကွ .... "

ကော့ဖေးဟုန်သည် နှစ်နှစ်မြို့ကြီးကြီး ပြုံးလိုက်မိလေ၏။

"ငါမိတ်ဆွေကွေ အေးအေးဆေးဆေးနေပါစေဦး .... ငါမိတ်ဆွေတွေထားတဲ့အခန်းမှာလည်း ဧည့်သည်အသစ်တွေမရောက်သေးဘူး .... ညသန်းခေါင်ယံကျမှပဲ ငါမိတ်ဆွေတွေကို သွားယူတော့မယ်"

သူသည် တီးတိုးပြောရင်း သတိဖြင့် အိပ်စက်လိုက်လေ၏။

အခန်း(၁၂)

ကံကောင်းသူကလေး

ညသန်းခေါင်ယံ ....

ကော့ဖေးဟုန်သည် သတိနှင့်အိပ်နေသဖြင့် ဆတ်ခနဲ နိုးလာသည်။ သူသည် တစ်ခန်းကျော်သို့ထသွားပြီး ယမ်းထုပ်များကို ယူသည်။ ထို့နောက် ခြေဖွနင်းပြီး အခန်းထဲမှ ထွက်လာလေတော့၏။

ထိုစဉ် ....

"ဟိတ် .... မင်းဘယ်သွားမလို့လဲ .... "

လူရိပ်နှစ်ရိပ်က သူ့အားတားဆီးလာလေ၏။

"မင်းတို့က ဘာလုပ်ချင်ကြလို့လဲ .... "

ကော့ဖေးဟုန်သည် အချိန်ကုန်မခံချင်သဖြင့် စကားကိုမထုတ်ဘဲ ထိုနှစ်ယောက်၏မေးကြောများကို စားအိမ်ဖြင့် ထိုးလိုက်သည်။

သောအခါ ဓားချက်များ လွတ်သွားသည်။

"မင်းတို့ သေချင်နေကြပြီလား"

ကော့ဖေးဟုန်သည် ဓားမထုတ်ဘဲ လက်နှစ်ဖက်ဖြင့်သာ တိုက်သည်။ တိုက်ကွက်သုံးကွက်သာ တိုက်လိုက်ရသည်။ အစောင့်နှစ်ယောက် လဲကျသွားလေတော့၏။ ကော့ဖေးဟုန်သည် အခန်းထောင့်တွင် ယမ်းထုပ်တစ်ထုပ်ချထားလိုက်၏။ ထို့နောက် ရှေ့သို့ ခပ်သွက်သွက်လျှောက်လာသည်။ အခန်းထဲတွင် မီးရောင်မှိန်မှုန်သာရှိသည်။ ယမန်နေ့ညကလို လူစုလူဝေးကြီး ရှိမနေတော့ပေ။ ထို့ကြောင့် အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ကော့ဖေးဟုန်သည် ရှောင်ရီမေအား ချုပ်နှောင်ထားသည့် အခန်းဆီသို့ လျှောက်သွားသည်။ အခန်းအရှေ့၌ အစောင့်နှစ်ယောက် ရှိနေသည်။

အစောင့်တစ်ယောက်က ....

"မင်း .... "

သူစကားမဆုံးမီ အကြောပိတ်ခံလိုက်ရသဖြင့် ဝုန်းခနဲ လဲကျသွားသည်။ ကျန်တစ်ယောက်က သူစားဆွဲထုတ်နေစဉ်မှာပင် အကြောပိတ်ခံရသည်။

"ဟား .... ဟား .... ဟား .... ငါကတော့ ဒီအခန်းထဲဝင်ရင်

"အင့် .... အင့်"

ကော့ဖေးဟုန်၏လှုပ်ရှားမှုကား စတင်လေပြီ။ လဲကျသွားသူ ပုံလွှားဂိုက်းသားနှစ်ဦးအား တစ်ချက်ကြည့်လိုက်ပြီး ယမန်နေ့ညက လှုပ်ရှားမှုမျိုး စတင်တော့သည်။ မှောင်ထဲ၌ ကိုယ်ဖော့ပညာသုံးပြီး လျှောက်သည်။ အလုပ်သမားများ၏အခန်းသို့ရောက်သောအခါ သတိထားလိုက်သည်။ သူထင်ထားသည့်အတိုင်းပင် မြေအောက်ဥမင်သို့ ဆင်းသည့်တံခါးဝ၌ အစောင့်တစ်ယောက်ရှိနေလေပြီ။ ကော့ဖေးဟုန်က ရှေ့တိုးသွား၏။

အစောင့်က ....

"ရပ်လိုက်စမ်း .... "

ကော့ဖေးဟုန်သည် စကားမပြောဘဲ လှုပ်ရှားလိုက်သည်။ အစောင့်ကို အကြောထိုးပိတ်လိုက်ရာ အစောင့်ခွေလဲကျသွားတော့၏။ ကော့ဖေးဟုန်သည် မြေအောက်ဥမင်တံခါးကို မတင်လိုက်ပြီး အောက်သို့ ဆင်းသက်လာလေ၏။

"ရွှမ်း .... ရွှမ်း"

သူဆင်းသက်လာသည့်နောက် ဓားနှစ်ချောင်းသည် တရွှမ်းရွှမ်းဖြင့် သူ့ထံသို့ ဝင်လာတော့သည်။ ကော့ဖေးဟုန် ကောင်းစွာသိသည်။ လေတိုးလာခြင်းကြောင့် ဦးခေါင်းနှင့်ကိုယ်ကို ယိမ်းနွဲ့ရှောင်တိမ်းလိုက်

အတော်ခက်မယ်လို့ ထင်ခဲ့တယ် .... ယမ်းထုပ်တွေဘာတွေနဲ့ ကြိုတင်ပြင်ဆင်လာခဲ့တယ် .... ဒီကျတော့ အစောင့်ငါးယောက်ပဲတွေ့ရတယ်၊ လွယ်လိုက်တာမှ ငှက်ပျောသီးအခွံနှာစားရတဲ့အတိုင်းပင် .... "

သူသည် သေတ်ကို ထိုးသွင်းပြီး အခန်းတံခါးကိုဖွင့်လိုက်၏။ တံခါးမှာ ရှေးဟောင်းတံခါးကဲ့သို့ လေးလံလှသည်။

"ရှောင်ရီမေ .... ရှောင်ရီမေ"

ကေဇဖေးဟုန်က တီးတိုးခေါ်လိုက်၏။

"ဘယ်သူလဲ ငါနာမည်ကိုခေါ်တာ"

အခန်းထဲ၌ မှောင်နေသဖြင့် ရိုးတိုးရိပ်တိတ်သာတွေ့ရသည်။

"ကျုပ် မင်းကိုလာကယ်တာ .... ခြေကျင်းတွေ လက်ထိတ်တွေ ခတ်ထားခံရသေးသလား .... "

"ဟင့်အင်း .... အချုပ်အခန်းထဲမှာဆိုတော့ သူတို့က ဒါတွေ မလိုဘူးဆိုပြီး ဖြုတ်သွားတယ် .... "

"လမ်းလျှောက်နိုင်သလား .... "

"လျှောက်နိုင်ပါတယ် .... "

"ဒါဖြင့်ထွက်ခဲ့ .... "

အခန်းတွင်းမှ ယိုင်နဲ့စွာထွက်လာသော မိန်းကလေးတစ်ဦး ထွက်လာလေ၏။ သူကား ရှောင်ရီမေပေတည်း။

ကေဇဖေးဟုန်က အခြေအနေကိုရှင်းပြလိုက်၏။

"ဟိုနေ့ညက ခင်ဗျားကို စစ်ဆေးနေစဉ်တုန်းက ကျုပ်ဟာ ဒီအခန်းထဲကို တိတ်တဆိတ်ရောက်နေလို့ အခြေအနေတွေအားလုံး သိပြီးပါပြီ .... ဒါကြောင့် ခင်ဗျားကို လာကယ်တာပါ .... "

ရှောင်ရီမေက နှမ်းလျစွာပြောသည်။

"ကျေးဇူးတင်ပါတယ် .... "

ထိုစဉ် ....

"ဟား .... ဟား .... ဟား .... ကျေးဇူးတင်စောမနေနဲ့ဦး.... မင်းလာကယ်တာ ငါတို့က ဒီအတိုင်းကြည့်နေမတဲ့လား .... "

ကေဇဖေးဟုန် ချာခနဲလှည့်ကြည့်လိုက်ရာ ပုံလွှားဂိုဏ်းချုပ်ကို တပည့်တပန်း လက်အောက်ငယ်သားပုံလွှားဂိုဏ်းသားများနှင့်အတူ တွေ့လိုက်ရသည်။ ထိုအထဲ၌ ခက်ထန်ကြမ်းကြုတ်သောမျက်နှာထား နှင့် ကောင်တာစာရေးကိုလည်းတွေ့ရသည်။ သူကတော့ ဘာမျှ မပြောပေ။ သူ့ရှေ့၌ ပုံလွှားဂိုဏ်းချုပ်ကြီး ရှိနေသည်မဟုတ်ပါလား။

"ဩ .... ခင်ဗျားက အဝိုင်ပဲကိုး .... ကျုပ်တို့ကခင်ဗျားကို ကြောက်နေတယ်ထင်သလား .... "

ကေဇဖေးဟုန်က ဓားကိုဆွဲထုတ်လိုက်၏။ ထိုစဉ် ကောင်တာ စာရေးက ဂိုဏ်းချုပ်ကြီးအနီးသို့ကပ်ပြီး တီးတိုးပြောသည်။

ပုံလွှားဂိုဏ်းချုပ်ကြီးက ....

"မင်းကို ငါတို့က မျက်ခြေမပြတ် စောင့်ကြည့်နေတာကွ၊ မင်း ဘာလုပ်ရှာနိုင်မှာလဲ .... "

"ကျုပ် ဘယ်လောက်လုပ်ရှားနိုင်တယ်ဆိုတာ ခင်ဗျားကြည့် ပေါ့ .... "

ကော့ဖေးဟုန်သည် လူအုပ်ထဲသို့ လွှားခနဲ ခုန်ဝင်ပြီး တိုက်ခိုက် လေတော့၏။ ပုံလွှားဂိုဏ်းချုပ်ကြီးကမူ ဘေးသို့ရှောင်ပေးပြီး တိုက်ပွဲ ကို ကြည့်သည်။ ပုံလွှားဂိုဏ်းသားများသည် တဖိုင်းဖိုင်းလဲကျသွား၏။

ရှောင်ရီမေကလည်း လဲကျနေသော ဂိုဏ်းသားတစ်ဦး၏မား ကို ကောက်ယူကာ ကော့ဖေးဟုန်နှင့်အတူ ရဲရဲဝံ့ဝံ့တိုက်ခိုက်လေ၏။

ထိုစဉ် ကော့ဖေးဟုန်သည် ကောင်တာစာရေးနှင့် ရင်ဆိုင်မိ လေ၏။

"မင်းဘာလုပ်နိုင်မှာလဲ .... "

ကောင်တာစာရေးကပြော၏။

"မင်းကော ဘာလုပ်နိုင်မှာလဲ၊ ဒီဂိုဏ်းမှာ မင်းဟာဂိုဏ်းခွဲမှူး တစ်ယောက်ဆိုတာ ငါ သိထားတာကြာပြီ၊ မင်းအသက်ကို မင်း ကာကွယ်နိုင်ရင် ကာကွယ်တော့ .... "

"မင်းကိုလည်း ငါတို့က အလွတ်မခေးဘူးကွ .... "

"ရှမ်း .... "

ကောင်တာစာရေးသည် ပြင်းထန်စွာတိုက်ခိုက်လေတော့၏။ ကော့ဖေးဟုန်ကဲ့သို့ မဟာထူက သိုင်းကျမ်းကို တတ်မြောက်ထားသူ အား သူ အဘယ်မှာလျှင် ယှဉ်ပြိုင်နိုင်ပါမည်နည်း။

"ရှမ်း .... "

"အား .... "

ကောင်တာစာရေး လဲကျသေဆုံးသွား၏။ ပုံလွှားဂိုဏ်းတစ်ခု လုံး ပြိုဆင်းလာသည်။ သို့သော် သွက်ပင်များကဲ့သို့သာ အတုံးအရုန်း လဲကျနေကြ၏။ ကော့ဖေးဟုန်သည် ပုံလွှားဂိုဏ်းချုပ်ကိုကြည့်လိုက် သောအခါ မရှိတော့ပေ။ သူသည် ရှောင်ရီမေကိုလည်း လှမ်းကြည့်လိုက် ၏။ ရှောင်ရီမေလည်း မရှိပြန်ပေ။

ကော့ဖေးဟုန် ပြုံးလိုက်ပြီး ယမ်းထုပ်တစ်ထုပ်ဆွဲထုတ်ကာ စနက်တန်ကို မီးရှို့လိုက်၏။

"မင်းတို့ပြေးကြစမ်း .... ပြေးနိုင်သူမှ လွတ်မယ်ဟေ့ .... "

ကော့ဖေးဟုန်သည် ယမ်းထုပ်ကို လူအုပ်ထဲ ပစ်လွှတ်လိုက် ၏။ သူကတော့ အကာအကွယ်ယူသည်။

မကြာမီ ....

"ဝုန်း .... "

ဆူညံစွာအော်ဟစ်သံများ ထွက်ပေါ်လာသည်။ ပုံလွှားဂိုဏ်းသားအများစုသည် အလဲအကွဲပြေးထွက်သွားကြ၏။

ကော့ဖေးဟုန် ပြုံးလိုက်သည်။ အခန်းထဲ၌ လှည့်ပတ်ရှာဖွေပါသော်လည်း ညဉ့်လူသူနှိုးနှစ်ယောက်ကို မတွေ့ရတော့ပေ။ သူသည် မြေအောက်ခန်းထဲမှ ပြေးထွက်သွားသည်။ သူ ယခင်က ထောင့်၌ချထားသည့် ယမ်းထုပ်စနက်တန်ကို သူ မီးရှို့လိုက်ပြီး အပေါ်မြေညီထပ်သို့ ထွက်ပြေးလေ၏။

အပေါ်ထပ်ခန်းမထဲတွင် ပုံလွှားဂိုဏ်းချုပ် ရီကျောက်နှင့် ရှောင်ရီမေတို့နှစ်ဦး အပြင်းအထန် တိုက်ခိုက်နေကြသည်။ ပုံလွှားဂိုဏ်းသားများကား ယမ်းအထုပ်များကို ကျော်ပြီး ထွက်ပြေးသွားကြလေပြီ။

"ဝုန်း .... "

မြေအောက်ဥမင်တံခါးထိပ်မှ ယမ်းထုပ်ပေါက်ကွဲသည့်အသံပေတည်း။ စားသောက်ခန်းမတုန်လှုပ်သွားသည်။ ရှောင်ရီမေကား အံကြိတ်ပြီး တိုက်ခိုက်နေတော့ သွေးကလဲစားပေတည်း။

"ဒီနေ့ဟာ ရှင့်သေနေ့ပဲ၊ ဒီနေ့ကို ကျွန်မစောင့်နေတာကြာပြီ"

"ဟား .... ဟား .... ဟား .... မင်းပညာလေးလောက်နဲ့ ငါ့ကို သတ်နိုင်မလား။ မင်းကိုယ်မင်းသာမသေအောင် ခုခံစမ်းပါ"

တရှိုးရှိုး တရွမ်းရွမ်းနှင့် တိုက်ခိုက်သံများသာ ပုံးလွှမ်းနေသည်။

ကော့ဖေးဟုန်ကြည့်လိုက်သောအခါ အမှန်တကယ်ပင် ရှောင်ရီမေ၏ သိုင်းပညာမှာနှင့်နေသည်။ သူ၌ ဖခင်အတွက် လက်စားချေလိုသော စိတ်ဓာတ်သာရှိသည်။ နှစ်ဆက်မပြည့်စုံဘဲ အဘယ်မှာလျှင် ပုံလွှားဂိုဏ်းချုပ်ရီကျောက်ကို အနိုင်တိုက်နိုင်ပါမည်နည်း။

ကော့ဖေးဟုန် ကူညီမှုရပေတော့မည်။ သို့သော် နှစ်ယောက်နှင့် တစ်ယောက်လည်း ဝင်မတိုက်လိုပေ။ ထို့ကြောင့် ပုံလွှားဂိုဏ်းချုပ် စိတ်ဓာတ်ချောက်ချားရန် သူပြောဆိုရပေတော့မည်။

"ခင်ဗျားမသိလို့ ခင်ဗျားသိအောင် ကျုပ်ပြောပြရဦးမယ်၊ ကျုပ်ဟာ ယမ်းထုပ်ဆယ်ထုပ်ဝယ်ခဲ့တယ် .... အခု နှစ်ထပ်ဖောက်ပြီးပြီပဲ၊ ရှစ်ထုပ်ကျန်သေးတယ် .... အဲဒီရှစ်ထုပ်ကို ဘယ်မှာချထားတယ်ဆိုတာ ခင်ဗျားသိသလား .... "

ပုံလွှားဂိုဏ်းချုပ်သည် တိုက်ခိုက်နေရာမှ ပြန်ပြောလေ၏။

"ဘယ်မှာချထားသလဲ .... "

"ဒီအခန်းပတ်လည်မှာပဲ ဒီယမ်းထုပ်တွေကို စနက်တန်ရှည်ရှည်နဲ့ ကျုပ်ချထားခဲ့တာ .... အခု ကျုပ် သူ့ကိုခေါ်ပြီး ထွက်ပြေးတော့မယ် .... "

"ဘာ .... "

ရိကျောက်သည် ရှောင်ရီမေကိုတိုက်ခိုက်ပြီးသည်နှင့် ကော့ဖေးဟုန်နှင့် တိုက်ခိုက်ရမည်ကိုသိနေ၏။ သူ့အဖို့ လွတ်လမ်းမလွယ်ပါ။ ထိုစကားကိုကြားသောအခါ သူ ထိတ်လန့်သွားသည်။

"ဒါ .... ဒါဖြင့်"

သူသည် တစ်ကွက်ဟာသွားလေ၏။ ကော့ဖေးဟုန်၏တိုက်စစ်ကို သူ မသိလိုက်ပေ။ ထိုစဉ်မှာပင် ရှောင်ရီမေ၏ဓားသည် သူ့ကို ထိုးဖောက်သွားတော့သည်။

"အား .... "

ပျံလွှားဂိုဏ်းကြီး ပျက်စီးသွားပေပြီ။

တော်တော်နှင့် နလံထူနိုင်တော့မည် မဟုတ်ပေ။

စာစဉ်(၁)ပြီး၏။

စာစဉ်(၂)ကိုဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်